ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့၊ ကြာသပတေးနေ့၊ (26-11-2015) (၈၃၉၆)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပဌမတွဲ၊ မေတ္တသုတ်-၄၄၃။)

# အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေ ကန်ဒေါ်လာ သန်း ၈၀ ဖြင့် ရန်ကုန်လျှပ်စစ်ဓာတ်အားလိုင်းကွန်ရက် အဆင့်မြှင့်တင်မည်

ရန်ကုန် နိုဝင်ဘာ ၂၅

သုတ

ပြည်သူတစ်သန်းကျော်အား အကျိုးပြုမည့် ရန်ကုန်မြို့တော်၏ လျှပ်စစ်ဓာတ်အားလိုင်းစနစ်ကို ၂၃၀ ကေဗွီစနစ်အဖြစ် အဆင့်မြှင့်တင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)က ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၈၀ ပံ့ပိုးကူညီလိုက်ကြောင်း ADB ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သက်တမ်းကြာမြင့်နေပြီး လျှပ်စစ်ဓာတ်အား မတန်တဆပို့လွှတ်နေရသည့် လျှပ်စစ်ဓာတ်အားကွန်ရက်ကို တိုင်းပြည်၏စီးပွားရေးတိုးတက်မှုရည်မှန်းချက်များနှင့် ဆင်းရဲမှုလျှော့ချရေးဦးတည်ချက်များကို အထောက်အကူပြုမည့် ပြတ်တောက်မှုမရှိသော ဓာတ်အားထောက်ပံ့ပေးနိုင်ရန်အတွက် အရေးတကြီး အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း ADB အရှေ့တောင်အာရှဌာနမှ အကြီးတန်း စွမ်းအင်စီးပွားရေးပညာရှင် ဘူဒေသန်က ပြောကြားသည်။ "ရန်ကုန်မြို့တော်က မြန်မာနိုင်ငံအတွက် စီးပွားရေးအချက်အချာနေရာတစ်ခုအဖြစ် အရေးပါတဲ့ အခန်းကဏ္ဍကပါဝင်နေပြီး ဒီအကူအညီက ရန်ကုန်မြို့တော်နဲ့ ပတ်ဝန်းကျင်ဒေသတွေကို

စာမျက်နှာ ၈ ကော်လံ ၁ သို့



နှုန်းရှင်ငွေလဲလှယ်နှုန်းအဖြစ် သတ်မှတ်လဲလှယ်နိုင်ခဲ့တာဟာ နိုင်ငံတော်ရဲ့ အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုပဲ ဖြစ်ပါတယ်

စာမျက်နှာ - ၇

စစ်ကိုင်းပညာရေးတက္ကသိုလ်မှ အထူးချွန်ဆုံး ဘီအီးဒီကျောင်းသူတစ်ဦးအား ဆရာကြီး ဒေါက်တာဦးသန်းဦး ရွှေတံဆိပ်ဆုချီးမြှင့်

စာမျက်နှာ - ၈

ဆုံးပါးသွားခဲ့ပေမယ့်လည်း ရေးသားခဲ့သော စာပေများစွာ ရှင်သန်ထုတ်ဝေနေဆဲရှိနေတဲ့ လူထုဒေါ်အမာ

စာမျက်နှာ - ၈

# ဆိပ်ကမ်းလုပ်ငန်းများဆောင်ရွက်ရာတွင် ပုဂ္ဂလိကက ၈၀ ရာခိုင်နှုန်းကျော် ပါဝင်ဆောင်ရွက်နေ



ရန်ကုန်မြို့ အလုံမြို့နယ်ရှိ Asia World ဆိပ်ကမ်းကို တွေ့ရစဉ်။

ရန်ကုန် နိုဝင်ဘာ ၂၅

ဆိပ်ကမ်းများ၏ ဝန်ဆောင်မှုလုပ်ငန်းကို ပုဂ္ဂလိကသို့ B.O.T စနစ်ဖြင့် ဆောင်ရွက်စေလျက်ရှိရာတွင် ရန်ကုန်ဆိပ်ကမ်း၏ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအား ပုဂ္ဂလိကက ၈၀ ရာခိုင်နှုန်းကျော် ပါဝင်ဆောင်ရွက်နေပြီး အစိုးရက ၁၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်လျက်ရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ သိရသည်။

ယခင် ၁၉၉၅ ခုနှစ်မတိုင်မီက ဆိပ်ကမ်းလုပ်ငန်းများကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ဆောင်ရွက်ခဲ့သော်လည်း ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင် ဆိပ်ခံတံတားများအား ပုဂ္ဂလိကသို့ စတင်လုပ်ဆောင်စေခဲ့ရာ ၁၉၉၆ ခုနှစ်တွင် MITT ဆိပ်ကမ်း၊ Asia World ဆိပ်ကမ်းနှင့်MPA ALLIED ကုန်းတွင်း ကုန်သေတ္တာစခန်းများအား လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် MIPL ဆိပ်ကမ်းအားလည်းကောင်း၊ ၂၀၀၃ ခုနှစ်တွင် MIP ဆိပ်ကမ်းအားလည်းကောင်း B.O.T စနစ်ဖြင့် ပုဂ္ဂလိကသို့ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများအား လုပ်ဆောင်စေခဲ့ခြင်းဖြစ်သည်။

ယင်းသို့ ပုဂ္ဂလိကအား လုပ်ဆောင်စေခဲ့ရာတွင် ၂၀၁၅ ခုနှစ်အထိ ပုဂ္ဂလိကက ကဏ္ဍ၏ ပါဝင်လုပ်ဆောင်မှုမှာ ၈၂ ရာခိုင်နှုန်းဖြစ်ပြီး အစိုးရက ၁၈ ရာခိုင်နှုန်းခန့် ဆောင်ရွက်နေသည်ဟု သိရသည်။

စာမျက်နှာ ၈ ကော်လံ ၄ သို့



ကြေးမုံ စာတည်းရှုထောင့် — ၂၆-၁၁-၂၀၁၅၊ ကြာသပတေးနေ့

## မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်

ယနေ့သည် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ဖြစ်သည်။ တန်ဆောင်မုန်းလပြည့်နေ့တွင် တန်ဆောင်တိုင်ပွဲတော်ကို သီတင်းကျွတ်ပွဲတော်ကဲ့သို့ ကျင်းပကြသည်။ သို့သော် သီတင်းကျွတ်မီးထွန်းပွဲတော်ကဲ့သို့ ဆီမီးပူဇော်သည့်ပွဲသဘင်မဟုတ်သော်လည်း တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းခြင်းမှာအဓိကပွဲဖြစ်သည်။ ထို့အပြင်ပျော်ပွဲရွှင်ပွဲများ၊ မီးပုံးပျံလွှတ်ပွဲများ၊ အလှူမင်္ဂလာ ဈေးရောင်းပွဲများ ကျင်းပကြသည်။ အနှစ်သာရမှာ ကထိန်ပွဲကျင်းပသည့် လရာသီဖြစ်သည်။

ကထိန်သင်္ကန်းလှူဒါန်းပွဲကို သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ ယနေ့တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်း၌သာ ခင်းကျင်းခွင့်ရသဖြင့် တန်ဆောင်မုန်းလ တစ်လအတွင်း နိုင်ငံတစ်ဝန်းရှိမြို့ရွာများ၌ ကထိန်အလှူပွဲများကို စည်ကားသိုက်မြိုက်စွာကျင်းပကြသည်။ ထို့ကြောင့် မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင်ဟု ခေါ်ဆိုကြဟန်တူသည်။

ထိုကာလသည် ထူးကဲမွန်မြတ်လှသည်။ ကထိန်ခင်းပြီးသော ရဟန်းတော်တို့ အကျိုးတရားငါးပါးခံစားခွင့်ရှိပြီး သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် သင်္ကန်းကာလဟု ခေါ်ဆိုကြသည်။ ထိုသို့အချိန်အခါဖြင့် လှူဒါန်းကြရသဖြင့် ကာလဒါနဟု ခေါ်ဆိုကြသည်။

မြန်မာတို့သည် အလှူဒါနထက်သန်သူများဖြစ်ရာ အစဉ်လှူဒါန်းမှုအစုစုတို့တွင် မည်သည့်အလှူဖြစ်သည်ကိုလည်း သိဖို့လိုသည်။ အလှူဒါနအမျိုးမျိုးတွင် သဒ္ဓါဒါန၊ သက္ကစ္စဒါန၊ ကာလဒါန၊ အနုဂ္ဂဟိတဒါန၊ အနုပဟစ္စဒါန ဟူသည့်ဒါနငါးမျိုးသည် သူတော်ကောင်းတို့၏ အလှူဖြစ်သည်။ ထို့ကြောင့် ကထိန်သင်္ကန်းကပ်လှူခြင်းသည် မွန်မြတ်သည့် ကာလဒါနအလှူဖြစ်သည်။

လှူဖွယ်ပစ္စည်းတို့ကို အချိန်ကာလနှင့်လျော်ညီစွာ လှူဒါန်းခြင်းဖြစ်သည်။ ထိုသို့လှူဒါန်းသူသည် ဖြစ်လေရာဘုံဘဝတို့၌ ပစ္စည်းဉစ္စာကြွယ်ဝချမ်းသာခြင်း၊ များသောအသုံးအဆောင်များရှိခြင်း၊ အချိန်ကာလနှင့်လျော်ညီစွာ အကျိုးတရားများစွာ ရရှိနိုင်ခြင်း၊ လိုအပ်သောအချိန်၌ လိုအပ်သောပစ္စည်းများကို ရရှိတတ်သည့် အကျိုးထူးများကို ပိုင်ဆိုင်နိုင်ပါသည်။

လူတို့သည် အချိန်အခါမရွေး လှူဒါန်းမှုများပြုတတ်ရာ ကောင်းသော အကျိုးစည်းစိမ်ဉစ္စာတို့ကို ရရှိနိုင်သော်လည်း လိုအပ်သောအချိန်၌ လိုအပ်သောပစ္စည်းကို မရတတ်သူများလည်းရှိသည်။ လိုအပ်သောအချိန်တွင် လိုအပ်သောပစ္စည်းအား ရရှိခြင်းကို "လိုတရ"ဟူ၍ပင် ထူးထူးဆန်းဆန်းဆိုနိုင်သည်။ ထို့ကြောင့် ထူးခြားသော ကာလဒါနလှူဒါန်းနိုင်မှုအခွင့်အရေးကို ယခုတန်ဆောင်မုန်းလအလှူများက ညွှန်းဆိုပြသနေပါသည်။

စည်းစိမ်ဉစ္စာများပြားသော်လည်း မတူကွဲပြားခြင်း၊ လိုအပ်ချက်များရှိနေခြင်းမှာ ထိုကာလဒါနအလှူမျိုးကို ရွေးချယ်မလှူခဲ့သောကြောင့် ဖြစ်သည်။ ကထိန်သင်္ကန်းအလှူ လှူဒါန်းရာတွင် အများတန်းတူ လှူတန်းမှုပြုကြသည်ကိုလည်းတွေ့ရသည်။ ကထိန်သင်္ကန်းလှူဒါန်းမှုကို လူတို့ကသာလှူဒါန်းမှုပြုကြသည်။အမှန်တကယ်တွင် ကထိန်သင်္ကန်းလှူဒါန်းနိုင်သော ပုဂ္ဂိုလ်များမှာ နတ်ပြဟ္မာ၊ လူဝတ်ကြောင်၊ ရဟန်းယောကျ်ား၊ ရဟန်းမိန်းမ၊ သာမဏေယောကျ်ား၊ သာမဏေမိန်းမ၊ သိက္ခမာန်ပုဂ္ဂိုလ် ခုနစ်မျိုးပါဝင်သည်ကို ဗဟုသုတအလို့ငှာ မှတ်သားသင့်သည်။

တန်ဆောင်တိုင်ပွဲတော်သည် ဘာသာရေးကိုအခြေခံသောပွဲတော်ဖြစ်သလို မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများကို ဖော်ထုတ်သောပွဲတော်လည်းဖြစ်သည်။ အေးမြသည့် ဟေမန္တဆောင်းကာလတွင် နက္ခတ်တာရာများစုံလင်နေသဖြင့် ယနေ့တန်ဆောင်မုန်းလပြည့်နေ့ညကို ဆေးပေါင်းခသောညဟုလည်း တင်စားခေါ်ဝေါ်လေ့ရှိကြသည်။ ဆယ့်နှစ်လရာသီကာလ၏ အလယ်ကာလလည်းဖြစ်၍ မြန်မာတို့၏ နှစ်တစ်နှစ်ကို ကောင်းမှုကုသိုလ်များ လွှမ်းခြုံနိုင်ရန်အတွက် အချိန်အခါကောင်းဖြစ်သည်။

ယခု ၁၃၇၇ ခုနှစ်သည် မည်သည့်နှစ်နှင့်မျှမတူသည့် ထူးခြားလေးနက်သည့် နှစ်တစ်နှစ်ဖြစ်သည်ကိုလည်း အားလုံးအသိပင်ဖြစ်သည်။ ထိုနှစ်ထိုအလယ်ကာလမှစတင်၍ မြန်မာတစ်ပြည်လုံးကောင်းမှုများ လွှမ်းခြုံနိုင်စေရန်အတွက် ဤကုသိုလ်တရားများ ဆတက်ထမ်းပိုးတိုးပွားအောင် ဆောင်ယူခြင်းဖြင့် မြန်မာတို့၏ လူ့ဘောင်လောက သာယာချမ်းမြေ့စေမည်ဟု ယုံကြည်ပါသည်။ ။

## အမှတ်(၂)လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ စုပေါင်းသွေးလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ နိုဝင်ဘာ ၂၄ ရက်က အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ် မြဝင်းဦးဆောင်သော လုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေး လှူဒါန်းခဲ့ကြသည်။

စုပေါင်းသွေးလှူဒါန်းရာတွင် သဃ်န်းကျွန်း စံပြဆေးရုံကြီး၌ အမျိုးသားသွေးဌာန၌ အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၁၀ ဦး၊ အမှတ်(၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ အမှတ်(၆)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၂၅ ဦး၊ မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ အမှတ်(၈)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၅ ဦး၊ ထို့အပြင် မော်လမြိုင် ပြည်သူ့ဆေးရုံကြီးတွင် အမှတ်(၁၅)လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ ဘားအံပြည်သူ့ဆေးရုံကြီး၌ အမှတ် (၂၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင် ၃၀၊ မိသားစုဝင် နှစ်ဦး၊ အမှတ်(၂) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ ရဲတပ်ဖွဲ့ဝင်တို့ စုပေါင်းသွေးလှူဒါန်းခဲ့သည်။



ယခုကဲ့သို့ စုပေါင်းသွေးလှူဒါန်းခြင်းအပြင် အရေးပေါ်သွေးလိုအပ်ပါက နီးစပ်ရာလုံခြုံရေး ရဲတပ်ဖွဲ့ခွဲများသို့ ဆက်သွယ်၍ သွေးလက်ခံရယူနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**



## ပိုလီယိုကာကွယ်ဆေးအသစ် ထည့်သွင်းထိုးနှံခြင်းဆိုင်ရာ အသိပညာပေး

**ကောလင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ ပိုလီယိုပုံမှန်ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွင် ကာကွယ်ဆေးအသစ်များ Inactivated Polio Vaccine(IPV) စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်း အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၂၄ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဇာတိမာန်ခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဌ ဦးရဲမြတ်တင့်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီးဒေါက်တာခင်မောင်သန်းက ပိုလီယိုကာကွယ်ဆေးအသစ်များ စတင်ထိုးနှံခြင်းလုပ်ငန်းများအကြောင်းကို အသိပညာပေး ဟောပြောသည်။

ပိုလီယိုကာကွယ်ဆေးအသစ်များ(IPV) စတင်ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်မှ ၂ ရက် ထိ ကျေးရွာများသို့ ကွင်းဆင်းထိုးနှံပေးမည်ဖြစ်ပြီး ပုံမှန် ငါးမျိုးစပ်ကာကွယ်ဆေးထိုးနေသော ကလေးများထဲမှ ဒုတိယအကြိမ် ထိုးနှံရမည့်ကလေးအား တစ်ကြိမ်တည်း ထည့်သွင်းထိုးနှံပေးမည်ဖြစ်ကြောင်းသိရသည်။

**အောင်ကျော်စိုး(ကောလင်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်(ရွှေဈေး) ၇၅၃၈၀၀ - ၇၅၄၈၀၀၊ မန္တလေး(ရွှေဈေး) ၇၅၃၅၀၀ - ၇၅၄၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၈၀/၆၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၇၅၀/၇၇၀ ကျပ်၊ | ၈၅၀/၉၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၅၀/၆၇၀ ကျပ်၊ | ၇၄၀/၇၅၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၀ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၅.၆ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၃.၄၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၃၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၉.၄၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၆၀၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၀၆၁.၅ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃.၄၇ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၄.၁၈ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၄.၂၅ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ပုလဲမြို့နယ် အကျိုးပြုကျေးရွာများသို့ ကျေးရွာသုံးစိုက်ခင်းဧက ၃၅၀ လွှဲပြောင်းပေးအပ်

**ပုလဲ နိုဝင်ဘာ ၂၅**

ပုလဲမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနက စိုက်ပျိုးထားသော ကျေးရွာသုံးစိုက်ခင်း ဧက ၃၅၀ အား အကျိုးပြုကျေးရွာများဖြစ်သည့် ရှားတော၊ ကျည်းပင်နှင့် ပိတောက်ကုန်း(တောင်) ကျေးရွာများသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ၂၃ ရက်က လဲကန်ကြိုးဝိုင်းအကွက်(၂၅)၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအေးထွန်းက ကျေးရွာစိုက်ခင်းကြီးကြပ်မှုကော်မတီဝင်များနှင့် ဒေသခံပြည်သူများအား စိုက်ခင်းလွှဲပြောင်းပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး စိုက်ခင်းအမှတ်(၁/၂၀၀၉) ၁၂၅ ဧကအား ရှားတောကျေးရွာသို့လည်းကောင်း၊ စိုက်ခင်းအမှတ်၁/၂၀၁၀ ၁၂၅ ဧကအား ကျည်းပင်ကျေးရွာသို့လည်းကောင်း၊ စိုက်ခင်းအမှတ်၂/၂၀၁၀ ဧက ၁၀၀ အား ပိတောက်ကုန်း(တောင်) ကျေးရွာသို့လည်းကောင်း လွှဲပြောင်းသည့် စာရွက်စာတမ်းများကို ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများက လက်ခံရယူခဲ့သည်။

**မင်းခန့်စိုး(ဇေယျာမြေ)** ❒

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ



# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေးနှင့် ညစာစားပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၅**

ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ဘန်ကောက်မြို့ရှိ Siam Kempinski Hotel Chandra ခန်းမ၌ကျင်းပသော 16th ASEAN Chiefs of Army Multilateral Meeting (ACAMM-16)အစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် တီရချိုင်း နာဝမ်နစ်က ကြိုဆိုနှုတ်ခွန်းဆက်ခြင်းနှင့် အဖွင့်အမှာစကားပြောကြားပြီးနောက် အစည်းအဝေးတက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။**(အပေါ်ပုံ)**

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဘရူနိုင်းတော်ဝင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ကမ္ဘောဒီးယားတော်ဝင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ အင်ဒိုနီးရှားနိုင်ငံ ကြည်းတပ်ဦးစီးချုပ်၊ လာအိုပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ်၊ မလေးရှားတပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ဖိလစ်ပိုင်တပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ စင်ကာပူတပ်မတော် ကြည်းတပ်ဦးစီးချုပ်၊ ဗီယက်နမ်ပြည်သူ့တပ်မတော် ဒုတိယစစ်ဦးစီးအရာရှိချုပ်တို့ တက်ရောက်ကြသည်။

ACAMM-16 အစည်းအဝေး၌ "THE READINESS OF ASEAN ARMIES IN RERPONSE TO CHALLENGES IN THE NEXT FIVE YEARS" ခေါင်းစဉ်ပါ အကြောင်းအရာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြကာ အာဆီယံကြည်းတပ်ဦးစီးချုပ်များက အလွတ်သဘော ဆွေးနွေးကြပြီး သဘာပတိ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်က အစည်းအဝေးနိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကြည်းတပ်ဦးစီးချုပ်က ၂၀၁၆ ခုနှစ်အတွင်း 17th ASEAN Chiefs of Army Multilateral Meeting(ACAMM-17)နှင့် 26th ASEAN Armies Rifle Meet (26th AARM)အစည်းအဝေးများ လက်ခံကျင်းပမည့် ဖိလစ်ပိုင် တပ်မတော် ကြည်းတပ်ဦးစီးချုပ်ထံ တာဝန်လွှဲပြောင်းပေးအပ်ခဲ့ပြီး အစည်းအဝေးကို ညနေ ၅ နာရီ ၁၀ မိနစ်တွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

နိုဝင်ဘာ ၂၃ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် ခေတ္တအခြေပြုရာ Siam Kempinski Hotel၊ Chandra ခန်းမ၌ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ်နှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော ACAMM -16 ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

**(မြဝတီ)**

# သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၇။)

**၁၃၇၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်**
**( ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဠ)နှင့် ပုဒ်မ ၁၉ တို့တွင် ပါရှိသော "သွေးဘဏ်ငယ်"ဆိုသည့် စကားရပ်ကို "သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်" ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (ပ) တွင် ပါရှိသော "ပြည်နယ်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်"ဆိုသည့် စကားရပ်ကို "တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခရိုင်နှင့် မြို့နယ်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -
"၁၀။ပုဂ္ဂလိကသွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ်ကို တည်ထောင်ဖွင့်လှစ်လိုသူသည် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသောဌာနသို့ လျှောက်ထားရမည်။"

၅။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၁၁ နှင့် ပုဒ်မ ၁၂ တို့တွင် ပါရှိသော "အဖွဲ့အစည်း သို့မဟုတ်" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ သွေးနှင့်သွေးပစ္စည်းများဆိုင်ရာဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်းအစားထိုးရမည်။
"၂၉။ အစိုးရဌာန၊ အဖွဲ့အစည်းနှင့် ကြက်ခြေနီအသင်းတို့သည် သွေးဘဏ် သို့မဟုတ် သွေးဘဏ်ငယ် တည်ထောင်ဖွင့်လှစ်လိုလျှင် လိုင်စင်လျှောက်ထားရန်မလိုဘဲ ကော်မတီ၏ခွင့်ပြုချက်ဖြင့် တည်ထောင်ဖွင့်လှစ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာနိုင်ငံ မီဒီယာလောကအတွက် လွတ်လပ်၍အမှီအခိုကင်းသော အခွင့်အလမ်းနှင့်ဖွံ့ဖြိုးမှုဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

" Myanmar's Media development – Opportunities for a free and independent Media" High-Level Media Dialogue အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပသည်။**(ယာပုံ)**



အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီနိုင်ငံသံအမတ်ကြီး H.E. Mr. Weber Lortsch ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ၊ ဂျာမနီနိုင်ငံအခြေစိုက် ရုပ်သံဌာန DW Akademie ၏ International Broadcaster မှ Mr. Peter Limbourg နှင့် တာဝန်ရှိသူများ၊ ပုံနှိပ်မီဒီယာ၊ ရုပ်သံမီဒီယာနှင့် အွန်လိုင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေက "မြန်မာနိုင်ငံအနေဖြင့် လွတ်လပ်ပြီး အမှီအခိုကင်းသည့် မီဒီယာကဏ္ဍဆီသို့ ဦးတည်ပြောင်းလဲလျှောက်လှမ်းလာခဲ့သည်မှာ သုံးနှစ်ကျော်ကာလသို့ ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အစိုးရပိုင်မီဒီယာများကို ဒီမိုကရက်တစ်နိုင်ငံ အခင်းအကျင်းနှင့် လျော်ညီသော အများပြည်သူ့ဝန်ဆောင်မှုမီဒီယာအဖြစ် ပြောင်းလဲရန် ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အတူ ပုဂ္ဂလိကမီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းများ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာရေးနှင့် မီဒီယာဥပဒေ ပူးပေါင်းရေးဆွဲရေးများကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတကာစံများနှင့်အညီ မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်လာနိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့ အစည်းများ၊ မီဒီယာပညာရှင်များ၏ အကြံဉာဏ်ရယူ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဂျာမနီသံအမတ်ကြီးနှင့် ဂျာမနီနိုင်ငံအခြေစိုက်ရုပ်သံဌာန DW Akademie ၏ International Broadcasterမှ Mr. Peter Limbourg တို့က မြန်မာ့မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်တွင်းရုပ်သံမီဒီယာဌာန၊ ပုံနှိပ်မီဒီယာ၊ အွန်လိုင်းမီဒီယာများမှ တာဝန်ရှိသူများက လွတ်လပ်၍ အမှီအခိုကင်းသော မီဒီယာအတွက် အခွင့်အလမ်းနှင့် မြန်မာ့မီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆွေးနွေးကြသည်။

ဂျာမနီနိုင်ငံအခြေစိုက် ရုပ်သံဌာနတစ်ခုဖြစ်သော DW Akademie သည် နှစ် ၆၀ ကျော် သက်တမ်းရှိခဲ့ပြီး ကမ္ဘာတစ်ဝန်းတွင် ဘာသာစကားပေါင်း ၃၀ ကျော်နှင့် ထုတ်လွှင့်လျက်ရှိကြောင်း သိရသည်။ မြန်မာနိုင်ငံ၏ မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၂ ခုနှစ် ကတည်းက အကူအညီပေးလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❖

# ဝက်ပါပွဲတော် ပဲခူးမြို့၌ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက် ဝက်ပါလမ်း ဝက်ပါကျောင်းတိုက်ကြီး၌ ပဲခူးမြို့၏ ကျက်သရေဆောင် သတ္တဌာနပူဇနိယ ဝက်ပါပွဲတော်နှင့် ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲကို တန်ဆောင်တိုင်ပွဲတော်ကြီးတွင် ကျင်းပခဲ့သည်။

၁၉၈၈ ခုနှစ်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ခဲ့ရာမှ ယခုအခါ အသစ်တစ်ဖန် ပြန်လည်ဖော်ထုတ်ကျင်းပခြင်းအဖြစ် ၁၃၇၇ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်ထိ (နိုဝင်ဘာ၂၂ ရက်မှ၂၈ ရက်အထိ)ခုနစ်ရက်တိုင်တိုင် တန်ဆောင်တိုင်မီးထွန်းဝက်ပါပွဲတော်ကြီးကို ရိုးရာမပျက် ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ ပြန်လည်ဖော်ထုတ်ရခြင်းဖြစ်ကြောင်း ကျင်းပရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

နိုဝင်ဘာ ၂၂ ရက် ညနေ ၄ နာရီတွင် နိဗ္ဗာန်ဈေးဖွင့်လှစ်ခဲ့ပြီး ညနေ ၅ နာရီတွင် ဝက်ပါပွဲတော်ဖွင့်ပွဲအခမ်းအနား ပြုလုပ်၍ ညနေ ၆ နာရီတွင် ပဋ္ဌာန်းဒေသနာရွတ်ဖတ်ပူဇော်ပွဲ ဖွင့်လှစ်ခြင်းမင်္ဂလာပြုလုပ်ခဲ့ကြောင်း သိရသည်။

**သုလင်း(ဟံသာမြေ)**

# တူနီးရှား၌ စစ်သည်များစီးနင်းလာသည့် ဘတ်စ်ကားတိုက်ခိုက်ခံရ တပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်းသေဆုံးပြီး ၁၄ ဦး ဒဏ်ရာရ

**တူးနစ် နိုဝင်ဘာ ၂၅**

တူနီးရှားသမ္မတ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီးသည် နိုဝင်ဘာ ၂၄ ရက်က မြို့တော်တူးနစ်တွင် ဗုံးဖောက်ခွဲ တိုက်ခိုက်ခံရခြင်းကြောင့် တပ်ဖွဲ့ဝင် ၁၁ ဦးထက်မနည်းသေဆုံးပြီး ၁၄ ဦးမှာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။



**တူနီးရှားသမ္မတ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် ဘတ်စ်ကားတစ်စီး တူးနစ်မြို့တွင် ဗုံးဖောက်ခွဲခံရပြီးနောက် တွေ့ရစဉ်။**

မြို့တော်တူးနစ်ရှိ မိုဟာမက်-၅ ရိပ်သာ လမ်းမပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ပေါက်ကွဲမှုကြောင့် သမ္မတနန်းတော်လုံခြုံရေးအစောင့်တာဝန်ထမ်းဆောင်သည့် တပ်ဖွဲ့ဝင် ၁၁ ဦး သေဆုံးခဲ့ကြောင်း တူနီးရှားပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက အတည်ပြုပြောကြားသည်။

ပေါက်ကွဲမှု ဖြစ်ပွားရခြင်းအကြောင်းရင်းနှင့် ယင်းပေါက်ကွဲမှုသည် မည်သူ့လက်ချက်ဖြစ်သည်တို့ကို ရှင်းလင်းစွာ မသိရှိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

တူနီးရှား အာဏာပိုင်များက မြို့တော်တူးနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုးမြှင့်ဖြန့်ကြက်ခဲ့ပြီး လုံခြုံရေးတင်းကျပ်မှုများကို ပိုမိုဆောင်ရွက်ခဲ့ပြီးနောက် ၁၀ ရက်အကြာတွင် ယင်းပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်သည်။

၂၀၁၁ ခုနှစ် လူထုအုံကြွမှုအတွင်း တူနီးရှားသမ္မတ ဘင်အလီအား ဖြုတ်ချခဲ့ပြီးနောက် အစ္စလာမ္မစ်အစွန်းရောက်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများ ပိုမိုဖြစ်ပွားလာသည်။

ယခုနှစ်အစောပိုင်းတွင် အစ္စလာမ္မစ်နိုင်ငံထူထောင်ရေးအဖွဲ့(အိုင်အက်စ်)များက တူနီးရှားနိုင်ငံတွင်းရှိ နိုင်ငံခြားသားခရီးသွားများအား ပစ်မှတ်ထားသည့် တိုက်ခိုက်မှုနှစ်ကြိမ်ပြုလုပ်ခဲ့ခြင်းကြောင့် ယင်းနိုင်ငံ၏ ခရီးသွားလုပ်ငန်း ထိခိုက်မှုများဖြစ်ပေါ်ခဲ့ရသည်။ **ဆင်ဟွာ။**

# ဂျပန်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအဆင့်မြင့်တာဝန်ရှိသူများ စစ်ဘေးရှောင်ဒုက္ခသည်များအရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူ

**တိုကျို နိုဝင်ဘာ ၂၅**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် ကုလသမဂ္ဂအဆင့်မြင့်တာဝန်ရှိသူများက ဥရောပနိုင်ငံများ အကျပ်ရိုက်နေသည့် စစ်ဘေးရှောင်ဒုက္ခသည်များအရေးနှင့် လာမည့်နှစ်အာဖရိက၌ ပထမဆုံးအကြိမ်ကျင်းပမည့် 'တိုကျိုဦးဆောင်သည့် အာဖရိက ဖွံ့ဖြိုးတိုးတက်မှု ထိပ်သီးအစည်းအဝေး' အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ရန် သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရသိရသည်။

ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်အကြီးအကဲ ဟယ်လင်ကလက်ခ်နှင့်ကုလသမဂ္ဂ စစ်ဘေးရှောင်ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီယို ဂူတာရီစ်တို့နှင့် ဝန်ကြီးချုပ် အာဘေးတွေ့ဆုံရာတွင် ဥရောပနိုင်ငံများတွင်ရောက်ရှိနေသော စစ်ဘေးရှောင် ဒုက္ခသည်များ ရင်ဆိုင်နေရသည့် ရာသီဥတုအအေးဒဏ်ကို ခံနိုင်ရည်ရှိစေရန် ရည်ရွယ်ပြီး ရာသီဥတုဘေးကာကွယ်တားဆီးရေး လုပ်ဆောင်ချက်များလုပ်ဆောင်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၂ဒသမ ၄၅ သန်းတိုးမြှင့်ထောက်ပံ့ပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့သည်ဟု ဂျပန်နိုင်ငံခြားရေး ဝန်ကြီးဌာနကဆိုသည်။

ကုလသမဂ္ဂအဖွဲ့များနှင့် ဂျပန်စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းမှုများ ယခုထက်ပိုမိုအနီးကပ်လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသည် ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးအတွက် အရေးပါသည့်နိုင်ငံဖြစ်သည်ဟု ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အကြီးအကဲ ဟယ်လင်ကလက်ခ်နှင့် ကုလသမဂ္ဂ စစ်ဘေးရှောင်ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး အန်တိုနီယို ဂူတာရီစ်တို့ကဆိုသည်။ လာမည့်နှစ် ကင်ညာနိုင်ငံတွင် ကျင်းပမည့် 'တိုကျိုဦးဆောင်သည့် အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ အစည်းအဝေး' အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဂျပန်နိုင်ငံနှင့်ဆက်လက် ပူးပေါင်းလုပ်ဆောင်ရန် ဆန္ဒရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

**ကျိုဒိုနယူးစ်။**

# အိန္ဒိယ၌ မိုးသည်းထန်စွာရွာသွန်းမှုနှင့် ဆက်စပ်နေသည့် မတော်တဆမှုများကြောင့် လူ ၁၇၀ ကျော် သေဆုံး

**နယူးဒေလီ နိုဝင်ဘာ ၂၅**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်တွင် လွန်ခဲ့သော ရက်သတ္တပတ် နှစ်ပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆက်စပ်ဖြစ်ပွားသည့် မတော်တဆမှုများကြောင့် လူ ၁၇၀ ကျော် သေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရ တာဝန်ရှိသူများက နိုဝင်ဘာ ၂၅ ရက် တွင် ပြောကြားသည်။

မြို့တော် ချန်နိုင်းအပါအဝင် တမီလ်နာဒူးပြည်နယ်တစ်ဝန်းတွင် လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်အတွင်းက မိုးအဆက်မပြတ်သည်းထန်စွာ ရွာသွန်းခြင်းကြောင့် ယခုအချိန်အထိ လူ ၁၇၀ ကျော် သေဆုံးခဲ့ရကြောင်း အမည်မဖော်လိုသူ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



မြို့တော်ချန်နိုင်းသည် မိုးသည်းထန်စွာရွာသွန်းခြင်းကို အဆိုးရွားဆုံးခံစားရပြီး ယင်းမြို့၏ ရပ်ကွက်အများအပြားတွင် ခါးဆစ်အောက်မြုပ်သည့်ရေများ ဖုံးလွှမ်းနေပြီး ပြည်နယ်အာဏာပိုင်များအနေဖြင့် ရေလွှမ်းမိုးမှု ဘေးအန္တရာယ်ကို ကျော်လွှားနိုင်ရန် ရုန်းကန်နေရကြောင်း သတင်းတွင်ဖော်ပြသည်။

မြို့တော်ချန်နိုင်းရှိ စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများ အားလုံးကို ပိတ်ထားရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်ထားသည်။

အိန္ဒိယစစ်သည်များနှင့် အတူ တမီလ်နာဒူးပြည်နယ်တပ်ဖွဲ့ဝင်များက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့ဝန်ထမ်းများနှင့်အတူ ရေဘေးသင့်ဒေသများမှ လူအများအပြားကို ကယ်တင်ပေးခဲ့ရသည်။ **ဆင်ဟွာ။**

# တောင်တရုတ်ပင်လယ်ပိုင်နက်နယ်မြေအငြင်းပွားမှု နိုင်ငံတကာတရားရုံးက ကြားနာစစ်ဆေးမှုစတင်

**အမ်စတာဒမ် နိုဝင်ဘာ ၂၅**

တောင်တရုတ်ပင်လယ်ရှိ ပိုင်နက်အငြင်းပွားနေသော ကျွန်းစုများအရေးနှင့်ပတ်သက်၍ နယ်သာလန်နိုင်ငံသည် ဟိတ်ဂ်မြို့ရှိ နိုင်ငံတကာတရားရုံးက နိုဝင်ဘာ ၂၄ ရက်တွင် ကြားနာစစ်ဆေးမှု စတင်ပြုလုပ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

တောင်တရုတ်ပင်လယ်အတွင်း ဖိလစ်ပိုင်နှင့် တရုတ်နိုင်ငံတို့အကြား ရေကြောင်းပိုင်နက်နယ်မြေအငြင်းပွားမှုကို အဆုံးအဖြတ်ပေးရန် ဖိလစ်ပိုင်နိုင်ငံက နိုင်ငံတကာတရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့သည်။ တောင်တရုတ်ပင်လယ်ရှိ နယ်မြေအားလုံးနီးပါးကို မိမိတို့ပိုင်ဆိုင်သည်ဟု တရုတ်နိုင်ငံက အခိုင်အမာပြောကြားခဲ့သဖြင့် ယင်းနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံအချို့အကြား အငြင်းပွားမှုဖြစ်ပေါ်ခဲ့ရသည်။နိုင်ငံတကာ တရားရုံးသည် နိုဝင်ဘာ ၃၀ ရက်အထိ ကြားနာစစ်ဆေးမှု ပြုလုပ်မည်ဟု မျှော်လင့်ရသည်။ ကြားနာစစ်ဆေးမှုကို တံခါးပိတ် ပြုလုပ်ခြင်းဖြစ်သည်။

သို့ရာတွင် ဩစတြေးလျ၊ အင်ဒိုနီးရှား၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ကို တရားခွင်၌ လေ့လာသူများအဖြစ် တက်ရောက်ခွင့်ပြုသည်။ တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း တောင်တရုတ်ပင်လယ်အတွင်း၌ ကျွန်းတုများကို လျင်မြန်စွာ တည်ဆောက်ခဲ့သည်။ ယင်းကျွန်းတုများကို စစ်ဘက်ဆိုင်ရာ ခြေကုပ်စခန်းများအဖြစ် အသုံးပြုမည်ကို အိမ်နီးချင်းနိုင်ငံများက စိုးရိမ်ပူပန်လျက်ရှိကြသည်။ **ပီတီအိုင်။**

# စင်ကာပူ-ကွာလာလမ်ပူ မြန်နှုန်းမြင့်ရထားလမ်းစီမံကိန်းအား ဥရောပကုမ္ပဏီအများစု စိတ်ဝင်စားနေ

**စင်ကာပူ နိုဝင်ဘာ ၂၅**

စင်ကာပူနှင့် ကွာလာလမ်ပူအား မြန်နှုန်းမြင့်ရထားလမ်းဖြင့် ချိတ်ဆက်ရန် အဆိုပြုထားသော စီမံကိန်းတစ်ခုအပေါ် တုံ့ပြန်ချက်ပေးရန်အတွက် နှစ်နိုင်ငံအစိုးရများ၏ တောင်းဆိုချက်ကို ဥရောပမှ တစ်ဝက်ကျော်ပါဝင်သောကုမ္ပဏီနှင့် ယာယီပူးပေါင်းထားသည့်အဖွဲ့အစည်း ၉၈ ခုက တုံ့ပြန်မှုပေးခဲ့ကြောင်း စင်ကာပူနှင့် မလေးရှားနိုင်ငံတို့က ပြောကြားသည်။

ယင်းတို့အနက် မလေးရှားနိုင်ငံမှ ကုမ္ပဏီ ၁၃ ခုနှင့် စင်ကာပူနိုင်ငံမှ ကုမ္ပဏီလေးခုအပါအဝင် ကုမ္ပဏီ ၅၆ ခု မှာ ဥရောပမှဖြစ်ပြီး ၃၁ ခုမှာ အရှေ့အာရှမှဖြစ်ပြီး ကျန်ရှိသည့် ကုမ္ပဏီများမှာ မြောက်အမေရိက၊ သမုဒ္ဒရာပိုင်းဇုန်နှင့် အရှေ့အလယ်ပိုင်းဒေသမှဖြစ်သည်။ အောက်တိုဘာ ၇ ရက်တွင် စတင်ခဲ့သည့် သတင်းပြန်ကြားရန် တောင်းဆိုချက်မှာ ဈေးကွက်အကျိုးဖြစ်ထွန်းမှုကို တွက်ချက်ရန်နှင့် နှစ်နိုင်ငံဆွေးနွေးမှုနှင့် နောက်ဆက်တွဲတင်ဒါလုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် စီမံကိန်း၏ စီးပွားရေးနှင့် နည်းပညာဆိုင်ရာအမြင်ရှုထောင့်များရရှိရန် ရည်ရွယ်ကြောင်း သိရသည်။

နှစ်နိုင်ငံ ပူးတွဲသတင်းထုတ်ပြန်မှုတွင် စင်ကာပူကုန်းကြောင်းပို့ဆောင်ရေးအာဏာပိုင်အဖွဲ့နှင့် မလေးရှားအများပြည်သူကုန်းကြောင်းပို့ဆောင်ရေးကော်မရှင်တို့က ၎င်းတို့သည် တုံ့ပြန်ချက်များကို စေ့စေ့စပ်စပ်လေ့လာမည်ဖြစ်ပြီး စီမံကိန်း၏ စီးပွားရေးဆိုင်ရာစံနမူနာနှင့် ဝယ်ယူခွင့်ရရှိရေးချဉ်းကပ်မှုများသည် မည်ကဲ့သို့ပိုမိုတိုးတက်စေမည်ကို ထည့်သွင်းစဉ်းစားနေ ကြောင်း ပြောကြားသည်။

လာမည့်နှစ်မတိုင်မီ စီမံကိန်း၏ စီးပွားရေးဆိုင်ရာစံနမူနာနှင့် ဝယ်ယူခွင့်ရရှိရေးချဉ်းကပ်မှုကို အပြီးသတ်လုပ်ဆောင်ရန် မျှော်မှန်းထားကြောင်း ၎င်းတို့ကဆိုသည်။ ကီလိုမီတာ ၃၅၀ ရှည်သော ယင်းမြန်နှုန်းမြင့်ရထားလမ်းမှာ မြို့တော်နှစ်ခုကြားခရီးသွားချိန်ကို လက်ရှိနာရီပေါင်းများစွာမှ မိနစ် ၉၀ ဝန်းကျင်ထိ လျှော့ချပေးမည်ဖြစ်သည်။ ဂျပန်နိုင်ငံက စီမံကိန်းအတွက် ယင်း၏ရှင်းကန်ဆန် ကျည်ဆန်ရထားနည်းပညာဖြင့် မြှင့်တင်ရန် ထက်သန်သော စိတ်ဝင်စားမှုကို ပြသခဲ့သည်။

**ကျိုဒိုနယူးစ်။**

# တူရကီက ရုရှားလေယာဉ်ပစ်ချမှုကြောင့် အရှေ့အလယ်ပိုင်းတွင် ပြဿနာသစ်နှင့် ရင်ဆိုင်ရမည့် နေတိုး

တူရကီနိုင်ငံက ဆီးရီးယားနှင့် နယ်စပ် ၎င်းတို့၏ လေပိုင်နက်အတွင်း ရုရှားတိုက်လေယာဉ်တစ်စင်း ကျူးကျော်ဝင်ရောက်လာသည်ဟုဆိုကာ နိုဝင်ဘာ ၂၄ ရက်တွင် ပစ်ချခဲ့သည့်အတွက် နေတိုးအဖွဲ့သည် အရှေ့အလယ်ပိုင်းဒေသတွင် ပြဿနာသစ်တစ်ခုနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ယင်းဖြစ်ရပ်သည် ရှုပ်ထွေးလှသည့် ဆီးရီးယားပဋိပက္ခအတွင်း ရုရှားနှင့် နေတိုးအဖွဲ့ဝင်နိုင်ငံများအကြား တင်းမာမှုများကို ပိုမိုမြင့်တက်စေမည်ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ရုရှားတာဝန်ရှိသူများက ရုရှား အက်စ်ယူ-၂၄ တိုက်လေယာဉ်တစ်စင်း နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပစ်ချခံခဲ့ရကြောင်း အတည်ပြုခဲ့ပြီး ၎င်းတို့၏ တိုက်လေယာဉ်သည် တူရကီ လေပိုင်နက်အတွင်း ချိုးဖောက်ဝင်ရောက်ခဲ့ခြင်းမရှိဟု ဆိုသည်။ ရုရှားကာကွယ်ရေးဝန်ကြီးဌာနက လေယာဉ်ပစ်ချခံရမှုတွင် လေယာဉ်မှူးနှစ်ဦးအနက် တစ်ဦးသေဆုံးသွားဖွယ်ရှိသည်ဟု ပြောကြားသည်။

ရုရှားလေယာဉ် ပစ်ချခံရမှုသည် အမေရိကန်နှင့် ၎င်း၏မိတ်ဖက် နေတိုးအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ယခင်ကတည်းက ခန့်မှန်းထားသည့် ဖြစ်နိုင်ခြေရှိလာမှုများအပေါ် ပိုမိုအာရုံစိုက်စေခဲ့သည်။ ရုရှားနိုင်ငံက ကျောထောက်နောက်ခံပြုထားသည့် ဆီးရီးယားသမ္မတဘာရှားအယ်လ် အာဆတ်၏ အစိုးရတပ်များနှင့် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များ၏ အိုင်အက်စ်တိုက်ခိုက်မှု လေကြောင်းစစ်ဆင်ရေးများမှာ ဆီးရီးယားမြေပေါ်တွင် ပိုမိုပြင်းထန်လာတော့မည်ဖြစ်သည်။

တူရကီတာဝန်ရှိသူများက ရုရှားတိုက်လေယာဉ်များ ဆီးရီးယားနိုင်ငံတွင်းသို့ ရောက်ရှိလာပြီး အာဆတ်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် သူပုန်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်နေသည့် စက်တင်ဘာလ နှောင်းပိုင်းကတည်းက ရုရှားတိုက်လေယာဉ်များသည် တူရကီလေပိုင်နက်ကို အကြိမ်ကြိမ် ချိုးဖောက်ဝင်ရောက်ခဲ့သည်ဟု ပြောကြားသည်။ တူရကီလေပိုင်နက်အတွင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ရုရှားတိုက်လေယာဉ်များအနေဖြင့် ပြန်လည်ထွက်ခွာသွားရန် ငါးမိနစ်အတွင်း ၁၀ ကြိမ်တိုင်တိုင် သတိပေးခဲ့သော်လည်း တုံ့ပြန်ခြင်းမရှိသည့်အတွက် ပစ်ချခဲ့ခြင်းဖြစ်ကြောင်း တူရကီအစိုးရက ပြောကြားသည်။ တူရကီနိုင်ငံအနေဖြင့် ယခုကဲ့သို့ ပြဿနာမဖြစ်ပွားအောင် အတတ်နိုင်ဆုံးရှောင်ရှားခဲ့သော်လည်း မိမိတို့၏ပိုင်နက်နယ်မြေကို ကာကွယ်ပိုင်ခွင့်ရှိကြောင်း တူရကီသမ္မတ အာဒိုဂန်က ပြောကြားသည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားကလည်း တူရကီနိုင်ငံသည် ၎င်းတို့၏ လေပိုင်နက်ကို ကာကွယ်ပိုင်ခွင့်ရှိကြောင်း ပြောကြားပြီး တူရကီသမ္မတ အာဒိုဂန်ကို ဖုန်းဆက်ကာ အမေရိကန်က တူရကီနိုင်ငံနှင့်အတူ ရပ်တည်သွားမည်ဟု ကတိပြုခဲ့သည်။


ရုရှားသမ္မတ ဗလာဒီမာ ပူတင်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး တူရကီနိုင်ငံသည် ရုရှားနိုင်ငံအပေါ် နောက်ကျောကို ဓားဖြင့်ထိုးသည့် လုပ်ရပ်ဖြစ်ပြီး အိုင်အက်စ်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့အစည်းများကို အထောက်အပံ့ပေးကာကွယ်နေသည်ဟု ရုရှားသမ္မတ ဗလာဒီမာပူတင်က စွပ်စွဲခဲ့သည်။ အစောပိုင်းတွင် ရုရှားတိုက်လေယာဉ်ကို မြေပြင်မှ ပစ်ချခဲ့သည်ဟု ယူဆခဲ့သော်လည်း နောက်ပိုင်းတွင် တူရကီ အက်ဖ်-၁၆ တိုက်လေယာဉ်များက ပစ်ချခဲ့ခြင်းဖြစ်ကြောင်း ပူတင်က ပြောကြားခဲ့သည်။ လေယာဉ်ပစ်ချခံရပြီးနောက် ပူတင်သည် ခရစ်ဒိုးကျည်တင်စစ်သင်္ဘောတစ်စင်းကို မြေထဲပင်လယ်သို့ ချက်ချင်းစေလွှတ်ခဲ့သကဲ့သို့ အရှေ့အလယ်ပိုင်းတွင် အိုင်အက်စ်တို့ကို တိုက်ခိုက်နေသည့်စစ်ဆင်ရေးတွင် တူရကီနှင့် ပူးပေါင်းလုပ်ဆောင်မှုအားလုံးကိုလည်း ရပ်ဆိုင်းလိုက်သည်။ ပူတင်အနေဖြင့် ဆီးရီးယားပြဿနာအရှုပ်အထွေးထဲသို့ ပါဝင်ပတ်သက်လာရခြင်းမှာ ဆီးရီးယားသမ္မတအာဆတ်ကို ထောက်ခံခြင်းကြောင့်ဖြစ်သကဲ့သို့ အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ရုရှားလေယာဉ်ကို အိုင်အက်စ်တို့က ဗုံးဖောက်ခွဲတိုက်ခိုက်ခဲ့သည့်အတွက် အနောက်အုပ်စုနှင့် ပူးပေါင်းကာ အိုင်အက်စ်တိုက်ခိုက်ရေးကို ပါရီမြို့အကြမ်းဖက်တိုက်ခိုက်ခံရမှုအပြီးတွင် ဆုံးဖြတ်ချက်ပိုမိုခိုင်မာလာခဲ့သည်။ သို့သော် ယခုအခါ ပူတင်သည် တူရကီနိုင်ငံကို ခရီးမထွက်ရန်၊ စီးပွားရေး ဒဏ်ခတ်ရန် ပြင်းပြင်းထန်ထန် သတိပေးမှုများ ပြုလုပ်လာသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် အမေရိကန်သမ္မတ အိုဘားမားအပါအဝင် နိုင်ငံတကာခေါင်းဆောင်များက ယခုဖြစ်ရပ်ကို ခေါင်းအေးအေးထားပြီး ဖြေရှင်းရန် တိုက်တွန်းထားကြသည်။ ဗြိတိန်နိုင်ငံက မိမိတို့အနေဖြင့် တူရကီကို ထောက်ခံရပ်တည်ကြောင်း ကြေညာပြီး ရုရှားတပ်များ၏ လက်စားချေတုံ့ပြန်ရန် လှုပ်ရှားလာနိုင်သည့် အခြေအနေများကို စောင့်ကြည့်နေဟု ဆိုသည်။

"နေတိုးအဖွဲ့ဝင် အခြားမဟာမိတ်နိုင်ငံများဆီက ရရှိတဲ့အချက်အလက်များနဲ့အတူ ကျွန်တော်တို့အားလုံးဟာ နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ တူရကီနိုင်ငံဘက်က အခိုင်အမာ ရပ်တည်သွားမှာပါ။ အခုအခြေအနေက ရှုပ်ထွေးနေပါတယ်။ ဆင်ဆင်ခြင်ခြင် တွေးတွေးဆဆနဲ့ တင်းမာမှုတွေ လျှော့ချပြီး ဖြေရှင်းသွားဖို့ တောင်းဆိုထားပါတယ်။ အခြေအနေကို ပိုမိုရှုပ်ထွေးအောင် မလုပ်စေချင်ပါဘူး။ အခုအချိန်ဟာ အရေးကြီးတဲ့ကာလဖြစ်တာကြောင့် ထိန်းထိန်းသိမ်းသိမ်းနဲ့ ဆောင်ရွက်စေလိုပါတယ်"ဟု နေတိုးအဖွဲ့အတွင်းရေးမှူးချုပ် ယန် စတိုးလ်တန်ဘက်က ဘရပ်ဆယ်မြို့တွင် သတင်းထောက်များကို ပြောကြားသည်။

ဆီးရီးယားပြဿနာတွင် ရုရှားနိုင်ငံက သမ္မတအာဆတ်ကို ထောက်ခံပြီး တူရကီနိုင်ငံက အမေရိကန်နိုင်ငံကဲ့သို့ပင် အာဆတ်ကို ဖြုတ်ချလိုသည်။ တူရကီနှင့် အမေရိကန်တို့သည် အာဆတ်ကို ဆန့်ကျင်သော်လည်း ၎င်းတို့၏ လေကြောင်း တိုက်ခိုက်မှုသည် ဆီးရီးယားစစ်ဘက်ကို ဗုံးကြဲတိုက်ခိုက်မှု မပြုလုပ်ဘဲ ဆီးရီးယားနှင့် အီရတ်နယ်မြေများကို ထိန်းချုပ်ထားသည့် အိုင်အက်စ်စစ်သွေးကြွများကိုသာ အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့သည်။ ရုရှားတိုက်လေယာဉ်များသည် အိုင်အက်စ်တိုက်ခိုက်ရေးသမားများ မဟုတ်သည့် အမေရိကန်နှင့် တူရကီတို့က လက်နက်များ ထောက်ပံ့ထားသော သူပုန်များကို အဓိကပစ်မှတ်ထား ဗုံးကြဲတိုက်ခိုက်သည်။

ယခုကဲ့သို့ ရုရှားလေယာဉ် ပစ်ချခံရမှုသည် ၁၉၅၃ ခုနှစ်နောက်ပိုင်း နေတိုးအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက ရုရှားလေယာဉ်တစ်စင်းကို ပစ်ချမှုသည် ပထမဆုံးအကြိမ်ဖြစ်ပြီး ဆိုးရွားသည့် အကျိုးဆက်များ ဖြစ်ပေါ်လာလိမ့်မည်ဟု ရုရှားနိုင်ငံက သတိပေးထားသည်။ နိုင်ငံတကာရေးရာ လေ့လာသုံးသပ်သူများက စစ်ပွဲတစ်ပွဲပင် ဖြစ်ပွားလာနိုင်ကြောင်း သုံးသပ်ကြသည်။ တူရကီနိုင်ငံသည် နေတိုးအဖွဲ့တွင် ဒုတိယမြောက် စစ်အင်အားအကြီးမားဆုံးနိုင်ငံဖြစ်သည်။

ယခုလောလောဆယ် အခြေအနေသည် ဆီးရီးယားနိုင်ငံတွင် ဘုံရန်သူဖြစ်သည့် အိုင်အက်စ်အကြမ်းဖက်သမားများအား နှိမ်နင်းတိုက်ခိုက်နေသည်ဟု ဆိုသော်လည်း ရပ်တည်ချက်နှင့် ခံယူချက်ကွဲလွဲမှုကြောင့် အင်အားကြီးနိုင်ငံများ၏ ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံလာနိုင်သည့် အနေအထားသို့ရောက်ရှိလာနေပြီး နေတိုးအဖွဲ့အနေဖြင့် အရှေ့အလယ်ပိုင်းဒေသတွင် ပြဿနာသစ်တစ်ရပ်နှင့် ရင်ဆိုင်ရဖွယ်ရှိနေသည်။

**(အေဝမ်းစိုး)**


တူရကီ အက်ဖ်-၁၆ တိုက်လေယာဉ်၏ ပစ်ချမှုကြောင့် ရုရှားအက်စ်ယူ-၂၄ တိုက်လေယာဉ် ပျက်ကျလာစဉ်။

## စုပေါင်းမဟာဘုံကထိန် ဟားခါး၌ ကျင်းပ

**ဟားခါး နိုဝင်ဘာ ၂၅**

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၁၅ ခုနှစ် စုပေါင်းမဟာဘုံကထိန်ပွဲတော် ပဒေသာပင်များ လှည့်လည်ပူဇော်ပွဲကို နိုဝင်ဘာ ၂၅ ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့၌ ကျင်းပရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံဗုဒ္ဓဘာသာဝင်များက ပဒေသာပင်များအား လမ်းမကြီးများအတိုင်း လှည့်လည်အပူဇော်ခံပို့ဆောင်ကြသည်။

၂၀၁၅ ခုနှစ် ချင်းပြည်နယ် စုပေါင်းမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို နိုဝင်ဘာ ၂၆ ရက်တွင် ဟားခါးမြို့ မြို့မသာသနာပြုကျောင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၅**

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အားကစားနည်း ၁၁ မျိုးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်မှုရရှိရေးလေ့ကျင့်ပြင်ဆင်လျက်ရှိသည်။

(၈) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၅ မျိုးထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံက ခုနစ်ယောက်ဘောလုံး၊ Boccia၊ ပြေးခုန်ပစ်၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ မြားပစ်၊ အလေးမ၊ မျက်မမြင်စစ်တုရင်၊ Goalball၊ ဘိုးလင်းနှင့် ဘတ်စကတ်ဘော စုစုပေါင်း ၁၁ မျိုး၌ ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်စင်ကာပူနိုင်ငံသည် အားကစားနည်း ၁၅ မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၇၆ မျိုးအထိ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့မှာ အောင်မြင်မှုရရှိရေး အစွမ်းကုန်လေ့ကျင့်ပြင်ဆင်လျက်ရှိသည်။ မြန်မာမသန်စွမ်းအားကစားအဖွဲ့သည် အားကစားနည်း ၁၁ မျိုး၌ အားကစားသမား ၁၀၀ ကျော်ဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို ဆီးဂိမ်းပြိုင်ပွဲအိမ်ရှင်လုပ်သည့်နိုင်ငံများက လက်ခံကျင်းပလေ့ရှိပြီး စင်ကာပူနိုင်ငံမှာ (၂၈) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအပြီး ငါးလကျော်အကြာတွင် မသန်စွမ်းပြိုင်ပွဲကို ကျင်းပခြင်းဖြစ်သည်။ (၇) ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် နေပြည်တော်၌ ကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် မြန်မာမသန်စွမ်းအားကစားအဖွဲ့က ရွှေ ၃၄ ခု၊ ငွေ ၂၆ ခု၊ ကြေး ၃၆ ခုရရှိကာ အဆင့် (၅)နေရာရရှိခဲ့ပြီး ယခုပြိုင်ပွဲတွင်လည်း အောင်မြင်မှုရရှိရန် ဆက်လက်ပြင်ဆင်ခဲ့သည်။ ယခုပြိုင်ပွဲဝင်မည့် အားကစားသမားအများစုကို တရုတ်နိုင်ငံသို့ ကာလရှည်ကြာစွာ စေလွှတ်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံကောင်းများ ရယူထားသည်။

မြန်မာအားကစားအဖွဲ့များသည် ပြိုင်ပွဲဝင်ရန် နိုဝင်ဘာ ၃၀ ရက်နှင့် ဒီဇင်ဘာ ၁ ရက်တွင် ထွက်ခွာမည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားသမားများမှာ "မသန်သော်လည်း စွမ်းပါသည်" ဆိုသည့်အတိုင်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန် ကြိုးပမ်းကြမည် သေချာသည်။ **သတင်းနှင့် ဓာတ်ပုံ-ရှိုင်းထက်ဇော်**



# တန်ဆောင်ကာလ လှူကြ ကထိန်

ဦးကျော်စိန်
(မန္တလေး)

တန်ဆောင်မုန်းလသည် မီးရှူး၊ မီးတိုင်၊ ဆီမီးတို့ကို ထွန်းလင်းတောက်ပစေသောလဖြစ်၏။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် တန်ဆောင်မုန်းလ၌ **"ကထိန်ပွဲတော်"**ကို အစဉ်အလာမပြတ် ကျင်းပခဲ့ကြသည်။ **"ကထိန်"** သည် **"ကထိန"**ဟူသော ပါဠိကို မြန်မာမှုပြုကာ မြန်မာဝေါဟာရသို့ ပြောင်းလဲထားသော အမည်ဖြစ်၏။ ကထိန် ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသော ကထိန်အမှုနှင့် စပ်သမျှ အရာအားလုံး ကို ခြုံငုံ၍ ခေါ်ဝေါ်သုံးစွဲသော အမည်ဝေါဟာရပင် ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် ပါဝေယျတိုင်းသား၊ ဘဒ္ဒဝဂ္ဂီရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ "ရဟန်းတော်များ အဓိဋ္ဌာန်တင် သင်္ကန်းသုံးထည်တို့တွင် တစ်ထည်ထည်ကို ထား၍ မပင်မပန်း ပေါ့ပါးရွှင်လန်းစွာ သွားနိုင်ကြပါစေ၊ သင်္ကန်းရှားပါး နွမ်းပါးခြင်းမှ ကင်းကြပါစေ" ဟူသော ရည်ရွယ်ချက်ဖြင့် ရှေးရှေးသော ဘုရားရှင်တို့၏ အစဉ်အလာအတိုင်း ကထိန်သင်္ကန်းအလှူသည် ထူးခြားသော ဝိနည်းကံနှင့်အညီ လှူရသောကြောင့် ထူးခြားသော အလှူဖြစ်၏။ ကထိန်သင်္ကန်းကပ်လှူပွဲ ခွင့်ပြုသော ကာလမှာ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာ ကာလ ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် ကထိန်ခင်းရာတွင် နှစ်ထပ်သင်္ကန်းကြီး၊ အပေါ်ရုံ ဧကသီ၊ ခါးဝတ်သင်းပိုင်ဟူသော သုံးထည်သော သင်္ကန်းတို့တွင် တစ်ထည်တည်းသော သင်္ကန်းဖြင့်သာ ကထိန်ခင်းခွင့်ပြုသည်။ ထိုသုံးထည်သော သင်္ကန်းတို့တွင်လည်း အလှူရှင်က မိမိအလိုအလျောက် သဒ္ဓါပေါက်၍ လှူဒါန်းသော သင်္ကန်းသည်သာ ကထိန်ခင်းထိုက်သော သင်္ကန်းဖြစ်၏။ ကထိန်သင်္ကန်း လှူဒါန်းရာ၌လည်း ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏတို့ကို ရည်မှန်း၍ လှူဒါန်းခြင်းမပြုရပေ။ သံဃာ့ဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရသည်။ သံဃာ့ဂုဏ်ကို အာရုံပြု၍ လှူဒါန်းမှသာလျှင် ကထိန်အလှူမြောက်သည်။ ထို့ကြောင့် ကထိန်အလှူရှင်သည် မိမိပိုင်သင်္ကန်းတစ်ထည်ထည်ကို သံဃာရှေ့မှောက်သို့ အရောက်ဆောင်၍ "ဤကထိန်လျာသင်္ကန်းကို သံဃာအား လှူဒါန်းပါ၏" ဟူ၍ လည်းကောင်း၊ "ဤကထိန်လျာသင်္ကန်းဖြင့် ကထိန်ခင်းတော်မူကြပါ" ဟူ၍ လည်းကောင်း နှုတ်မြွက်၍ လှူဒါန်းရမည်ဖြစ်သည်။

ကထိန်ခင်းခြင်းကြောင့် ရဟန်းတော်များ ရအပ်သည့်အကျိုးတရားများမှာ-

၁။ ဒါယကာတစ်ဦးဦးက မအပ်သော အသုံးအနှုန်းဖြင့် ဆွမ်းစားပင့်သော်လည်း အနီးရှိရဟန်းများကို မပန်ကြားဘဲ ရွာတွင်းသို့ သွားနိုင်ခြင်း။
၂။ တိစီဝရိတ် အဓိဋ္ဌာန်တင်ထားသော သင်္ကန်းကို မယူဆောင်ဘဲ သွားလိုရာသို့ သွားနိုင်ခြင်း။
၃။ ရလာသမျှသော သင်္ကန်းတို့ကို အဓိဋ္ဌာန် ဝိကပ္ပနာ မပြုဘဲ ဝတ်ရုံဆင်မြန်းနိုင်ခြင်း။
၄။ မအပ်သော ပင့်နည်းဖြင့် ဆွမ်းစားပင့်သော်လည်း လေးပါး၊ လေးပါးထက်ပိုသော ရဟန်းတို့ စုပေါင်း ခံယူဘုဉ်းပေးနိုင်ခြင်း။
၅။ ကထိန်ခင်းရာ ကျောင်းတိုက်အတွင်း ဖြစ်ပေါ်လာသော သင်္ကန်းများကို ကထိန်ခင်းသော ရဟန်းတို့က သုံးစွဲနိုင်ခြင်း။

ဟူသော အကျိုးတရားငါးပါးတို့ကို ရရှိခံစားနိုင်ပါသည်။

ဝါတွင်းကာလ၌ ဝါမကျိုးမပြတ်အောင် စောင့်စည်းထိန်းသိမ်းနေထိုင်ကြသည့် သံဃာတော်များအား ချီးမြှောက်ဂုဏ်ပြုသည့်အနေဖြင့် ထိုအာနိသင်(အကျိုးသက်ရောက်မှု)ငါးမျိုးကို တပေါင်းလပြည့်တိုင်အောင် ငါးလ ကျယ်ပြန့်စွာရရှိစေရန် ပြုလုပ်ခြင်းကို ကထိန်ခင်းခြင်းဟု ခေါ်ပေသည်။ ကထိန်အာနိသင် ငါးမျိုးသည် ကထိန်သင်္ကန်းတည်းဟူသော ဝတ္ထုပစ္စည်းကြောင့် ရဟန်းတော်များ လိုက်နာကျင့်သုံးရသည့် သိက္ခာပုဒ်အချို့ ခေတ္တခဏ ကင်းလွတ်သက်သာခွင့်ရသွားခြင်းဖြစ်သည်။ ဤသည်ကိုပင် ဘုရားရှင်တို့ ချီးမွမ်းခြင်းဖြစ်၏။ မြတ်စွာဘုရား၏ အာဏာစက်ဖြစ်သည့် ဝိနည်းသိက္ခာပုဒ်တို့ကို ခေတ္တခဏ ပယ်နုတ်နိုင်သည်မှာ ကထိန်အလှူတစ်ခုတည်းသာရှိပေသည်။



ကထိန်သင်္ကန်း လှူဒါန်းရာ၌လည်း ပုဂ္ဂိုလ်၊ ဂိုဏ်းဂဏတို့ကို ရည်မှန်း၍ လှူဒါန်းခြင်း မပြုရပေ။ သံဃာ့ဂုဏ်ကိုသာ အာရုံပြု၍ လှူဒါန်းရသည်။

ကထိန်သင်္ကန်း လှူဒါန်းကြသော အလှူရှင်များမှာလည်း အကျိုးတရားများကို ရရှိခံစားကြရမည် ဖြစ်ပေသည်။ ထိုအကျိုးတရားများကား-

၁။ သွားလေရာရာ အရပ်တို့၌ အနှောင့်အယှက်မရှိ ဘေးကင်းစွာ သွားရခြင်း။
၂။ မိမိပိုင်ပစ္စည်းများကို ရန်သူတို့ မဖျက်ဆီးနိုင်ခြင်း။
၃။ စားကောင်းသောက်ဖွယ် အထူးပေါများ၍ အစားအတွက် ဘေးမဖြစ်နိုင်၊ အဆိပ်မသင့်နိုင်ခြင်း။
၄။ မိမိပိုင်ပစ္စည်းများကို ကာလကြာမြင့်စွာ မေ့လျော့နေသော်လည်း မဆုံးပါးနိုင်ခြင်း။
၅။ ပစ္စည်းများရှာဖွေရာတွင် သူတကာတို့ထက် ထူး၍ အစုလိုက် အပုံလိုက် ရရှိခြင်း။
၆။ ရုပ်ရည်အဆင်း ချောမောလှပခြင်း။

ဟူသော အကျိုးတရားများကို ရရှိခံစားနိုင်မည် ဖြစ်ပေသည်။

**"မသိုးသင်္ကန်း"**ဟူသည် သံဃာတော်များကိုယ်တိုင် သင်္ကန်းများကို ချုပ်ဆိုးဝတ်ကြရသည့်ခေတ်က ကထိန်သင်္ကန်း၏ နာမည်ထူးတစ်မျိုးပင်ဖြစ်သည်။ ထိုခေတ်က ရဟန်းသံဃာတော်များသည် ကထိန်ခင်းရန်အတွက် လှူဒါန်းသောအဝတ်ကို ညသိပ် သိမ်းဆည်းမထားဘဲ လှူဒါန်းသည့်နေ့ အရုဏ်မတက်မီအချိန်အတွင်း သင်္ကန်းပေးအပ်မှု၊ ချုပ်ဆိုးမှုကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ကြရသည်။ ယင်းကဲ့သို့ ကိစ္စအားလုံးကို နေ့ချင်းပြီးအောင် လုပ်ဆောင်နိုင်သော သင်္ကန်းမျိုးကို **"မသိုးသင်္ကန်း"**ဟု ခေါ်သည်။ သင်္ကန်းချုပ်ဆိုးနေစဉ် အရုဏ်တက်ခဲ့လျှင်ဖြစ်စေ၊ သင်္ကန်းပေးအပ်မှု၊ ချုပ်ဆိုးမှုတို့ကို လုံးဝမပြုဘဲ ညအိပ်ထားလျှင်ဖြစ်စေ သင်္ကန်းသိုးသည်ဟု ဆိုသည်။ အချိန်မီအောင် မဆောင်ရွက်နိုင်သဖြင့် သင်္ကန်းသိုးသွားသည်အခါ ထိုသင်္ကန်းဖြင့် ကထိန်ခင်း၍ မရတော့ပေ။

ယခုမျက်မှောက်ကာလ၌ကား အလှူရှင် ဒါယကာ ဒါယိကာမများက ချုပ်ဆိုးပြီး သင်္ကန်းများကို ကထိန်သင်္ကန်းအဖြစ် လှူဒါန်းကြသဖြင့် ချုပ်ခြင်း၊ ဆိုးခြင်းကိစ္စများကို သံဃာတော်များကိုယ်တိုင်ပြုလုပ်ရန် မလိုတော့ပေ။ အသင့်ချုပ်ဆိုးပြီး လှူဒါန်းသော သင်္ကန်းဖြင့် ကထိန်ခင်းကြရန်သာရှိပေတော့သည်။ မသိုးသင်္ကန်းရက်လှူပွဲသည် ကထိန်ပွဲတော်မှ ဖြာထွက်လာသော ပွဲငယ်တစ်ခုဖြစ်၏။ တန်ဆောင်မုန်းလပြည့်နေ့ ညတွင် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများက မသိုးသင်္ကန်းရက်၍ မြတ်စွာဘုရားရှင်အား လှူဒါန်းပူဇော်ကြရာမှ **"မသိုးသင်္ကန်းရက်လှူပွဲ"**ဟူသော မြန်မာ့ယဉ်ကျေးမှု အစဉ်အလာတစ်ခု ဖြစ်ပေါ်လာခြင်းဖြစ်သည်။

"ပံသုကူပစ်ပွဲ" သည်လည်း တန်ဆောင်မုန်းလ၏ ပွဲတစ်ပွဲဖြစ်သည်။ ပံသုကူပစ်ပွဲသည် အခြားပွဲများကဲ့သို့ လူစုလူဝေးဖြင့် ထင်ထင်ရှားရှား ကျင်းပသော ပွဲမျိုးမဟုတ်၊ လူအများကွယ်ရာမှာတွင်ဖြစ်စေ၊ ညမှောင်ချိန်တွင်ဖြစ်စေ၊ သင်္ကန်းစသည့် သံဃာ့အသုံးအဆောင်ပစ္စည်းများကို တိတ်တဆိတ် စွန့်ပစ်လှူဒါန်းကြသောပွဲမျိုးဖြစ်သည်။ ပံသုကူပစ်ပွဲသည် ရဟန်းသံဃာတော်များ ကျင့်စဉ်ဓမ္မများဖြစ်သော ဓုတင် ၁၃ ပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည့် ပံသုကူဓုတင်ကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောပွဲဖြစ်၏။ **"ပံသုကူဓုတင်"** အကျင့်ဟူသည်မှာ ဒါယကာ ဒါယိကာမများက တိုက်ရိုက်လှူဒါန်းသည့် သင်္ကန်းကိုပယ်၍ လူတို့စွန့်ပစ်ထားသော အဝတ်များကို ကောက်ယူစုဆောင်းပြီး ချုပ်၊ စပ်၊ ဆိုးထားသော သင်္ကန်းကိုသာ ဝတ်ရုံခြင်းဖြစ်သည်။

ဤတန်ဆောင်မုန်းလသည်ကား ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ကုသိုလ်ကောင်းမှုပြုလုပ်ရာ ပွဲတော်အများဆုံးသော ကာလဖြစ်၏။ ကုသိုလ်ကောင်းမှုဟူသည် လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးစွမ်းနိုင်သောကြောင့် ဤတန်ဆောင်ကာလသမယ၌ မိမိတို့စွမ်းအားအလျောက် ကုသိုလ်ကောင်းမှုအစုစုတို့ကို ဖြည့်ကျင့်ပြုလုပ်ပွားများအားထုတ်နိုင်ကြပါစေကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တင်ပြရပါသည်။ ။

## သာမညဖလ အခါတော်နေ့

❀ ဒေဝဒတ်အား၊ ကိုးကွယ်မှား၍ သားမိုက်အဇာတသတ်၊ မောဟဇာတ်ဖြင့် ဖသတ်သည့်သား၊ မှားကြီးမှားခဲ့ ညဥ့်များအိပ်မပျော်၊ ရောဂါပေါ်၏။

❀ ဆရာကျော်ဇီဝက၊ လမ်းညွှန်ပြ၍ ဗုဒ္ဓမြတ်စွာ၊ ချဉ်းကပ်ပါသော် ရာဇဂြိုဟ်အထွက်၊ မြသရက်ဥယျာဉ် ထွက်ခဲ့စဉ်ဝယ်၊ သစ်ပင်ဝါးရိပ်၊ အရှောင်ပိတ်၍ ဖိတ်ဖိတ်လျှံမြူး၊ အံ့ဖွယ်ထူးသည့် မီးရှူးမီးတိုင်၊ တန်ဆောင်တိုင်သို့ ကိုင်ကာစွဲလျက်၊ ခရီးဆက်ခဲ့ ထိုရက်ထိုည၊ လပြည့်ညသည် ရွှန်းပတန်ဆောင်မုန်းညပေတည်း။

❀ သနားကရုဏာ၊ ရှေးရှုကာဖြင့် သာမညဖလ၊ သုတ်တော်လှကို ဗုဒ္ဓမြတ်စွာ၊ ဟောပြီးပါသော် ရောဂါကင်းပျောက်၊ စိတ်သစ်ရောက်၍ ဝမ်းမြောက်ဝမ်းသာ၊ ယုံကြည်စွာဖြင့် ရတနာသုံးပါး၊ ကိုးကွယ်သွား၏။

❀ နှစ်သက်ဖွယ်ရာ၊ မြတ်နိုးရာတည့် သာမညဖလ၊ သုတ်ဓမ္မကို နာကြမှတ်ယူ၊ သတိမူ၍ ဖြူစင်သီလ၊ စောင့်ထိန်းကြလော့ လောကကောင်းကျိုး တိုးစေသတည်း။

ပန်းတောင်းသန်းကြွယ်

# ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် သုတရသစာအုပ်များ လှူဒါန်းပေးလျက်ရှိ

**ပုလဲ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း မတည်လှူဒါန်းငွေများဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကံပေါက်(အရှေ့)ကျေးရွာနှင့် ကံပေါက်(မြောက်) ကျေးရွာစာကြည့်တိုက်များတွင် စာငှားသူ/စာဖတ်သူများဖြင့် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးနှင့် ဝန်ထမ်းများက နိုဝင်ဘာ ၂၃ ရက်က ကွင်းဆင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းက ပေးပို့လှူဒါန်းသည့် သုတရသစာအုပ်မျိုးစုံ ၁၀၀ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက "နိုင်ငံတော်အစိုးရ၊ စေတနာရှင် အလှူရှင်များက မည်မျှပင် ထောက်ပံ့ပေးစေကာမူ ပြည်သူများအားလုံးက နားလည်သဘောပေါက်ကာ ပူးပေါင်းကူညီဆောင်ရွက်မှသာလျှင် စာငှားသူ/စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားနေတဲ့ ကျေးရွာရဲ့ ကျက်သရေဆောင် စာကြည့်တိုက်လေး ပေါ်ထွက်လာမှာ ဖြစ်ပါတယ်။

အဆောက်အအုံဆိုတာက အသွင်သဏ္ဌာန်သာဖြစ်ပြီး အမှန်တကယ် စာပေဖတ်မှတ်လေ့လာနေမှသာလျှင် အနှစ်သာရရှိစွာဖြင့် လူမှုစီးပွားဘဝတိုးတက်စေရန် ရည်ရွယ်ပြီးတော့ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းစဉ်များကို ကျေးရွာအရောက် ကွင်းဆင်း၍ ရှင်းလင်းဆွေးနွေးခြင်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း၏ ၂၀၁၅ ခုနှစ် မတည်လှူဒါန်းငွေကျပ် ၁၀ သိန်းစီဖြင့် ပုလဲမြို့နယ် ကံပေါက်(အရှေ့/မြောက်)၊ ငှက်ပျောတော(မြောက်)၊ အောင်ငြိမ်းချမ်း၊ တောင်ရင်း၊ လက်ပံလှကျေးရွာနှင့် ကံသာယာကျေးရွာများတွင် ကျေးရွာစာကြည့်တိုက် အဆောက်အအုံသစ်များ ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သိရသည်။ **မင်းခန့်စိုး(ဇေယျာမြေ)**

# “နှုန်းရှင်ငွေလဲလှယ်နှုန်းအဖြစ် သတ်မှတ်လဲလှယ်နိုင်ခဲ့တာဟာ နိုင်ငံတော်ရဲ့ အောင်မြင်တဲ့ပြုပြင်ပြောင်းလဲမှုပဲ ဖြစ်ပါတယ်”

# “ယခုရေးဆွဲခဲ့တဲ့ စီမံကိန်းများမှာ Botton Up Plan ဖြစ်တဲ့အတွက် ပြည်သူတွေကို ထိရောက်သည်ထက်ထိရောက်အောင်ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းများဖြစ်ပါတယ်”

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်
## အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန



ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၂၄ ရက်က ကျင်းပစဉ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဒုတိယ ၆ လပတ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု အစီရင်ခံစာအပေါ် ပြည်ထောင်စုလွှတ်တော် စီမံကိန်းများနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာခင်ရွှေ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း၊ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၊ မင်းကင်းမဲဆန္ဒနယ်မှ ဒေါ်ခင်မွေးလွင်နှင့် သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးမှုများအပေါ် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၏ ပြန်လည်ရှင်းလင်းပြောကြားခဲ့မှုကို ကောက်နုတ်ဖော်ပြအပ်ပါသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးချက်များမှ လိုအပ်တဲ့အချက်များကို ပြန်လည်ဖြေရှင်းဖြေကြားအပ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး အမှတ်(၆) မဲဆန္ဒနယ်မှ ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ ဆွေးနွေးတင်ပြခဲ့တဲ့အထဲမှာ ငွေကြေးဖောင်းပွမှုနှုန်းနဲ့ပတ်သက်လို့ (၅ ဒသမ ၉) ရာခိုင်နှုန်း ဖော်ပြထားခြင်းအား လိုအပ်တယ်လို့ဖော်ပြထားတာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ (၅ ဒသမ ၉) ရာခိုင်နှုန်းလို့ ဖော်ပြထားခြင်းဟာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၁၅ ခုနှစ် မတ် ၃၁ ရက်အထိ ကုန်ဆုံးတဲ့ (၆)လအတွက် တွက်ချက်ထားတဲ့ ခန့်မှန်းချက်ဖြစ်ပါတယ်။ တွက်ချက်ရာမှာလည်း ဗဟိုစာရင်းအင်းအဖွဲ့အနေနဲ့ တွက်ချက်တာရှိသလို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌတစ်ဦး ဦးစီးတဲ့နိုင်ငံမှာ ငွေကြေးဖောင်းပွမှုနဲ့ပတ်သက်လို့ စိစစ်တွက်ချက်ပေးတဲ့အဖွဲ့ကို ဖွဲ့စည်းပြီးတော့မှ ငွေကြေးဖောင်းပွမှုနှုန်းကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုတွက်ချက်တဲ့အခါမှာ အခြေခံကုန်စည်အုပ်စုများဆိုပြီးတော့ ကုန်စည်အုပ်စုတွေကို အခြေခံကုန်စည် အစရှိတဲ့ စားသုံးကုန်စည်များ၊ လူသုံးကုန်စည်များ၊ စက်မှုကုန်စည်များနဲ့ အခြားကုန်စည်များဆိုပြီးတော့ ကုန်စည်အုပ်စုတွေခွဲပြီးတော့ တွက်ချက်ခြင်းဖြစ်ပါတယ်။ ရွှေကိုသော်လည်းကောင်း၊ ဒေါ်လာကိုသော်လည်းကောင်း အခြေခံပြီးတော့ တွက်ချက်တာမဟုတ်ပါဘူး။ ကုန်စည် အုပ်စုပေါင်းမှာ ကုန်စည်အမယ်(၁၂၀)ကျော် ပါဝင်တွက်ချက်တာ ဖြစ်ပါတယ်။ အဲ့ဒီလိုတွက်ချက်ထားတာဖြစ်တဲ့အတွက် တွက်ချက်တဲ့ကာလနဲ့ တွက်ချက်တဲ့အချိန်အပေါ်မှာ မူတည်ပြီးတော့ တွက်ချက်မှုရဲ့ကိန်းဂဏန်းကို ဖော်ပြခြင်းဖြစ်ပါကြောင်း ဦးစွာရှင်းလင်းအပ်ပါတယ်။

၂၀၁၅ ခုနှစ် ဇူလိုင်နဲ့ ဩဂုတ်မှာတော့ (၁၀)ရာခိုင်နှုန်းကျော်တယ်လို့ ပြင်ပက တွက်ချက်မှုရှိပါတယ်။ အဲ့ဒီလိုတွက်ချက်မှုရှိတဲ့အခါမှာလည်း တွက်ချက်ဖော်ပြမှုဟာ ကျွန်တော်တို့ တွက်ချက်ဖော်ပြခြင်းရဲ့ အခြေခံနှစ်ကတော့ ၂၀၀၆ ခုနှစ်ကို အခြေခံအားဖြင့် ၁၀၀ လို့ထားပြီးတော့ ၂၀၀၆ ခုနှစ် အခြေခံဈေးနှုန်းများနဲ့ တွက်ချက်နေတာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ တွက်ချက်တဲ့ အခြေခံနှစ်ဟာ ၂၀၀၆ ခုနှစ်ကနေပြီးတော့ စတွက်လာတဲ့ အခြေခံတွက်ချက်မှုဖြစ်ပါတယ်။ အဲ့ဒီလို တွက်ချက်တာဖြစ်တဲ့အတွက် အခြေခံနှစ်ကို တွက်ချက်မှုအပေါ်မှာ မူတည်ပြီးတော့ ကွာခြားနိုင်ပါကြောင်းလည်း တင်ပြအပ်ပါတယ်။ ၂၀၁၅ ခုနှစ် ဇူလိုင်နဲ့ ဩဂုတ်လများမှာတော့ ကမ္ဘာ့တွက်ချက်မှုတချို့မှာ (၁၀)ရာခိုင်နှုန်း ကျော်တယ်လို့ ဖော်ပြပြီးတော့မှ ကျွန်တော်တို့အနေနဲ့လည်း အဲ့ဒီကာလမှာ သက်ဆိုင်ရာ ဒေါ်လာဈေးနှုန်းရော၊ အခြားဆန်ဈေးနှုန်းရော၊ အခြားအခြေခံကုန်စည်များရဲ့ ဈေးနှုန်းများအရ တိုးတက်ချက်ကို ချဉ်းကပ်လာတယ်လို့ ဖော်ပြခဲ့ပြီးဖြစ်ပါတယ်။

အထူးသဖြင့်တော့ ဒီလိုဆောင်ရွက်တဲ့အခါမှာ GDP Grow Rate ဟာ ကျွန်တော်တို့နိုင်ငံက တခြားနိုင်ငံတွေ နိုင်ငံကြီးတွေထက်စာရင်တော့ တိုးတက်မှုနှုန်းမြင့်မားတာဟာ အခြေခံကိန်းဂဏန်း သေးလို့ပါ၊ Base Data သေးတဲ့အတွက် ကျွန်တော်တို့ရဲ့ Grow Rate က မြင့်မားရတာဖြစ်ပါတယ်။ ဥပမာအားဖြင့် ဂျပန်၊ အမေရိကန် နိုင်ငံတွေမှာဆိုရင်တော့ (၂)တို့(၃)တို့ကသာ အများဆုံးဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ စီးပွားရေးအခြေခံက ထရီလီယံအများကြီး ကြီးတာဖြစ်တဲ့အတွက် သူတို့ရဲ့ တိုးတက်မှုနှုန်းနည်းနည်းလေးဟာ၊ သူတို့ရဲ့ (သုည ဒသမ ၁) တိုးတက်မှုနှုန်းဟာ ကျွန်တော်တို့ရဲ့(၁) တိုးတက်မှုနှုန်းလောက်ရှိနေတာဖြစ်တဲ့အတွက်ကြောင့် ဒီဟာက အခြေခံအပေါ်မှာ မူတည်ပါတယ်။

အခုကတော့ ပြုပြင်ပြောင်းလဲမှုလုပ်တဲ့အခါမှာ FESR (၁၀)ချက်အရ ဆောင်ရွက်တဲ့အခါ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှု၊ ဗဟိုဘဏ်နဲ့ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှု ကျွန်တော်တို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဘဏ္ဍာရေးနဲ့ပတ်သက်လို့ ပြုပြင်ပြောင်းလဲမှုမှာလည်း ငွေလဲလှယ်နှုန်းနဲ့ ပတ်သက်လို့ နှစ်ပေါင်း (၄၀)ကျော်ကြာမြင့်ခဲ့တဲ့ငွေလဲလှယ်နှုန်း အမျိုးမျိုးရှိနေရာကနေ ၂၀၁၂ ခုနှစ် ဧပြီ ၁ ရက်မှာ ကျွန်တော်တို့ နှုန်းရှင်ငွေလဲလှယ်နှုန်းအဖြစ် သတ်မှတ်နိုင်ခဲ့ပါတယ်။ ဒီလို လဲလှယ်နိုင်ခဲ့တာဟာ နိုင်ငံတော်ရဲ့အောင်မြင်တဲ့ ပြုပြင်ပြောင်းလဲမှုပဲ ဖြစ်ပါတယ်။ အဲ့ဒီလိုပြုပြင်ပြောင်းလဲမှု တစ်ဆင့်ပြီးတဲ့အခါမှာ ဗဟိုဘဏ်ရဲ့ လွတ်လပ်စွာ ဗဟိုဘဏ်ဖြစ်ခွင့် ဆက်လက်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲ့ဒီလိုဆောင်ရွက်ခဲ့တာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဆောင်ရွက်မှုအခြေအနေဟာ (၃၆)လတာကာလအနေနဲ့ ဆောင်ရွက်ပြီးတော့မှ ငွေလဲလှယ်နှုန်းဟာ စတင်ပြောင်းလဲတဲ့ကာလမှာ (၈၀၀) ပတ်ဝန်းကျင်မှာပဲရှိပြီးတော့ အခု(၃၆)လတာကာလအတွင်းမှာ ပြုပြင်ပြောင်းလဲမှုအပေါ်မှာ ဖြစ်ပေါ်လာတဲ့ ငွေကြေးလဲလှယ်မှုနှုန်းဖြစ်ပါတယ်။ ဗဟိုဘဏ်ရဲ့ ပြုပြင်ပြောင်းလဲမှုအနေနဲ့လည်း တစ်နှစ်ကျော်ကျော်လေးပဲ ရှိသေးတာဖြစ်တဲ့အတွက် ဒီဟာနဲ့ပတ်သက်လို့ ဆောင်ရွက်မှုတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခုက ဒေါ်ခင်မွေးလွင် ဆွေးနွေးသွားတဲ့အပိုင်းမှာ အထူးသဖြင့်တော့ လက်ညှိုးထိုးစီမံကိန်းများလို့ခေါ်တဲ့ စီမံကိန်းကို အစိုးရစတက်ကတည်းက မသုံးပါဘူး။ ယခုအချိန်မှာဆိုရင် ပြည်သူများပါဝင်ဆောင်ရွက်နိုင်တဲ့ စီမံကိန်းကိုသုံးပြီးတော့မှ အောက်ခြေကနေ စတင်ရေးဆွဲတဲ့ စီမံကိန်းကို သုံးတာဖြစ်ပါတယ်။ အောက်ခြေက စတင်ရေးဆွဲတဲ့အခါမှာ အောက်ခြေက စတင်ရေးဆွဲမှုဟာ ပြည်သူတွေအနေနဲ့ ပါဝင်တယ်ဆိုပေမယ့် ပြည်သူ့ကိုယ်စားလှယ်များ သို့မဟုတ် မြို့နယ်တွေမှာရှိတဲ့ မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှာရှိတဲ့ လွှတ်တော်အဆင့်ဆင့်က လွှတ်တော်ကိုယ်စားလှယ်များနဲ့ မြို့နယ်မှာရှိတဲ့ ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီက ပုဂ္ဂိုလ်များက ပါဝင်နိုင်ပြီးတော့မှ ပြည်သူများရဲ့ လိုအပ်ချက်ကို အတတ်နိုင်ဆုံး ပါဝင်နိုင်အောင် ဆွေးနွေးတဲ့ ဒီစီမံကိန်းကို ထည့်သွင်းသုံးစွဲနေတာဖြစ်ပါတယ်။ လက်ညှိုးထိုးစီမံကိန်းများကိုတော့ လုံးဝမသုံးတော့ဘဲနဲ့ ယခုအခါမှာတော့ Botton Up Plan ကို သုံးနေတာဖြစ်တဲ့အတွက် ဒီထိရောက်မှုကတော့ ပြည်သူတွေရဲ့လိုအပ်ချက်ကို ထိရောက်သည်ထက် ထိရောက်လာအောင် စနစ်တကျ ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ယခုရေးဆွဲခဲ့တဲ့ စီမံကိန်းများမှာလည်း Botton Up Plan ဖြစ်တဲ့အတွက် ပြည်သူတွေကို ထိရောက်သည်ထက် ထိရောက်အောင် ဆောင်ရွက်ခဲ့တဲ့ စီမံကိန်းများဖြစ်ပါတယ်။

ဦးသိန်းအောင်တင်ပြတဲ့ အချက်အလက်အနေနဲ့ကတော့ နောက်ဆုံးအနေနဲ့ ကျွန်တော်တို့က အဆင်းရဲဆုံးနိုင်ငံဆိုတဲ့အဆင့်ကတော့ ကမ္ဘာမှာလည်း မရှိတော့ဘူး။ ကျွန်တော်တို့က အဆင်းရဲဆုံးနိုင်ငံလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့အနေနဲ့ ၁၉၈၇ ခုနှစ်က ဝင်ရောက်ခဲ့ရတဲ့ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများအဖွဲ့ Least Developed Countries ဆိုတဲ့ Country ထဲမှာ ရှိနေတာဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ အဓိက အခြေခံလိုအပ်ချက်ဖြစ်တဲ့ ညွှန်ကိန်း(၃)ခုထဲက ညွှန်ကိန်း(၂)ခု တစ်ဦးကျထုတ်လုပ်မှုနဲ့တစ်ဦးကျဝင်ငွေ၊ HDI ဆိုတဲ့ဟာ နှစ်ခုကို ပြည့်မီနေပြီဖြစ်တဲ့အတွက် ဒုတိယသမ္မတ (၂) ဦးစီးတဲ့ ဖွံ့ဖြိုးမှုအနိမ့်ကျဆုံးနိုင်ငံဆင့်မှ လွတ်မြောက်ခြင်းကို စနစ်တကျဆောင်ရွက်လျက်ရှိသလို ကုလသမဂ္ဂကို ကျွန်တော်တို့သည် LDC မှ လွတ်မြောက်လိုပါကြောင်းကို တရားဝင်တင်ပြပြီးဖြစ်ပါတယ်။ ဒီလိုတရားဝင်တင်ပြတဲ့အတွက်လည်း ကုလသမဂ္ဂက ကျွန်တော်တို့ဆီကို အဖွဲ့စေလွှတ်ပြီးတော့မှ ဆောင်ရွက်ရမယ့် လမ်းကြောင်းတွေကို ချမှတ်ပေးလျက်ရှိတာဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ LDC မှ စနစ်တကျလွတ်မြောက်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဆောင်ရွက်လျက်ရှိတဲ့ အချိန်မှာတောင်မှ ကျွန်တော်တို့ဟာ လာအိုနိုင်ငံနဲ့ အတူတူပါ။ လာအိုနိုင်ငံဟာ ကျွန်တော်တို့ထက်စောပြီးတော့ တင်ပြတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ စစ်ဆေးခံမှုဟာ ၂၀၁၈ ခုနှစ်လောက်မှစပြီး စစ်ဆေးခံရမှာဖြစ်ပါတယ်။ စစ်ဆေးခံမှုက (၃)နှစ် ကြာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့က အစောဆုံးဟာ ၂၀၂၀-၂၀၂၁ မှသာလျှင် ကျွန်တော်တို့ LDC ကို စတင်ဆောင်ရွက်နိုင်မယ့်အခြေအနေရှိပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

## သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ကာလတွင် ဗျောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများမရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ထိုသို့ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်ခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီးနယ်မြေအတွင်း ၂၀၁၄ ခုနှစ်၌ ဗျောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချမှု ကိုးမှုနှင့် ပစ်ဖောက်မှု တစ်မှု၊ စုစုပေါင်း ၁၀ မှုမှ တရားခံ ၁၀ ဦးတို့ကို ဖမ်းဆီးအရေးယူခဲ့ရပြီး ၂၀၁၅ ခုနှစ် သီတင်းကျွတ်ကာလ အတွင်း ဗျောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချမှု ၁၄ မှုမှ တရားခံ ၁၄ ဦးတို့အား ဖမ်းဆီးအရေးယူခဲ့ရပါသည်။

၃။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်များအတွင်းတွင် ဗျောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကိုထိခိုက်အောင်ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗျောက်အိုး၊ မီးရှူး၊ မီးဒုံး(ရှူးဒိုင်း)များအား လူစည်ကားရာနေရာများ၊ ကုန်တိုက်ကြီးများ၊ ဈေးများ၊ လမ်းမကြီးများတွင် ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းများမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## တင်သွင်းလာသော မော်တော်ယာဉ်များအား လုပ်ထုံးလုပ်နည်းနှင့်အညီ အကောက်ခွန်ရှင်းလင်းထုတ်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၅**

အကောက်ခွန် ဦးစီးဌာနမှ မော်တော်ယာဉ် အစားထိုးစီမံချက်အပါအဝင် ပြည်ပမှတင်သွင်းလာသော မော်တော်ယာဉ်များအပေါ် အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျသင့်ခွန်များကို စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်စီးရေမှာ နိုဝင်ဘာ ၂၄ရက်အထိ ၅၀၁၅၃၁ စီးဖြစ်ပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေအဖြစ် အကောက်ခွန် ၆၉၄၃၇၅ ဒသမ ဝ၃ ကျပ်သန်း၊ ကုန်သွယ်လုပ်ငန်းခွန် ၆၂၀၇၂၄ ဒသမ ၂၁ ကျပ်သန်း ကောက်ခံရရှိပြီးဖြစ်သည်။

အဆိုပါ အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ စည်းကြပ်ကောက်ခံ၍ ထုတ်ပေးပြီးဖြစ်သည့် ယာဉ်များအနက် ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးလဲလှယ်ရေး စီမံချက်အတွက် ၁၃၂၁၂၃ စီး၊ ကားအရောင်းပြခန်းများအတွက် ၁၁၂၂၅၆ စီး၊ သံတော်သားပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၁၈ စီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၂၈၆ စီး၊ ကုမ္ပဏီပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး ၇၃၀၊ ပြည်ပနေ အလုပ်လုပ်ကိုင်သူများပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၄၃ စီး၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၉၉၇ စီး၊ စစ်သုံးအမှုထမ်းပါမစ်ဖြင့် တင်သွင်းမှုများအတွက် ၁၀၈ စီးနှင့် လွတ်လပ်စွာဝယ်ယူသူပါမစ်ဖြင့် တင်သွင်းမှုများအတွက် အစီး၂၅၁၁၇၀ တို့ဖြစ်ကြောင်း သိရသည်။

**(ဝင်းမြင့်)**

■

ပြည်တွင်းရေးရာ

# စစ်ကိုင်းပညာရေးတက္ကသိုလ်မှ အထူးချွန်ဆုံး ဘီအီးဒီကျောင်းသူတစ်ဦးအား ဆရာကြီး ဒေါက်တာဦးသန်းဦး ရွှေတံဆိပ်ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၅

စစ်ကိုင်းပညာရေးတက္ကသိုလ်၏ (၁၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယင်းတက္ကသိုလ်၌ နိုဝင်ဘာ ၂၁ ရက်တွင် ကျင်းပရာ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာဦးသန်းဦးက ဦးသန်းဦးဖောင်ဒေးရှင်း၏ စစ်ကိုင်းပညာရေးတက္ကသိုလ် ပထမဦးဆုံး ဘီအီးဒီဘွဲ့ ရွှေတံဆိပ်ဆုရ မသူသူလင်းအား ရွှေတံဆိပ်ဆု ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာဦးသန်းဦးသည် လွန်ခဲ့သည့် ၁၉၆၀ ပြည့်နှစ် ဘီအီးဒီဘွဲ့စာမေးပွဲတွင် ပထမအဆင့်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သဖြင့် စည်သူဒေါက်တာဦးဘက ရွှေတံဆိပ်ဆုကို ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ချီးမြှင့်ခံခဲ့ရသူဖြစ်သည်။

ဆရာကြီး ဒေါက်တာဦးသန်းဦးသည် မိမိကိုယ်တိုင် ဘီအီးဒီ ရွှေတံဆိပ်ဆုရရှိခဲ့သည့်နည်းတူ ယနေ့မျက်မှောက် ပညာရေးတက္ကသိုလ်များတွင် ပထမနှစ်မှ နောက်ဆုံးနှစ်အထိ နှစ်စဉ်နှစ်ဆက် ပထမအဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သူအား ဘီအီးဒီဘွဲ့အပ်နှင်းသော အခမ်းအနားတွင် ရွှေတံဆိပ်ဆုချီးမြှင့်ရန် စေတနာဆန္ဒဖြစ်ပေါ်လာပါသဖြင့် မိမိ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကိုရည်စူး၍ ကန်တော့ကြသည့်ငွေကြေးများကို မိမိ၏ နောင်ရေးကျန်းမာရေးအတွက် မငဲ့ကွက်ဘဲ ၂၀၁၂ ခုနှစ်တွင် ဘဏ်၌ “ဦးသန်းဦးဖောင်ဒေးရှင်း” အမည်ဖြင့် ငွေကျပ်သိန်း ၁၀၀ စတင် အပ်နှံခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ကျပ် သိန်း ၃၇၀ အထိ တိုးမြှင့်ရရှိခဲ့ပြီးဖြစ်ပါသည်။

ဆရာကြီး ဒေါက်တာဦးသန်းဦးသည် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၂ ရက်က ရန်ကုန်ပညာရေးတက္ကသိုလ် (၄၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် “ဘီအီးဒီဘွဲ့ ဦးသန်းဦး ရွှေတံဆိပ်ဆု”ကို ပထမဆုံးအကြိမ် စတင်ချီးမြှင့်ခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်မှ ဆရာမ ဒေါ်စုမြတ်အေးသောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပသည့် ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၄၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဒုတိယရွှေတံဆိပ်ဆုအဖြစ် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်မှ ဆရာမ ဒေါ်ပြည့်ဖြိုးမြင့်၊ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ တတိယရွှေတံဆိပ်ဆုအဖြစ် ရန်ကုန်တိုင်းဒေသကြီးမှ ဆရာမ ဒေါ်ခင်ခင်သန့်စင်တို့က ဆွတ်ခူးရရှိခဲ့ကြပြီး အဆိုပါထူးချွန်ဆရာမသုံးဦးတို့သည် မဟာပညာရေးဘွဲ့(အမ်အီးဒီ)သင်တန်းသို့ ဆက်လက်တက်ရောက်လျက်ရှိကြသည်။



နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီး ဒေါက်တာဦးသန်းဦးက ဦးသန်းဦး ဖောင်ဒေးရှင်း၏ စစ်ကိုင်းပညာရေးတက္ကသိုလ် ပထမဦးဆုံး ဘီအီးဒီဘွဲ့ ရွှေတံဆိပ်ဆုရ မသူသူလင်းအား ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။

ဆရာကြီး ဒေါက်တာဦးသန်းဦးသည် ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် စစ်ကိုင်းပညာရေးတက္ကသိုလ်နည်းတူ အထက်တန်းပြဆရာများ လေ့ကျင့်ပျိုးထောင်ပေးရာ စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဘီအီးဒီ ပညာရေးဘွဲ့ရရှိသူများအနက် ပထမအဆင့်ဖြင့် ထူးချွန်စွာ အောင်မြင်သူတစ်ဦးအား ၂၀၁၆-၁၇ ပညာသင်နှစ်တွင် ရွှေတံဆိပ်ဆု ဆက်လက်ချီးမြှင့်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(ကိုလတ်-သတင်းစဉ်)**

# ဆုံးပါးသွားခဲ့ပေမယ့်လည်း ရေးသားခဲ့သော စာပေများစွာ ရှင်သန်ထုတ်ဝေနေဆဲရှိနေတဲ့ လူထုဒေါ်အမာ

မန္တလေး နိုဝင်ဘာ ၂၅

**မြန်မာစာပေလောကတွင် စွယ်စုံရစာပေပညာရှင်ကြီး လူထုဒေါ်အမာသည် အသက် (၉၃) နှစ်အရွယ် ၂၀၀၈ ခုနှစ် ဧပြီ ၇ ရက်တွင် ဆုံးပါးသွားခဲ့သော်လည်း ဆရာမကြီးရေးသားခဲ့သော ပြည်သူ့အကျိုးပြုစာပေများစွာတို့မှာ ယနေ့အချိန်အထိ စာအုပ်အဖြစ် ထုတ်ဝေနေရဆဲပင်ဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှစ၍ အယ်ဒီတာတာဝန်ဖြင့် ယနေ့အချိန်အထိ လူထုပုံနှိပ်တိုက်တွင် တာဝန်ယူဆောင်ရွက်နေသည့် ဆရာညီစေမင်းက ပြောသည်။**



မြန်မာစာပေလောကမှ စွယ်စုံရစာပေ ပညာရှင်ကြီး လူထုဒေါ်အမာ။

“ဒေါ်ဒေါ်က စာရေးနေရရင် ကျေနပ်နေသလို စာရေးပါလို့လည်း တိုက်တွန်းပြီး စာရေးဆရာတွေကိုလည်း အားပေးကူညီတတ်သူပါ။ သူပြုစုပျိုးထောင်ပေးခဲ့တဲ့ စာရေးဆရာတွေ မြန်မာပြည်အနှံ့မှာ အများကြီးရှိပါတယ်။ သူရေးခဲ့တဲ့ စာအုပ်တွေထဲမှ အကောင်းဆုံးနဲ့ အမှတ်တရအဖြစ်ဆုံးက “ပြည်သူချစ်သော အနုပညာသည်များ”စာအုပ်ပါ။ စာပေဆုရလို့ ပြောတာမဟုတ်ပါဘူး။ သူ့ရဲ့အားထုတ်မှုတွေကို ဒီစာအုပ်မှာ တွေ့ရမှာဖြစ်ပါတယ်။ ထူးခြားချက်အနေနဲ့ ပြောရမယ်ဆိုရင် သူဆုံးပါးသွားခဲ့ပေမယ့် သူရေးသားခဲ့ပြီး မထုတ်ရသေးတဲ့စာမူတွေနဲ့ မဂ္ဂဇင်းတွေမှာ ရေးသားခဲ့တဲ့ ဆောင်းပါးတွေကို အခုအချိန်အထိ စာအုပ်အဖြစ် ထုတ်ဝေနေရဆဲပါပဲ”ဟု ၎င်းက ပြောသည်။

၁၉၃၆ ခုနှစ် တက္ကသိုလ်ကျောင်းသူဘဝမှစ၍ ကျောင်းသားသပိတ်နှင့် ဖက်ဆစ်ဆန့်ကျင်ရေးများတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ပူးတွဲ၍ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ပြီး ၁၉၄၅ ခုနှစ် ဇူလိုင်လတွင် လူထုဂျာနယ်ကို စာနယ်ဇင်းလောကတွင် ပထမဆုံး စတင်ထုတ်ဝေ၍ ပြည်သူ့ဘက်မှရပ်တည်ကာ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးလုပ်ငန်းများကို စာပေအရေးအသားများဖြင့် ရဲရဲတောက် ရေးသားခဲ့သော လူထုဒေါ်အမာကဲ့သို့ ပုဂ္ဂိုလ်မျိုးဆုံးပါးသွားခြင်းသည် မြန်မာပြည်၏ ထင်ရှားသောပုဂ္ဂိုလ်တစ်ဦးအဖြစ် မေ့ပျောက်၍ မရနိုင်ကြောင်း မန္တလေးမြို့မှ သတင်းစာဆရာကြီး မောင်သစ်လွင်(လူထု)က ပြောသည်။

“ဒေါ်ဒေါ်ရဲ့ စာအုပ်တွေအများကြီးထဲက Trial in Burma ဆိုတဲ့စာအုပ်ကို ဗမာပြည်တွင် စစ်ဆေးခဲ့သော အမှုအခင်းများဆိုပြီး ၁၉၃၈ ခုနှစ်မှာ ပထမအကြိမ် ဘာသာပြန်ထုတ်ဝေခဲ့တဲ့ စာအုပ်လေးဟာ သူ့ရဲ့ ပထမဆုံးထုတ်ဝေတဲ့ စာအုပ်လေးဖြစ်တဲ့အပြင် သူ့အတွက် အောင်မြင်တဲ့ စာနယ်ဇင်းသမားဖြစ်ဖို့ တွန်းပို့လိုက်တဲ့ စာအုပ်လေးအဖြစ် အမှတ်တရအရှိဆုံး စာအုပ်လေးပါပဲ။ ဒေါ်ဒေါ်နဲ့ လူထုဦးလှတို့ဆိုတာက စာနယ်ဇင်းလုပ်ငန်းနဲ့ ပတ်သက်ရင် အဘရဲ့ ကန့်ကူလက်လှည့်ဆရာတွေဖြစ်တဲ့အပြင် မန္တလေးရဲ့ပုံရိပ်ကို ပေါ်လွင်စေတဲ့ ပုဂ္ဂိုလ်တွေဖြစ်တာကြောင့် သူတို့ဆုံးပါးသွားတာ အလွန်နှမြောစရာကောင်းလှပါတယ်”ဟု ၎င်းက ပြောသည်။

ထို့အပြင် လူထုဒေါ်အမာသည် စာရေးဆရာ တစ်ယောက်သာမက သတင်းစာဆရာတစ်ဦးအဖြစ် သူ့ခေတ်သူ့အခါတွင် အမျိုးသမီးများထဲမှ ရှားရှားပါးပါး ပေါ်ပေါက်ခဲ့ပြီး လူထုသတင်းစာ၏ အယ်ဒီတာတစ်ယောက်အနေဖြင့် နိုင်ငံတကာသုံးသပ်ချက် ဆောင်းပါးများကို တောက်လျှောက်ရေးသားပေးခဲ့သည့် သတင်းစာဆရာမကြီးအဖြစ် လေးစားစရာကောင်းသည့်အပြင် စာရေးဆရာတစ်ယောက်အနေဖြင့်လည်း ဘာသာပြန်ဝတ္ထုများ၊ အနုပညာနှင့် ယဉ်ကျေးမှုဆိုင်ရာ စာပေများစွာကိုလည်း ရေးသားခဲ့ပြီး အထူးသဖြင့် ‘ပြည်သူချစ်သောအနုပညာ’စာအုပ်သည် စာပေဗိမာန်စာပေဆုရခဲ့သည့်အပြင် အကြိမ်ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ရသော စာအုပ်အဖြစ် မြန်မာစာပေလောကတွင် မရှိမဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မန္တလေးမြို့ခံ စာရေးဆရာဆူးငှက်က ပြောသည်။

“ဒီလိုဂုဏ်ပုဒ်တွေနဲ့ ထင်ရှားကျော်ကြားခဲ့တဲ့ ဆရာမကြီးဟာ အခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၉ ရက်မှာ နှစ် ၁၀၀ ပြည့်သွားပါပြီ။ အချိန်ကာလဟာ တိုင်းပြည်အတွက် အေးအေးချမ်းချမ်းနဲ့ ရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးတဲ့ မင်္ဂလာရှိနေတဲ့အချိန်မှာ တိုင်းပြည်ကောင်းစားရေးကို အလွန်လိုလားတဲ့ လူထုဒေါ်အမာရဲ့ နှစ် (၁၀၀) ပြည့်ပွဲကို ကျင်းပရတော့မှာဖြစ်တဲ့အတွက် ကျွန်တော်တို့ မြန်မာစာပေမျိုးဆက်အတွက် အင်မတန်ဝမ်းမြောက်ဂုဏ်ယူစရာကောင်းပါတယ်။ ဒါ့အပြင် ကျွန်တော့်ကို စာရေးဆရာဖြစ်ဖို့ တွန်းအားပေးတဲ့ ‘ပြည်သူချစ်သောအနုပညာသည်များ’ စာအုပ်ကို အကြိုက်ဆုံးပါပဲဟု ၎င်းက ပြောသည်။

ဆရာမကြီးလူထုဒေါ်အမာ၏ စာပေပေါ်၌ ထားရှိသည့် စိတ်ဓာတ်များသည် အလွန်လေးစားအတုယူစရာကောင်းကြောင်းကို သူရေးသားခဲ့သော စာပေများကို ဖတ်ရှုလေ့လာခြင်းဖြင့် စေတနာထားအားစိုက်၍ ရေးသားထားသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး ဆုံးပါးသွားခဲ့သည့်တိုင်အောင် အနာဂတ်စာပေလောကအတွက် အမှတ်တရများစွာ ချန်ထားခဲ့သည့်အပြင် သူရေးသားခဲ့သည့် စာပေများမှာလည်း ယခုအချိန်အထိတိုင် ထုတ်ဝေနေရဆဲရှိနေသဖြင့် စာနယ်ဇင်းလောက စာပေသမိုင်းတွင် ဆက်လက်ရှင်သန်နေဆဲပင်ရှိနေသေးသည့် ရှားမှရှားသော လူထုဒေါ်အမာပင်ဖြစ်ပေသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

○ **ရွှေ့ဖုံးမှ**

ယုံကြည်စိတ်ချရတဲ့ ဓာတ်အားထောက်ပံ့ပေးရာမှာ အစိုးရကို အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်”ဟု ၎င်းက ပြောကြားသည်။ အဆိုပါလျှပ်စစ်ဓာတ်အားကွန်ရက် အဆင့်မြှင့်တင်ရေးစီမံကိန်းမှာ သီတာ-သာကေတ-ကျိုက္ကဆံဓာတ်အားလိုင်းစနစ်အား ၆၆ ကေဗွီမှ ၂၃၀ ကေဗွီအဖြစ် အဆင့်မြှင့်တင်မည်ဖြစ်ပြီး တောင်ဥက္ကလာပနှင့် ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်တို့၌ ဓာတ်အားခွဲရုံနှစ်ရုံ တည်ဆောက်မည်ဖြစ်သည်။ ထိုစီမံကိန်းတွင် ရန်ကုန်မြို့တော်ရှိ အလုံ၊ သီတာ၊ သာကေတ၊ တောင်ဥက္ကလာပ၊ လှော်ကား၊ မြောင်းတကာ၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်နှင့် လှိုင်သာယာမြို့များရှိ ဓာတ်အားခွဲရုံများ ပါဝင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ စီးပွားရေးမှာ လာမည့်ဆယ်စုနှစ်အတွင်း တစ်နှစ်လျှင် ၇ ဒသမ ၈ ရာခိုင်နှုန်းဝန်းကျင်ဖြင့် တိုးတက်မည်ဟု မျှော်မှန်းထားပြီး ၂၀၃၀ ပြည့်နှစ်အထိ ခန့်မှန်းခြေ နှစ်စဉ် ကိုးရာခိုင်နှုန်းကျော်ရှိမည့် မြင့်မားလာသော ဓာတ်အားလိုအပ်ချက်ဖြည့်ဆည်းပေးရန် အစိုးရအနေဖြင့် ဓာတ်အားပို့လွှတ်ရေးနှင့် ဖြန့်ဖြူးရေးကွန်ရက်များတိုးချဲ့ရန် လိုအပ်သည်။ မြန်မာအစိုးရက ယင်း၏ စွမ်းအင် ရည်မှန်းချက်များပြည့်မီရန် ဖွံ့ဖြိုးရေးစီမံချက်တစ်ခုကို ရေးဆွဲထားပြီး အခြေခံအဆောက်အအုံအဆင့်မြှင့်တင်မှုများနှင့် အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်မှုများမှတစ်ဆင့် ADB က အစိုးရအား ပံ့ပိုးကူညီလျက်ရှိသည်။ ၂၀၁၉ ခုနှစ် ဇွန်လအတွင်းပြီးစီးရန် မျှော်မှန်းထားသော သုံးနှစ်ကြာတည်ဆောက်ရမည့် ယင်းစီမံကိန်းတွင် မြန်မာအစိုးရက စီမံအုပ်ချုပ်မှုဆိုင်ရာကုန်ကျစရိတ်များ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာ ကာကွယ်ပေးရေးကိစ္စရပ်များနှင့် ဓာတ်အားခွဲရုံရှိရာဒေသများ၌ အဝင်အထွက် လမ်းနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မှုအပါအဝင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃သန်းနှင့်ညီမျှသည့် ပစ္စည်းကိရိယာများ ထောက်ပံ့ပေးမည်ဖြစ်သည်။

● **ဆိပ်ကမ်းလုပ်ငန်းမှ**

ယင်းအပြင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းနှင့် မြန်မာ့အဏ္ဏဝါ စွမ်းအားရှင်ဂရု(ပ်)(အက်စ်) ကုမဏီလီမိတက်တို့သည် ပဋိညာဉ်စာချုပ်နှင့် မြေငှားစာချုပ်တို့ကို ၂၀၁၃ ခုနှစ်တွင် လက်မှတ်ရေးထိုးကာ ယခင်စက်မှု(၁) ဝန်ကြီးဌာန မြန်မာ့ကြွေထည်မြေထည် လုပ်ငန်းပိုင် ကမ်းနားလမ်းရှိ မြေ ၁၇ ဒသမ ၃၆ ဧကကို ငှားရမ်း၍ ယင်းမြေပေါ်တွင် B.O.T စနစ်ဖြင့် မြန်မာ့စက်မှုဆိပ်ကမ်း အမှတ်(၁)၊ (၂) ဆိပ်ခံတံတား၊ ကုန်သေတ္တာ လွှင်ပြင်နှင့် ကုန်းတွင်း ကုန်သေတ္တာ စခန်းတို့ပါဝင်သည့် မြန်မာ့စက်မှု ဆိပ်ကမ်း (Myanmar Industrial Port-MIP) ကို အကောင်အထည်ဖော် တည်ဆောက်ကာ ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

ယင်းအပြင် ရန်ကုန်ဆိပ်ကမ်းအား နိုင်ငံတကာအဆင့်မီ ဆိပ်ကမ်းအဖြစ် အဆင့်မြှင့်တင်ရေး၊ ဆိပ်ကမ်းဖွံ့ဖြိုးတိုးတက်ရေး Master Plan ရေးဆွဲကာ ဆောင်ရွက်လျက်ရှိပြီး မြန်မာ့စက်မှုဆိပ်ကမ်း (၃) (၄)၊ (၅) တို့အား ဆိပ်ခံတံတားနှင့် ကုန်သေတ္တာ လွှင်ပြင်စီမံကိန်းအဖြစ် စုစုပေါင်း နောက်ခံမြေဧရိယာ ၄၈ ဒသမ ၀၇၁ ဧကပေါ်တွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၀၀၁)**

## တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

## ပြည်တွင်းရေးရာ



❖ရန်ကုန်မှ
ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်မိသားစုများ တက်ရောက်သည်။

ဖွင့်ပွဲတွင် တာဝန်ခံအလှည့်ကျဂေါပက ဒေါက်တာဦးအေးကျော်က အမှာစကား ပြောကြားပြီး တာဝန်ခံအလှည့်ကျဂေါပက ဒေါက်တာဦးအေးကျော်၊ အလှည့်ကျဂေါပကအဖွဲ့ဝင်များဖြစ်သော ဦးခင်ဆွေနှင့် ဦးစိုင်းမောင်မောင်မြင့်တို့က အခမ်းအနားကို ကံထူးဆုငွေသားပါ မိုးပျံပူဖောင်းများကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးသည်။

ညနေ ၅ နာရီခွဲတွင် ရက်ကန်းစင် ၂၂ စင်ဖြင့် မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်ခတ်ကြသည်။ ယင်းနောက် ဝိနည်းတော်နှင့်အညီ ရက်ကန်းချုပ်လုပ်ခြင်း၊ ရွှေကြာများကပ်ခြင်း၊ တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်မတက်မီ သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်၏ ဆံတော်မြတ်နှင့် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်များကို မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်ပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင် ဂေါပကအဖွဲ့ကကြီးမှူး၍ (၂၅) ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ညနေပိုင်းတွင် ကျင်းပရာ ဂေါပကဥက္ကဋ္ဌ ဦးတင့်လွင်က ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ရှင်းလင်းပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် ဂေါပကဥက္ကဋ္ဌတို့က မင်္ဂလာဖဲကြိုးဖြတ်၍ မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲအား ဖွင့်လှစ်ပေးပြီး ရက်ကန်းစင် ၁၂ စင် ရက်ခတ်ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ (၁၈)ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် ကျင်းပရာ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပြိုင်ပွဲအား ရတနာရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဝတ်အသင်းအဖွဲ့များက ရက်ကန်းစင်ခုနစ်စင်ဖြင့် ယှဉ်ပြိုင်ရက်ခတ်ကြသည်။

**(သတင်းစဉ်)**

☆ပျောက်ကွယ်လုမှ
ပါဝင်ဆင်နွှဲနိုင်ကြောင်းသိရသည်။ ဝင်ကြေးအခမဲ့ဖြစ်ပြီး နာမည်ကျော်တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အက၊ အလှများ၊ ကလေးများ၏ ချစ်စဖွယ် တေးသရုပ်ဖော် အကများ၊ ကလေးငယ်များအတွက် မီးပုံးဆေးချယ်ပြိုင်ပွဲများ၊ မီးပုံးဥယျာဉ်၊ မီးကြာခွက်ရေမျှောပွဲ၊ မီးမျှောကန်များ၊ မြန်မာ့ရိုးရာ ကစားနည်းများ ပါဝင်ကာ မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာ မုန့်မျိုးစုံများကိုလည်း ရောင်းချလျက်ရှိကြောင်း သိရသည်။

မြန်မာအင်တာနေရှင်နယ်ရုပ်သံမှ အမှုဆောင်အရာရှိချုပ် ဦးဇော်သက်မောင်က "ရိုးရာမီးပုံးလေးတွေက ပျောက်ကွယ်လုနီးပါးရှိနေပါပြီ။ ရိုးရာမီးပုံးတွေအစား ပြည်ပကဝင်ရောက်လာတဲ့ မီးပုံးတွေများလာတယ်လေ။ ငယ်စဉ်ကဆော့ခဲ့ကြတဲ့ စက္ကူမီးပုံးလေးတွေက သီတင်းကျွတ်၊ တန်ဆောင်တိုင်ရောက်တယ်ဆိုရင် အိမ်ကမိဘတွေကဝယ်ပေးကြတဲ့အခါ မိဘနဲ့ သားသမီးရဲ့ မေတ္တာက ပိုပြီးနွေးထွေးတယ်။ ဒီပွဲရဲ့ အဓိကက ဒီလိုဓလေ့တွေကိုလည်း ပြန်လည်ဖော်ထုတ်ပေးခြင်း ဖြစ်ပါတယ်။ ပြိုင်ပွဲမှာ ပညာရှင်အဆင့် မီးပုံးဒီဇိုင်းပြိုင်ပွဲ၊ မူလတန်းအဆင့် ကလေးငယ်များရဲ့ မီးပုံးဆေးချယ်ပြိုင်ပွဲများ ပါဝင်ပါတယ်။ ပြိုင်ပွဲဝင်များရဲ့ လက်ရာအကောင်းဆုံးကို ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် ပရိသတ်အနှစ်သက်ဆုံး မီးပုံးဒီဇိုင်းဆုနှင့် နှစ်သိမ့်ဆုများကိုလည်း ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမှာပါ။ ဒီပွဲမှာ ငယ်စဉ် ကလေးဘဝက တွေ့မြင်ခဲ့ကြရတဲ့ အရုပ်တွေဆိုရင် ယုန်၊ လိပ်၊ ကားအစရှိသဖြင့် တော်တော်စုံအောင်လုပ်ထားပါတယ်။ အရုပ်တွေကငွေကျပ်တစ်ထောင်မှ နှစ်ထောင်အတွင်း ရှိပါတယ်။။ ဒီပွဲမှာအရက်/ဘီယာ၊ဆေးလိပ်ရောင်းချခြင်း လုံးဝမရှိပါဘူး" ဟုဆိုသည်။

အဆိုပါ ပြပွဲတွင် မြန်မာရိုးရာလက်မှုအနုပညာရပ်ကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းရင်း မြန်မာ့ရေမြေသဘာဝကပေးသည့် ဝါးများဖြင့် လက်မှုအနုပညာကို ပေါင်းစပ်ဖန်တီးထားသည့် ဝါးစက္ကူမီးပုံးကလေးများကို မြန်မာနေရှင်နယ်ရုပ်သံက ကမ္ဘာသိအောင် မိတ်ဆက်သည့်အနေဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မျိုးဆက်သစ်လူငယ်များ မြန်မာ့ရိုးရာလက်မှုပညာရပ်ကို ထိတွေ့ခံစားနိုင်စေရန်၊ တန်ဖိုးထားထိန်းသိမ်းတတ်စေရန်၊ မီးပုံးပြိုင်ပွဲမှတစ်ဆင့် ပညာရှင်များအား ပြန်လည်ဖော်ထုတ်ပေးခြင်းဖြစ်ပြီး အဆိုပါပွဲမှ ရရှိသောအကျိုးအမြတ်များကို လူမှုအကျိုးပြုလုပ်ငန်းများတွင် ပါဝင်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝင်းဝင်းမော်)**

■ကျောဖုံးမှ
ဆက်သွယ်မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။

အဆိုပါခရီးစဉ်တွင် မြန်မာနိုင်ငံသား ၃၀ နှင့် နိုင်ငံခြားသား ၁၀၁ ဦး လိုက်ပါခဲ့ပြီး ခရီးစဉ်ဖျက်သိမ်းလိုက်ရသည့်အတွက် လေကြောင်းလိုင်းမှ ခရီးသည်များ နားခိုရန် SULE SHANGRI-LA ဟိုတယ်၌ စီစဉ်ပေးခဲ့သည်။ ယခုအခါ အဆိုပါလေယာဉ်ကို ရန်ကုန်လေဆိပ်တွင် ရပ်နားထားပြီး ပြုပြင်မှုများ ပြုလုပ်လျက်ရှိသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဟောင်ကောင်လေဆိပ်သို့ နေ့စဉ်ခရီးစဉ်တစ်ခုသာ ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ -ဇော်ကြီး (ပဏိတ)**

## ခိုးမှုဖြင့် တစ်ဦးကို ဖမ်းဆီး၊ ရွှေထည်များနှင့်လက်ကိုင်ဖုန်း ပြန်လည်သိမ်းဆည်းရမိ

**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး မှုခင်းရဲအကူဌာနစုသည် ဒလမြို့နယ်တွင် ဖမ်းဆီးခဲ့သော စွပ်စွဲခံထားရသူတစ်ဦးထံမှ ငွေကျပ် သိန်း ၃၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်း ငါးမျိုးနှင့် လက်ကိုင်ဖုန်းတစ်လုံးကို ပြန်လည်သိမ်းဆည်းရမိခဲ့ပြီး အမှုနှင့်ပတ်သက်၍ ကျန်သံသယရှိသူတစ်ဦးကို ရှာဖွေလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ အုပ်ချုပ်မှုတပ်ခွဲ မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် ဒလမြို့နယ်နေ ကိုသန်းဦး (ခ) ကတုံး အသက်(၄၂)နှစ်အား နိုဝင်ဘာ ၁၈ ရက် ည ၉နာရီခွဲတွင် ဒလမြို့ သင်္ဘောဆိပ်၌ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

စစ်ဆေးမေးမြန်းစဉ်အတွင်း ကိုသန်းဦးသည် အင်းစိန်ထောင်တွင် ပြစ်ဒဏ်ကျခံခဲ့ရစဉ်က ခင်မင်ရင်းနှီးခဲ့သော ကိုဝင်းစိုးဦး (ခ) ကြွက်နှင့်အတူ နိုဝင်ဘာ ၁၁ ရက်က ကျောက်တန်းမြို့နယ်ရှိ နေအိမ်တစ်လုံးသို့ ခိုးဝင်ခဲ့ပြီး ဗီရိုပေါ်မှတွေ့သော လက်ကိုင်ဖုန်း နှစ်လုံးကို လည်းကောင်း၊ သေတ္တာများကို သယ်ထုတ်ခဲ့ပြီး ပတ္တာများကို ပါရှိသည့် ခရှင်တို့ဖြင့် ဖျက်၍ အတွင်းမှ ငွေနှင့် ရွှေထည်များခိုး၍လည်းကောင်း ခွဲဝေခဲ့ကြသည်ဟု ပေါ်ပေါက်ခဲ့သည်။



သံသယရှိသူ ကိုဝင်းစိုးဦးအား ရဲတပ်ဖွဲ့က စုံစမ်းဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၈ ရက် မွန်းလွဲပိုင်းက ပန်းဘဲတန်း ရွှေဘုံသာလမ်းတွင် အမျိုးသမီးတစ်ဦးက အလေးချိန် ၁ ကျပ် ၃ ရွေးရှိ နှစ်ပင်လိမ် လက်ကောက်တစ်ကွင်းအား လိုက်လံရောင်းချနေကြောင်း ရဲတပ်ဖွဲ့က သတင်းရရှိပြီးနောက် စစ်ဆေးရာ ၎င်း၏မောင် အရင်းတော်စပ်သူ ကိုသန်းဦးက ရောင်းချခိုင်းခြင်းဖြစ်ကြောင်း ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဖောက်ထွင်းခံရသည့် အိမ်ရှင် ကိုသိန်းဇော်ဦး၏ တိုင်ကြားချက်တွင် အိပ်ရာမှနိုးလာစဉ် နေအိမ်အား စစ်ဆေးကြည့်ရာ တံခါးမကြီးမှာ ပွင့်နေပြီး ရွှေထည်ပစ္စည်းများနှင့် ငွေများထည့်ထားသည့် သံသေတ္တာ နှစ်လုံးမှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် လိုက်လံရှာဖွေရာ နေအိမ်နောက်ဖေး ခြံဝင်းအပြင်ဘက်တွင် သံသေတ္တာ နှစ်လုံးအား ပွင့်လျက်တွေ့ရှိရပြီး သေတ္တာအတွင်းထည့်ထားသော ငွေကျပ် ၁၃ သိန်းနှင့် ရွှေထည်ပစ္စည်း ၁၆ မျိုး စုစုပေါင်းငွေကျပ် ၆၆ သိန်းခွဲခန့် ပျောက်ဆုံးသည်ဟု ပါရှိသည်။

**(ကြေးမုံ)**



## ကြည့်မြင်တိုင်မြို့နယ်တွင် ညအချိန် ယာဉ်လေးစီးဆင့်တိုက်မှု ဖြစ်ပွား

**ကြည့်မြင်တိုင် နိုဝင်ဘာ ၂၅**

နိုဝင်ဘာ ၂၄ ရက် ည ၁၀ နာရီ ၁၀ မိနစ်ခန့်က ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းအတိုင်း တောင်မှမြောက်သို့ ယာဉ်မောင်း စိုးမင်းအောင် မောင်းနှင်လာသော 7G------- ကွန်ကရစ်ဖျော်စက်တင်ယာဉ်က အခြားယာဉ်ကို တိုက်မိရာမှ ယာဉ်လေးစီးဆင့်တိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ကွန်ကရစ်ဖျော်ယာဉ်မှာ ပိတောက်ပင်လမ်းထိပ် အနီးအရောက် ယာဘက်လမ်းစပ်တွင် ရပ်ထားသော နစ်ဆန်းဒီဇယ်ထရပ်ကွန်တိန်နာတင် ဖြူ/စိမ်းအငှားယာဉ်နှင့် ဆူဇူကီးပစ်ကပ်ခဲရောင် ကိုယ်ပိုင်ယာဉ်၊ ပရိုဘောက်အဖြူရောင် အငှားယာဉ်တို့အား တိုက်မိပြီး ပိတောက်ပင်လမ်းထိပ်ရှိ အမှတ်(၂) နေအိမ် သံပန်းတံခါးတို့အား တိုက်မိခဲ့သည်။ ယာဉ်လေးစီးနှင့် နေအိမ်သံပန်းတံခါးပျက်စီးသွားပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်း စိုမင်းအောင်အား ကြည့်မြင်တိုင်မြို့မရဲစခန်းမှ အမှုဖွင့်ဖမ်းဆီးအရေးယူစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

မီးဘေးရှောင် မလောင်ခင်တား

# လွှမ်းမိုးသလောက်

# အန္တရာယ်ကြီးသည့် ဒေါ်လာ

ခင်မောင်ညို(ဘောဂဗေဒ)

အမေရိကန်နိုင်ငံ၏ စီးပွားရေးအင်အားကြီးမားမှု ယုတ်လျော့လာသည်နှင့်အမျှ ဒေါ်လာ၏ အခြေခံကျ အရေးပါမှုသည်လည်း မတည်မငြိမ်ဖြစ်လာပုံရသည်။

အကယ်၍သာ ဗိုလ်ကျစိုးမိုးမှုသည် တစ်ခုခုအတွက် ကောင်းသည်ဟုဆိုလျှင် သူတို့လွှမ်းမိုးရာလောကကို တည်ငြိမ်မှုရှိအောင် လုပ်ဆောင်နိုင်ခြင်းပင် ဖြစ်သည်။ နှစ်ပေါင်း ၇၀ ခန့် ဘဏ္ဍာရေးနှင့် ငွေကြေးစနစ်တွင် ဒေါ်လာသည် အင်အားကြီးလျက်ရှိသည်။ တရုတ်ယွမ်ငွေ အင်အားကြီးမားလာသည်ဟု ပြောဆိုကြသော်လည်း ဒေါ်လာ၏အခြေခံကျမှုကို စိန်ခေါ်နိုင်ခြင်းမရှိသေးပေ။ ဒေါ်လာသည် ပေးချေမှုများအတွက်သော် လည်းကောင်း၊ တန်ဖိုးကို ထိန်းသိမ်းပေးသောအရာအဖြစ် လည်းကောင်း၊ သီးသန့်ငွေသားအဖြစ် လည်းကောင်း ဆောင်ရွက်နေရာတွင် အခြားမည်သည့်ငွေကြေးကမျှ ပခုံးချင်းမယှဉ်နိုင်။ သို့သော်လည်း ဒေါ်လာ၏ အုပ်စိုးမှုသည် အခြေမခိုင်၊ မိမိအားကိုးအားထားပြုနေသော စနစ်ကလည်း မတည်ငြိမ်။ ပိုဆိုးသည်မှာ ဒေါ်လာကို အစားထိုးရန် ရည်ရွယ်လာကြသော အခြားငွေကြေးများကလည်း အားနည်းချက်များရှိနေသည်။ ပိုမိုလုံခြုံစိတ်ချရသော စနစ်တစ်ခုကို အသွင်ကူးပြောင်းရန်အရေးမှာ အတော်ပင် ခက်ခဲလှသည်။

ဆယ်စုနှစ်ပေါင်းများစွာ အမေရိကန်နိုင်ငံ၏ စီးပွားရေးအရ အင်အားကြီးမားမှုကြောင့် ဒေါ်လာ၏ကြီးစိုးမှုကို တရားဝင်အောင် လုပ်ပေးလိုက်သလို ဖြစ်ခဲ့သည်။ သို့သော် အမေရိကန်တို့၏ စီးပွားရေးအင်အားနှင့် ဘဏ္ဍာရေးအင်အားတို့၏အကြား ဧရာမခြားနားမှုကြီးက ပေါ်ထွက်လာခဲ့ပြီဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် ကမ္ဘာ့ဂျီဒီပီ၏ ၂၃ ရာခိုင်နှုန်း၊ ကုန်သွယ်ရေး၏ ၁၂ ရာခိုင်နှုန်းကို လွှမ်းမိုးထားသည်။ သို့သော် ကမ္ဘာ့ထွက်ကုန်၏ ၆၀ ရာခိုင်နှုန်း၊ လူဦးရေ ၆၀ ရာခိုင်နှုန်းတို့သည် ၎င်းတို့၏ ငွေကြေးကို ဒေါ်လာနှင့် ချိတ်ဆက်ထားသော သို့မဟုတ် ဒေါ်လာအပြောင်းအလဲလုပ်လျှင် ပြောင်းလဲသလိုလိုက်၍ ပြောင်းလဲသောဒေသများတွင် နေထိုင်ကြသည်။ နိုင်ငံတကာ စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုတွင် အမေရိကန်လုပ်ငန်းများသည် ၁၉၉၉ ခုနှစ်က ၃၉ ရာခိုင်နှုန်း ပါဝင်ခဲ့ကြသော်လည်း ယခုအခါ ၂၄ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပြီဖြစ်သည်။ သို့သော်လည်း အမေရိကန်ဘဏ္ဍာရေးဈေးကွက်ဝေါလ်စထရိက ကမ္ဘာ့ဈေးကွက်များကို အပြောင်းအလဲဖြစ်အောင် ယခင်ကထက်စွမ်းဆောင်နိုင်သည်ကို တွေ့ရသည်။ အမေရိကန် ငွေကြေးမန်နေဂျာများသည် လွန်ခဲ့သော ဆယ်နှစ်က ကမ္ဘာ့ပိုင်ဆိုင်မှုများ၏ ၄၄ ရာခိုင်နှုန်းကိုသာ စီမံခန့်ခွဲရာမှ ယခုအခါ ၅၅ ရာခိုင်နှုန်းအထိ ကိုင်တွယ်လာကြသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံ စီးပွားရေးအင်အား ဆုတ်ယုတ်လာသလောက် ဘဏ္ဍာရေးအင်အားကြီးမားလာခြင်းသည် ဒေါ်လာကို လက်ခံကျင့်သုံးသောနိုင်ငံများနှင့် အခြားနိုင်ငံများကိုပါ ပြဿနာများ ဖြစ်ပေါ်စေသည်။ ဒေါ်လာလွှမ်းမိုးမှုကြောင့် ရရှိခံစားရသော အကျိုးကျေးဇူးများထက် ထိခိုက်နစ်နာမှုများက ပို၍များစပြုလာခြင်းကြောင့် ထိုသို့ပြဿနာများ ပေါ်ပေါက်ရခြင်းဖြစ်သည်။

ပထမအချက်အနေဖြင့် နိုင်ငံများသည် အတက်အကျကြမ်းသည့်ဒဏ်ကို ခံနေကြရသည်။ ယခင်လများက အမေရိကန်နိုင်ငံတွင် အတိုးနှုန်းအနည်းငယ်မျှ အပြောင်းအလဲဖြစ်သည်ကိုပင် ထွန်းသစ်စနိုင်ငံများမှ အရင်းအနှီးတွေ ပြေးထွက်သွားကြကာ ငွေတန်ဖိုးတွေ ကျဆင်း၊ ရှယ်ယာဈေးတွေထိုးကျ ဖြစ်ကုန်သည်။ ဗဟိုဘဏ်၏ဆုံးဖြတ်ချက်က ဒေါ်လာနှင့် တန်ဖိုးသင့်ထားသော ပြည်ပချေးငွေများ၊ အပ်ငွေများ ဒေါ်လာ ကိုး ထရီလီယံဖိုးမျှ ထိခိုက်သည်။ အချို့နိုင်ငံများက ၎င်းတို့၏ ငွေကြေးကို ဒေါ်လာနှင့်ချိတ်ဆက်ထားရာ ၎င်းနိုင်ငံများ၏ ဗဟိုဘဏ်များကလည်း အမေရိကန်ဗဟိုဘဏ်၏ လုပ်ရပ်ကို တုံ့ပြန်ပြောင်းလဲရသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ မက္ကဆီကို၊ တောင်အာဖရိကနှင့် တူရကီတို့ကဲ့သို့သော နိုင်ငံများတွင် နိုင်ငံခြားသားများက အစိုးရထုတ်ဝေရောင်းချသောချေးငွေစာချုပ်များ၏ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ ဝယ်ယူထားကြရာ အမေရိကန် အတိုးနှုန်း အနည်းငယ်တက်လိုက်သည်နှင့် လက်ထဲကိုင်မထားတော့ဘဲ စွန့်ခွာထွက်ပြေးကြသည်။

ယခင်က အရင်းအနှီးများ အပြင်ပြန်ထွက်သွား၍ ထိခိုက်နစ်နာသော်လည်း တစ်ဖက်တွင် သွင်းကုန်အတွက် ဒေါ်လာငွေလိုအပ်ချက်များလာခြင်းကြောင့် သက်သာရာရသည်။ အမေရိကန်ဗဟိုဘဏ်ကို အတိုးနှုန်းမြှင့်တင်ရန် လှုံ့ဆော်လိုက်သလို ဖြစ်သွားသည်။ သို့သော် လွန်ခဲ့သော ဆယ်နှစ်အတွင်း အမေရိကန်တို့သည် ကမ္ဘာ့သွင်းကုန်၏ ၁၆ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းသို့ လျော့ကျတင်သွင်းခဲ့သည်ကို တွေ့ရသည်။ ၁၉၉၄ ခုနှစ်တွင် အမေရိကန်နိုင်ငံသည် နိုင်ငံ ၄၄ နိုင်ငံအတွက် အကြီးမားဆုံး ပို့ကုန်ဈေးကွက် ဖြစ်ခဲ့သော်လည်း ယခုအခါ ၃၂ နိုင်ငံအတွက်သာ အကြီးမားဆုံးသောဈေးကွက် ဖြစ်လာခဲ့သည်။ အမေရိကန်က ပေးလိုက်၊ ကမ္ဘာကလှုပ်ပါသွားလိုက်သော စနစ်သည် တည်ငြိမ်မှုမရှိ။

ဒုတိယပြဿနာမှာ ပြင်ပရောက် ဒေါ်လာစနစ်သည် အကျပ်အတည်းတစ်စုံတစ်ရာနှင့် တွေ့ပြီဆိုလျှင် တားဆီးဟန့်တားပေးမည့်အရာ တစ်ခုမျှမရှိခြင်းဖြစ်သည်။ ၂၀၀၈-၂၀၀၉ တွင် ဗဟိုဘဏ်က မလုပ်ချင်လုပ်ချင်ဖြင့် နောက်ဆုံးငွေချေးသူတာဝန်ကိုယူကာ နိုင်ငံခြားဘဏ်များနှင့် ဗဟိုဘဏ်များကို ဒေါ်လာ တစ်ထရီလီယံ ထုတ်ပေးခဲ့သည်။ အနာဂတ်တွင် အကယ်၍ အကျပ်အတည်းဖြစ်ပေါ်ခဲ့လျှင် ထိုမျှနှင့် လုံလောက်မည်မဟုတ်။ အမေရိကန်နိုင်ငံ၏ အပြင်ရောက် ဒေါ်လာလောကသည် ၂၀၀၇ ခုနှစ်ထက် နှစ်ဆကြီးနေသည်။ ၂၀၂၀ ပြည့်နှစ်တွင် အမေရိကန် ပြည်တွင်း ဘဏ်လောကနှင့် ပခုံးချင်းယှဉ်နိုင်မည်။ ၂၀၀၈-၂၀၀၉ ခုနှစ် ကတည်းက အမေရိကန်လွှတ်တော်အနေဖြင့် ဗဟို ဘဏ်၏ အရေးပေါ်ထုတ်ချေးသည့် အစီအစဉ်များကို သိပ်သဘောမကျပေ။ အကယ်၍ နောက်ထပ် အကျပ်အတည်း တစ်စုံတစ်ရာဖြစ်လျှင် ဗဟိုဘဏ်က အရေးပေါ်ချေးငွေများထုတ်ပေးပါက စည်းမျဉ်းစည်းကမ်း ချမှတ်တားဆီးခံရခြင်း၊ လွှတ်တော်၏ဆန့်ကျင်ကန့်ကွက်ခြင်းတို့နှင့် ကြုံတွေ့ရနိုင်သည်။ နိုင်ငံများအနေဖြင့် မိမိတို့၏ ဘဏ္ဍာရေးစနစ်ကို အမေရိကန်တို့၏ ကမောက်ကမနိုင်ငံရေးနှင့် ကြာကြာချိတ်ဆက်ထားလိုကြမည် မဟုတ်ပေ။

တတိယပြဿနာမှာ အမေရိကန်တို့က ၎င်းတို့၏ ဘဏ္ဍာရေးအင်အားကို နိုင်ငံရေးလက်နက်တစ်ခုအဖြစ် ပိုမိုအသုံးပြုလာခြင်းဖြစ်သည်။ မူဝါဒချမှတ်သူများ၊ ရှေ့နေများက ဘဏ်များ၊ ဘောလုံးအရာရှိများကိုသာမက ရုရှားနှင့် အီရန်တို့ရှိ အစိုးရများအပေါ် ထိန်းချုပ်ရန်အတွက်ပါ ဒေါ်လာဖြင့်ငွေပေးချေသည့်စနစ်ကို အသုံးချလာခြင်းဖြစ်သည်။ ထို့ကြောင့် ပြိုင်ဘက်နိုင်ငံများအနေဖြင့် အမေရိကန် နိုင်ငံခြားရေးမူဝါဒ အပြောင်းအလဲ၏ဒဏ်ကို ခံနေကြရသည်။

အမေရိကန်များကတော့ ဘာကြောင့် အရေးတကြီးဖြစ်နေကြကြောင်း သဘောပေါက်ပုံမရ။ တကယ်တော့ အမေရိကန်သည် မည်သည့်နိုင်ငံကိုမျှ ၎င်းတို့၏ ငွေကြေးနှင့်ဒေါ်လာကို ချိတ်ဆက်ရန် ဖိအားပေးခြင်း၊ နိုင်ငံခြားစီးပွားရေးလုပ်ငန်းများက ဒေါ်လာဖြင့် တန်ဖိုးသင့်ထားသော ချေးငွေစာချုပ်များ ထုတ်ရောင်းရန်အားပေးခြင်းတို့ ပြုလုပ်ခဲ့ခြင်းမရှိပါ။ သို့သော် ဒေါ်လာ၏ အရွယ်အစားကြီးမားလာခြင်းသည် အမေရိကန်တို့အပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်။ အတိုးနှုန်း သက်သက်သာသာဖြင့် ချေးငွေရယူနိုင်ရုံမျှသာမကသော အကျိုးခံစားခွင့်များရှိသည်။ သီးသန့်ငွေသား၏ပိုင်ရှင်အဖြစ် ဂုဏ်မောက်ခွင့်နှင့်အတူ ပေးဆပ်ရသော စရိတ်စကများရှိသည်။ ဒေါ်လာရှားပါးမှု အကျပ်အတည်းကြုံတွေ့သည့်အခါ အမေရိကန်ဗဟိုဘဏ်က နောက်ဆုံးငွေချေးသည့်အဖြစ် ဆောင်ရွက်ခြင်းမပြုလျှင် တွေ့ကြုံရမည့် ပြည်ပတွင် ပြိုကွဲမှုသည် အမေရိကန်နိုင်ငံ၏စီးပွားရေးကိုလည်း ရိုက်ခတ်မည်သာဖြစ်သည်။

အကျပ်အတည်းနှင့် တွေ့ကြုံရခြင်းမရှိသည့်တိုင် ဒေါ်လာ၏လွှမ်းမိုးမှုသည် အမေရိကန်မူဝါဒချမှတ်သူများအတွက် ခွေးရခက်သောအကျပ်အတည်းနှင့် တွေ့ကြုံစေရနိုင်သည်။ အကယ်၍သာ နိုင်ငံခြားသားများက ဒေါ်လာတွေ ဆက်စုနေကြမည်ဆိုလျှင် ၎င်းတို့သည် အမေရိကန် ငွေတိုက်စာချုပ်ဈေးကွက်ကို ၂၀၃၀ပြည့်နှစ်တွင် လွှမ်းမိုးမည်။ နိုင်ငံခြားသားများ ယုံကြည်စိတ်ချရသော ဒေါ်လာဖြင့် တန်ဖိုးသတ်ထားသည့် အက်ဆက်တွေ၊ ပိုင်ဆိုင်မှုတွေကို ပိုမိုရယူလိုကြခြင်းကို ကျေနပ်အောင်ဆောင်ရွက်မည်ဆိုလျှင် အမေရိကန် ငွေတိုက်စာချုပ်တွေကို ထပ်မံထုတ်ဝေရမည်။ အမေရိကန်ငွေတိုက် စာချုပ်တွေ ထပ်မံထုတ်ဝေခြင်းသည် အမေရိကန်တို့၏ မူလရှိပြီး ကြွေးပေါ်တွင် အကြွေးထပ်ဆင့်လိုက်ရာရောက်သည်။ သို့မဟုတ် အခြားသော အက်ဆက်တွေကို နိုင်ငံခြားသားတွေက လိုက်လံဝယ်ယူရမည်ဆိုလျှင် ၂၀၀၀ ပြည့်လွန်နှစ်များက အပေါင်ခံဈေးကွက် စန်းပွင့်ရာမှ ပေါက်ကွဲသွားသည့်အဖြစ်မျိုးကို ဦးတည်ရာရောက်မည်။

အကောင်းဆုံးကတော့ အမေရိကန်တို့အနေဖြင့် ၎င်းတို့ထမ်းပိုးနေရသော ဝန်ထုပ်ဝန်ပိုးကို အခြားနိုင်ငံများနှင့် မျှဝေထမ်းဆောင်ခြင်းပင် ဖြစ်သည်။ သို့သော် အမေရိကန်ဒေါ်လာ၏ ဗိုလ်ကျစိုးမိုးမှု မတည်မငြိမ်ဖြစ်နေလျှင် သူ့ကိုဆက်ခံမည့် အခြားငွေကြေးများအတွက်လည်း အဆင်မပြေလှပေ။ ၁၉၂၀-၁၉၄၅ ခုနှစ်ကာလတွင် ဘဏ္ဍာရေးအင်အားကြီးနိုင်ငံအဖြစ် ဗြိတိန်နိုင်ငံက တာဝန်ထမ်းဆောင်ခဲ့ပြီးနောက်မှ အမေရိကန်ကို လက်ဆင့်ကမ်းခဲ့ခြင်းဖြစ်သည်။ ထိုအချိန်က ဗြိတိန်နှင့် အမေရိကန်တို့သည် မဟာမိတ်များ ဖြစ်နေခဲ့ကြခြင်းကြောင့် အလွှဲအပြောင်းလုပ်ရာတွင် ချောချောမွေ့မွေ့ရှိခဲ့ကြသည်။ ထိုအချိန်တွင် အမေရိကန်နှင့် ဗြိတိန်တို့၏ စီးပွားရေးရှင်သန်ကောင်းမွန်နေခြင်း၊ နိုင်ငံရေးအရ စုစည်းညီညွတ်မှုရှိခြင်း၊ တရားဥပဒေစိုးမိုးမှုရှိခြင်းဟူသော အခင်းအကျင်းကောင်းများကလည်း ရှိနေပြီးဖြစ်သည်။

လက်ရှိအခြေအနေမှာ တစ်မျိုးဖြစ်သည်။ ယူရိုငွေ၏ အခြေအနေမှာ ဘာဖြစ်မည်မသိ။ ယူရိုနယ်ပယ်က အပြည့်အဝဘဏ်လုပ်ငန်းတွေပါ ပူးပေါင်းမည်ဟု သဘောတူကြလျှင်၊ စုပေါင်းပြီး ချေးငွေစာချုပ်တွေ ထုတ်ဝေကြမည်ဆိုလျှင် ယူရိုအပေါ်သံသယတွေ ပျောက်ကွယ်နိုင်မည်။

တရုတ်အစိုးရက ရှစ်လမ်းသွားလမ်းမကြီးကဲ့သို့ နိုင်ငံခြားဗဟိုဘဏ်များနှင့် ငွေကြေးအပြန်အလှန် ဖလှယ်နိုင်သော ကွန်ရက်ကြီးတစ်ခုကို တည်ထောင်ခဲ့သော်လည်း လက်တွေ့တွင် ထိုစနစ်ကို မည်သူမျှ အသုံးမပြုကြ။ တရုတ်က မိမိ၏ ဘဏ္ဍာရေးဈေးကွက်ကို ဖွင့်မပေးသေးသမျှကာလပတ်လုံး ယွမ်ငွေသည် ကမ္ဘာသုံးငွေကြေး မဖြစ်နိုင်သေးပေ။ ဥပဒေစိုးမိုးမှုမရှိသေးသမျှ ရင်းနှီးမြှုပ်နှံသူများက ယွမ်ငွေကို အမှန်တကယ် ယုံကြည်စိတ်ချရသော ငွေကြေးအဖြစ်ရှုမြင်ကြဦးမည် မဟုတ်။

အထက်ပါအချက်များကို ကြည့်လျှင် ဒေါ်လာငွေကို အားကိုးအားထားပြုနေရသည့်အမျှ ကမ္ဘာ့ငွေကြေးနှင့် ဘဏ္ဍာရေးစနစ်သည် မြန်မြန်ဆန်ဆန် ချောချောမွေ့မွေ့ ပြောင်းလဲသွားနိုင်သည့် အခြေအနေမရှိသေးကြောင်း တွေ့ရသည်။ အမေရိကန်တွေ ပိုမိုတာဝန်ထမ်းဆောင်နိုင်သည့် ကိစ္စတွေတော့ရှိသည်။ ဥပမာ အခြားသော ဗဟိုဘဏ်များနှင့် အရေးအကြောင်းကြုံလျှင် ငွေကြေးရယူလဲလှယ်သုံးစွဲနိုင်သည့်စနစ်ကို ကြီးသည်ထက်ကြီးမားအောင် တည်ဆောက်နိုင်သည်။ ပို၍ဖြစ်နိုင်သော အလားအလာတစ်ခုမှာ အခြားနိုင်ငံများက အမေရိကန်ဗဟိုဘဏ်၏ လှုပ်ရှားမှုကြောင့် တစ်စုံတစ်ရာ အကျိုးသက်ရောက်မှုမရှိစေရန် အရင်းအနှီး စီးဝင်စီးထွက်မှုကို ထိန်းချုပ်နိုင်သည်။

ဒေါ်လာငွေသည် ပြိုင်ဘက်မရှိသော်လည်း ချိတ်ဆက်ထားသောစနစ်က ယိုင်နေပြီ။ ။




**ဒေါ်လာရှားပါးမှု အကျပ်အတည်း ကြုံတွေ့သည့်အခါ အမေရိကန် ဗဟိုဘဏ်က နောက်ဆုံးငွေချေးသည့်အဖြစ် ဆောင်ရွက်ခြင်းမပြုလျှင် တွေ့ကြုံရမည့် ပြည်ပတွင် ပြိုကွဲမှုသည် အမေရိကန်နိုင်ငံ၏စီးပွားရေး ကိုလည်း ရိုက်ခတ်မည်သာဖြစ်သည်။**

# ချင်းရိုးရာဝတ်စုံများ ပြည်တွင်းသာမက ပြည်ပနိုင်ငံရပ်ခြားအထိ ဈေးကွက်ထိုးဖောက် ဒေသတွင်းအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာ

**ကလေး နိုဝင်ဘာ ၂၅**

ချင်းပြည်နယ်နှင့် ချင်းတိုင်းရင်းသား လူမျိုးအများစု နေထိုင်ရာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် အမျိုးသား အမျိုးသမီးဝတ် ချင်းရိုးရာဝတ်စုံများ ပြည်တွင်းသာမက ပြည်ပနိုင်ငံရပ်ခြားအထိ ဈေးကွက်ထိုးဖောက်၍ မှာယူအားပေးသူများပြားပြီး ချင်းတောင်ဒေသသို့ လေ့လာရေးခရီး ရောက်ရှိလာကြသည့် နိုင်ငံခြားသားအများစုတို့လည်း စိတ်ဝင်စားကြကာ ချင်းတိုင်းရင်းသားဝတ်စုံကို နှစ်သက်စွာ ဝယ်ယူဝတ်ဆင်သွားကြကြောင်း သိရသည်။

ရိုးရာဝတ်စုံများရက်လုပ်ရာတွင် အိန္ဒိယနိုင်ငံ မိဇိုရမ်ပြည်နယ်ရှိ အိုင်ဇောလ်ဒီဇိုင်း အထည်များကိုလည်းရက်လုပ်ပြီး အထည်ဈေးကွက်၌ အရောင်းအဝယ်သွက်လျက်ရှိကြောင်း၊ ချင်းရိုးရာဝတ်စုံ (ကျား/မ) တစ်ထည်လျှင် အမျိုးအစားအလိုက် ငွေကျပ်ငါးထောင်မှ သိန်းဂဏန်းအထိဈေးပေါက်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းအရ ဈေးပေါက်ကြောင်း၊ ရက်လုပ်ရာတွင် တစ်ထည်လျှင် အမျိုးအစားအလိုက်ကြာမြင့်ကာ တစ်လလျှင် အနည်းဆုံးအထည် ၁၀ ထည်မှ ၁၅ ထည် အထိရောင်းရကြောင်း၊ လက်ဖြင့်ရက်လုပ်သည့် ရိုးရာအထည်များသည် ဒီဇိုင်းများလည်း ဆန်းသစ်သောကြောင့် ပြည်ပနိုင်ငံရပ်ခြားမှ နိုင်ငံခြားသားများနှင့် ပြည်ပရောက် ချင်းတိုင်းရင်းသားတို့က အထူးကြိုက်နှစ်သက်ကာ အများဆုံးမှာယူ၍ အမြတ်တနိုး ဝယ်ယူဝတ်ဆင်ကြကြောင်း သိရသည်။



ရိုးရာဝတ်စုံအထည်များကို အခြားပြည်ပနိုင်ငံကြီးများအပြင် ရန်ကုန်၊ မန္တလေး၊ မုံရွာနှင့် အခြားမြို့ကြီးများရှိ ချင်းရိုးရာအထည်ဆိုင်များသို့ တင်ပို့ရောင်းချကြကြောင်း၊ ယင်းသို့ ရိုးရာအထည်ရက်လုပ်ငန်း လုပ်ကိုင်ရခြင်းကြောင့် ဒေသတွင်းအမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာ၍ တစ်ဖက်တစ်လမ်းမှလည်း ဝင်ငွေတိုးပွားလျက်ရှိကြောင်း ရိုးရာဝတ်စုံရက်လုပ်သူ ဇိုမီးတိုင်းရင်းသူတစ်ဦးက ပြောသည်။

ယင်းအပြင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအနုပညာ ဓလေ့ထုံးတမ်းများနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနသည် မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများကို တိမ်ကောပျောက်ကွယ်ခြင်းမဖြစ်စေရေးအတွက် စနစ်တကျလေ့လာခြင်း၊ သုတေသနပြုခြင်း၊ ထိန်းသိမ်းခြင်းနှင့် ပြည်တွင်းသာမက နိုင်ငံတကာသို့ ပြန့်ပွားစေရန် ဆောင်ရွက်ခြင်းတို့ကို ဌာန၏ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဇိုဟေဆာ)**

# သုံးခွမြို့နယ်တွင် ကွန်ကရစ်လမ်း ၁၄ လမ်းခင်းပြီး ငါးလမ်းအား ဆက်လက်ဆောင်ရွက်

**သုံးခွ နိုဝင်ဘာ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်တွင် ကွန်ကရစ်လမ်း ၁၉ လမ်းခင်းမည်ဖြစ်ရာ ယခုအခါ ၁၄ လမ်း ပြီးစီးခဲ့ပြီး ကျန်ငါးလမ်းအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၎င်းတို့မှာ ဗန္ဓုလလမ်းသွယ် (၉)ရပ်ကွက် ပေ ၆၀၊ သားသတ်ရုံအဝင်လမ်း ပေ ၂၇၀၊ ပါရမီလမ်း (၆)ရပ်ကွက် ပေ ၂၂၀၊ သုဓမ္မာလမ်း (၆)ရပ်ကွက် ၅၉၃ ပေ၊ သာသနာ့ဗိမာန်လမ်း (၁၁)ရပ်ကွက် ၁၀၂၅ ပေတို့ဖြစ်ကြောင်း သိရသည်။

လမ်းများပြီးစီးသွားပါက ဒေသခံပြည်သူများ ယခင်ကထက် သွားလာရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ကိုကျော်( သုံးခွ)**



# ပုံနှိပ်မီဒီယာများ ရေရှည်ရပ်တည်နိုင်ရန် ဆိုရှယ်မီဒီယာများနှင့် ယှဉ်ပြိုင်ရန်းကန်ရကြောင်း ပြည်မြန်မာ အယ်ဒီတာချုပ်ပြောကြား

**ရန်ကုန် နိုဝင်ဘာ ၂၅**

အွန်လိုင်းပေါ်တွင် ဆိုရှယ်မီဒီယာများ ခေတ်စားလာသည်နှင့်အမျှ ပုံနှိပ်မီဒီယာများ အနေဖြင့် ဆိုရှယ်မီဒီယာများနှင့် ယှဉ်နိုင်ပြီး ခိုင်မာသော သတင်းစာ၊ ဂျာနယ်များအဖြစ် ရေရှည်ရပ်တည်နိုင်ရန် ပိုမိုရုန်းကန်ရကြောင်း နိုဝင်ဘာ ၂၄ ရက်နေ့က ဆီဒိုးနားဟိုတယ်တွင် ပြုလုပ်သည့် ပြည်မြန်မာသတင်းဂျာနယ် အမှတ် ၁၀၀၀ ပြည့် အထိမ်းအမှတ်ဂုဏ်ပြုညစာစားပွဲတွင် ပြည်မြန်မာသတင်းဂျာနယ် အယ်ဒီတာချုပ် ဒေါက်တာတင်ထွန်းဦးက ပြောကြားသည်။

"ဆိုရှယ်မီဒီယာတွေမှာ သတင်းတွေက စက္ကန့်ပိုင်းအတွင်းတက်တယ်။ ပုံနှိပ်မီဒီယာတွေက နောက်နေ့မှ ဖော်ပြနိုင်တာဆိုတော့ အဲဒီဆိုရှယ်မီဒီယာတွေကိုမီဖို့ တော်တော်လေး ခက်ပါတယ်။ ပုံနှိပ်မီဒီယာက သတင်းသမားတွေက ဆိုရှယ်မီဒီယာမှာတင်ထားတဲ့သတင်းတွေထက် ပိုပြီးပြည့်စုံအောင် သတင်းလိုက်ရတယ်။ မှန်ကန်မှုရှိအောင်လုပ်ရတယ်။ ဓာတ်ပုံကအစ။ ဒီလိုနည်းနဲ့ စောင်ရေမကျအောင်ထိန်းရတယ်။ ရေရှည်ရပ်တည်နိုင်ဖို့ ရေရှည်ထိန်းထားနိုင်ဖို့ တော်တော်လေး ရုန်းကန်ရတယ်"ဟု ဒေါက်တာတင်ထွန်းဦးက ပြောသည်။

"ဒီလို စောင်ရေမကျဖို့ဆိုတာ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြလို့ ဖြစ်ပါတယ်။ ဝန်ထမ်းတွေရော၊ စာရေးသူတွေရော၊ သတင်းသမားတွေရော၊ ဖြန့်ချိပေးသူတွေရော၊ အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေရော အားလုံးကို ဂုဏ်ပြုချင်လို့ ဒီအခမ်းအနားကို လုပ်ရခြင်းဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

၁၉၉၆ ခုနှစ် ဧပြီ ၁ ရက်နေ့မှ စတင်ထုတ်ဝေခဲ့ပြီး နှစ် ၂၀ နီးပါးဈေးကွက်ခိုင်မာစွာ ရပ်တည်နေသည့် ပြည်မြန်မာသတင်းဂျာနယ်၏ အမှတ် ၁၀၀၀ ပြည့်အခမ်းအနားတွင် လုပ်သက်ရင့် ဝန်ထမ်းများ၊ ထူးချွန်ဝန်ထမ်းများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ပြီး မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဝါရင့်သတင်းစာဆရာကြီး ဦးခင်မောင်လေး(ဖိုးသောကြာ)က ဂုဏ်ပြုစကားပြောကြားကာ မျက်လှည့်ပညာရှင်မစ္စတာတော့(ပ်)၏ မျက်လှည့်ပြကွက်များ၊ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှုများအပြင် တက်ရောက်လာသူများကိုလည်း ကံစမ်းမဲများ ဖောက်ပေးခဲ့ကြောင်းသိရသည်။

**(သီသီမင်း)**

## နည်းပညာသတင်း

# Asus ၏ စမတ်နာရီသစ် Zen Watch 2

မိုဘိုင်း အီလက်ထရွန်နစ်လုပ်ငန်းတစ်ခုအဖြစ် လူသိများလှသော Asus သည် သူ၏ စမတ်နာရီသစ် Zen Watch 2 ကို မီဒီယာစာမျက်နှာများတွင် မိတ်ဆက်ပေးလိုက်သည်။ မျက်နှာပြင်အကျယ် ၁ ဒသမ ၆ လက်မရှိပြီး ပုံထွက် အရည်အသွေး 278 ppi ပါဝင်ကာ Gorilla Glass 3 ဖြင့် ကိုယ်ထည်ကို ဖုံးအုပ်ထားသည်။ ကွေးညွတ်သည့် အနားစွန်း ကိုယ်ထည်ပါဝင်ပြီး သားရေကြိုးတပ်ဆင်ထားသော ရိုးရှင်းသည့် နာရီဒီဇိုင်းပုံစံဖြစ်သည်။

Qualcomm Snapdragon 400 Processor ပါဝင်ပြီး 512 MB RAM ပါဝင်ကာ 4 GB Local Storage ပါဝင်သည်။ အဆိုပါစမတ်နာရီကို မိုဘိုင်းဖုန်းဖြင့် ချိတ်ဆက်၍ ဖုန်းခေါ်ဆိုနိုင်ခြင်း၊ ဖုန်းလက်ခံပြောနိုင်ခြင်းတို့ အပြင် အခြားကြိုးမဲ့ထိန်းချုပ်ခြင်းစနစ်များ ပါဝင်ကာ သီချင်းနားထောင်ခြင်း၊ အင်တာနက်အသုံးပြုနိုင်သည့် စနစ်များကိုပါ ထည့်သွင်းပေးထားသည်။ ဘက်ထရီစနစ်ကောင်းမွန်ပြီး 400 mAh ဘက်ထရီပါဝင်ကာ အားသွင်းချိန်လွန်ကဲမှု ထိန်းချုပ်သည့်စနစ်လည်း ပါဝင်သည်။



အဆိုပါစမတ်နာရီတွင် သွေးခုန်နှုန်းနှင့် နှလုံးခုန်နှုန်းတိုင်းသည့် စနစ်များလည်းပါဝင်ပြီး မြေပုံလမ်းညွှန်အချက်ပြစနစ်များလည်း ပါဝင်သည်။ Android စနစ် ၅ ဒသမ ၁ ကို ထည့်သွင်းပေးထားပြီး စမတ်ဖုန်းတစ်လုံးနီးပါးအသုံးပြုနိုင်မည်ဟုသိရသည်။

ဈေးနှုန်းမှာ အမေရိကန်ဒေါ်လာ ၁၄၉ ဒေါ်လာရှိပြီး ၂၀၁၅ ခုနှစ်ကုန်ပိုင်းတွင် ဖြန့်ချိသွားဖွယ်ရှိသည်ဟု သိရသည်။



# Xiaomi မှ Mi Note 3 ကို စတင်မိတ်ဆက်

တရုတ်နိုင်ငံအခြေစိုက် Xiaomi သည် ၎င်း၏ မျိုးဆက်သစ် Mi Note 3 ကို ဈေးကွက်အတွင်း စတင်မိတ်ဆက်ပြသလိုက်သည်။ ၈ ဒသမ ၆ မီလီမီတာသာ အထူရှိပြီး အဆင့်မြင့်စမတ်ဖုန်းအမျိုးအစားဖြစ်ကာ ယခင်ထုတ်လုပ်ပြီး Note အမျိုးအစားများထက်အရွယ်အစားပိုမိုကြီးမားလာသည်။ မျက်နှာပြင်အကျယ် ၅ ဒသမ ၅ လက်မရှိပြီး ကွေးညွတ်သည့် အနားစွန်းများပါဝင်သည်။

အလူမီနီယံသတ္တုစပ်ကိုယ်ထည်အသုံးပြု၍ တည်ဆောက်ထားပြီး ဖုန်း၏နောက်ကျောဘက်တွင် လက်ဗွေဖတ်သည့်စနစ်ပါဝင်သည်။ MediaTek Helio X10 Processor ထည့်သွင်းထားပြီး 2GB RAM ပါဝင်ကာ 16 GB Storage ပါဝင်ပြီး 32 GB Storge အတွက် 3 GB RAM ပါဝင်သောကြောင့် ကောင်းမွန်သည့် စမတ်ဖုန်းတစ်လုံးဖြစ်လာဖွယ်ရှိသည်ဟု သိရသည်။ အနောက်ဖက်ကင်မရာ 13 MP နှင့် အရှေ့ဖက်ကင်မရာ 5 MP ပါဝင်သောကြောင့် ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးမှုများပြုလုပ်ရာတွင် ကောင်းမွန်သည့်ပုံထွက်အရည်အသွေး ရရှိနိုင်မည်ဟု သိရသည်။

4G Network စနစ်ဖြစ်ပြီး ဆင်းကတ်နှစ်ကတ်ထည့်သွင်းအသုံးပြုနိုင်မည်ဖြစ်ကာ ကြိုးမဲ့စနစ်ချိတ်ဆက်မှုများပါဝင်သည်။ ဘက်ထရီအရွယ်အစားကြီးမားကာ ပိုမိုကောင်းမွန်အောင်ပြုလုပ်ထားပြီး 4000 mAh ဘက်ထရီပါဝင်သည်။ ဈေးနှုန်းမှာ 16 GB အမျိုးအစားအတွက် ၈၉၉ ယွမ်ဖြစ်ပြီး 32 GB အမျိုးအစားအတွက် ၁၀၉၉ ယွမ်ဖြစ်သည်။ ရွေးချယ်နိုင်ရန် မီးခိုးရောင်၊ ရွှေရောင်၊ ငွေရောင်တို့ဖြင့် ရရှိနိုင်ပြီဖြစ်သည်ဟု သိရသည်။

Alez - စုစည်းသည်

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၆ - ၁၁ -၂၀၁၅ (ကြာသပတေးနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆း၀၀ အဖွင့်
-ကြေးမုံရိပ်သွင်တေးနုယဉ်
၆း၁၅ ပြည်သူ့နီတိ
"မိုးခါးရေ"
၆း၃၅ တေးဂီတအစီအစဉ်
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မကြွေတဲ့နှင်းဆီ"
(အပိုင်း-၅)
၇း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ
"မင်္ဂလာပါဝင်ချီ"
(အပိုင်း-၄၄)
၈း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း
"တယော"
(ပထမပိုင်း)
(ဟိန်းဝေယံ၊ စိုးပြည့်သဇင်)
(ဒါရိုက်တာ- လွင်မင်း)
၉း၃၅ "တန်ဆောင်မုန်းလအခါသမယ ဆေးဖက်ဝင်သည် မဲဇလီ"
၁၀း၀၀ မြန်မာဗီဒီယိုဇာတ်လမ်း
"သမီးပေးယောက်ဖ"
(ခန့်စည်သူ၊ စံရတီမိုးမြင့်)
[ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]

**တစ်နေ့ ၆ နာရီစာလေးကြိမ် ပြသပါမည်။**

### MRTV- 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၄၀ "မြတ်ဆုနိဗ္ဗာန် အကျင့်မှန်"
တရားတော်
(ပါမောက္ခချုပ်ဆရာတော်
ဒေါက်တာဘဒ္ဒန္တ
နန္ဒမာလာဘိဝံသ)
၇း၃၀ MRTV-4 သတင်း
၇း၅၀ ဘုရားဆင်းတုတော်များ
ပူဇော်လှူဒါန်းပွဲအခမ်းအနား
ရန်ကုန်တိုင်းဒေသကြီး
အမျိုးသမီးရေးရာအဖွဲ့
၈း၀၀ Cartoon Series
(English Playground)
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားက
မေတ္တာများ"
(အပိုင်း-၄၆)
၉း၄၅ အနုပညာမိုးကောင်းကင်
၁၀း၁၀ ခေတ်သစ်ပျိုမေ
၁၀း၅၅ Food & De'cor
၁၁း၂၅ MRTV-4 Stage
၁၁း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၂)
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"အကြင်နာလက်ကလေး"
(အပိုင်း-၂၃)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ
"ဝက်ပါစံအိမ်" (အပိုင်း-၄)
၈း၂၀ ရသစုံညွန့်တမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"မျဉ်းပြိုင်ကြားကမေတ္တာများ"
(အပိုင်း-၄၇)
၉း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
"တော်ဝင်သူရွှေမျက်နှာ"
(အပိုင်း-၃)
၁း၅၅ ရန်ကုန်မြင်ကွင်းကျယ်
(A Launch of Chatrium CSR Together Program)
၄း၁၀ World of Knowledge
(Locked Up Abroad : Conned to Quito)

### မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၈း၁၀ ရွှေးဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနှားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မှော်ဆရာနဲ့အပျော်ဆရာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- အတိတ်ရဲ့ချစ်ခြင်းခြင်း
(အပိုင်း-၉၄)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ ကိုယ်ပျောက်လူသား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ရွှေရောင်သက်တံများ
(အပိုင်း-၂)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏
တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- မောင်မောင့်ချစ်သူလေ
ဒီဒီဖိုင်နာ
(အပိုင်း-၇)

### mitv

07:03 News
07:27 .....Changes
07:44 Ancient Shwe-San-Taw Pagoda
08:03 News
08:26 The Beautiful Month Of Myanmar, Tazaungmone
08:52 Sagaing: Gold Leaf
09:03 News
09:27 Products Of Myanmar - Pottery Business
09:44 Amazing: May Phoo Han
09:54 Kayah
10:03 News
10:26 Jade Pagoda: Weirawsana
10:44 Farming: Duck Breeder
10:56 Cosplayer
08:26 Myanmar Delicate Artistic Creations - Gem Stone Painting
08:46 The Eel Business (Fisherman the eel culture)
09:25 Let's Cook (EP-11) Scones and Caramel Custard Pudding

# အွန်လိုင်းမှ တေးအယ်လ်ဘမ်ရောင်းချမှုခေတ်စားလာသည့် မြန်မာ့ဂီတဈေးကွက်




မြန်မာနိုင်ငံတွင် တေးအယ်လ်ဘမ်များကို အွန်လိုင်းမှရောင်းချမှုပိုမိုများပြားလာကြောင်း ၂၀၁၅ နှောင်းပိုင်းကာလတွင် ပိုမိုထင်ရှားစွာ မြင်တွေ့လာရသည်။ မြန်မာတေးအယ်လ်ဘမ်များကို Legacy Music - myanmarmusicstore မှ ဖြန့်ချိနေခြင်းဖြစ်ပြီး အယ်လ်ဘမ်တွင် ပါဝင်သော သီချင်းတစ်ပုဒ်စီ၏ တစ်မိနစ်စာနမူနာကို http://www.myanmarmusicstore.com/Album Detail.aspx တွင် အခမဲ့နားဆင်နိုင်ပြီး တစ်ပုဒ်ကို ကျပ် ၃၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ပြီး အယ်လ်ဘမ်တစ်ချပ်လုံးစာကို ကျပ် ၁၅၀၀၊ ၁၈၀၀ စသဖြင့် ဈေးနှုန်းအပြောင်းအလဲရှိကြောင်း တွေ့ရသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၂၀ရက်တွင် တေးသံရှင် ဘာဘူ၏ ဘာလုပ် တေးအယ်လ်ဘမ်ကို အွန်လိုင်းမှ စတင်ဖြန့်ချိခဲ့ပြီး လေးရက်အကြာ နိုဝင်ဘာ ၂၄ ရက်တွင် အောင်မြင့်မြတ်၏ နင်ရှိမယ့်နေရာဆီသို့ တေးအယ်လ်ဘမ်ကို ထပ်မံဖြန့်ချိခဲ့သည်။ ထို့နောက် နိုဝင်ဘာ၂၇ တွင် တေးသံရှင် အယ်လ်ဒီ၏ ပျော်နေပါ အယ်လ်ဘမ်ကို လည်းကောင်း၊ ၂၈ ရက်တွင် ဆူးနန္ဒာထက်၏ အဆက်အသွယ်သီချင်းကို လည်းကောင်း ယင်း LegacyMusic-myanmar musicstore မှပင် ထပ်မံဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။ အချို့အွန်လိုင်းမှ ဖြန့်ချိခဲ့ပြီးသော တေးအယ်လ်ဘမ်းအချို့မှာ အွန်လိုင်းသီးသန့်ဖြန့်ချိခဲ့ခြင်းများလည်းရှိသည်။

တေးအယ်လ်ဘမ်များကို MPT၊ Telenor၊ Ooredoo ဖုန်းအသုံးပြုသူများအားလုံး အလွယ်တကူဝယ်ယူရန် ဆောင်ရွက်ထားပြီး Master Visa Cards Myan Pay CB Pay Y Pay တို့အပြင် Pay Par အသုံးပြု၍ ပြည်ပမှ ဝယ်ယူနိုင်ကြောင်းလည်း သိရသည်။

# အဆိုးရွားဆုံးဟယ်ရီပေါ်တာရုပ်ရှင်

# 'Harry Potter And The Goblet of Fire'

မေလဲ့သင်း - ရေးသားသည်




ဟယ်ရီပေါ်တာဇာတ်ကားဟာ တစ်ကမ္ဘာလုံးကလေးပရိသတ်တွေရော လူကြီးပရိသတ်တွေပါ နှစ်သက်ခဲ့တဲ့အတွက် ငွေရေးကြေးရေးအရ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ခဲ့ပေမယ့် ၂၀၀၅ မှာ ရုံတင်ခဲ့တဲ့ 'Harry Potter And The Goblet of Fire' ကတော့ ဟယ်ရီပေါ်တာဇာတ်ကားတွေထဲမှာ အဆိုးရွားဆုံးဇာတ်ကားအဖြစ် အမ်တီဗွီ နယူးစ်ဒေ့ါကွန်းက ရွေးချယ်ဖော်ပြခဲ့သည်။ ယင်းဇာတ်ကားကို ၂၀၀၅ နိုဝင်ဘာ ၁၈ ရက်က ရုံတင်ပြသခဲ့ရာ ဟယ်ရီပေါ်တာဇာတ်ကား ကြိုက်နှစ်သက်သည့် ပရိသတ်များ လာရောက်ကြည့်ရှုပြီး နှစ်နာရီအကြာ ထိတ်လန့်တကြားအော်ဟစ်ခဲ့ရသည်ကို ပရိသတ်များအနေဖြင့် မေ့လောက်ပြီဖြစ်သော်လည်း အမ်တီဗွီကမူ မမေ့နိုင်စရာ ဟယ်ရီပေါ်တာဇာတ်ကားအဖြစ် ထုတ်နုတ်တင်ပြခဲ့သည်။

အဆိုပါဇာတ်ကားတွင် ဟယ်ရီပေါ်တာ၏အမည်သည် သုံးပွင့်ဆိုင်မှော်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်စာရင်းတွင် ပါဝင်လာခဲ့ပြီးနောက် တမ်ပလီဒိုးက လေ့ကားပေါ်မှပြေးဆင်းလာကာ ဟယ်ရီပေါ်တာ၏ ကော်လံစကို ဒေါသတကြီး ကိုင်ဆွဲခဲ့သည်။

သို့သော် မူရင်းဂျေကေရိုလင်း၏ မူရင်းဝတ္ထုတွင် တမ်ပလီဒိုးက ဟယ်ရီပေါ်တာကို အေးဆေးစွာကြည့်ရှုပြီးနောက် "ဟယ်ရီ. . . မင်းက ဘာလို့ မီးဖလားပြိုင်ပွဲမှာ ဝင်ပြိုင်ရတာလဲ" ဟုသာ ရေးသားခြင်းဖြစ်သည်။

ထို့ကြောင့် ယင်းဇာတ်ကား ကြည့်ရှုနေသူများအနေဖြင့် မူရင်း ဇာတ်အိမ်ကို ဇာတ်ညွှန်းလုံးဝပြောင်းလဲလိုက်သည့် ယင်းဇာတ်ကားအပေါ် ကြိုက်နှစ်သက်မှုမရှိခဲ့ခြင်းဖြစ်ပြီး စာရေးဆရာပေးချင်သော မူရင်းအနှစ်သာရပျောက်ဆုံးခဲ့သော ဟယ်ရီပေါ်တာဇာတ်ကားအဖြစ် လူသိများခဲ့သည်။

## ရုပ်ရှင်အညွှန်း

ဖြိုးစန္ဒာမြင့်




### နက္ခတ်များတဲ့တိုက်ပွဲ

ကြေးမုံရုပ်ရှင်ချစ်ပရိသတ်ကြီးအတွက် လာမယ့် နိုဝင်ဘာ ၂၇ ရက်မှာ ရန်ကုန်မြို့က ရုပ်ရှင်ရုံတွေမှာ စတင်ရုံတင်ပြသမယ့် ဇာတ်ကားလေးတွေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။

ဒီတပတ်မှာတော့ ရန်ကုန်မြို့မှာရှိတဲ့ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ Top Royal စိန်ဂေဟာပါရမီ၊ မင်္ဂလာစံပြ၊ ဝင်းလိုက်၊ မြို့မနဲ့ မင်္ဂလာထွန်းသီရိ Cineplex တွေမှာ ဒါရိုက်တာညွန့်မြန်မာညီညီအောင်ရဲ့ နက္ခတ်များတဲ့တိုက်ပွဲ ဇာတ်ကားသစ်ကို ရုံတင်ပြသမှာပါ။

ဒီဇာတ်ကားမှာ အကယ်ဒမီနေတိုး၊ အကယ်ဒမီသက်မွန်မြင့်နဲ့ ရတနာဖြူဖြူအောင်တို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး မေသဥ္ဇာဦး၊ ဝါဝါအောင်တို့နဲ့အတူ ဇာတ်ပို့များအဖြစ် ဇော်ဦး၊ အောင်ခိုင်၊ ဇော်ဝင်းနိုင်(မန်း)၊ သားညီ၊ ဇော်ဇော်အောင်၊ ဒိန်းဒေါင်၊ ကေညီ၊ ကေငြိမ်း၊ သန်းသန်းစိုး၊ အေးသီတာ၊ လမင်းကဗျာနဲ့ သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။ ဇာတ်လမ်း ဖြူ(အဝကျွန်း)၊ ဇာတ်ညွှန်းကို သည်ခေတ်နေက ပုံဖော်ထားပြီး ကွင်းန်ဂျူဝဲလ်ရုပ်ရှင်ထုတ်လုပ်ရေးက ဒေါ်ဖြူဖြူခိုင်(အဝကျွန်း)စီစဉ်တဲ့ ပွဲဦးထွက် ရုပ်ရှင်တစ်ကားလည်းဖြစ်ပါတယ်။

နက္ခတ်မှားပြီး မွေးလာတဲ့ ဦးဇမ္ဗူ မောင်လက်ျာနှင့် ရဲရင့်တို့ကို မိသားစုတစ်စုအဖြစ် ကံကြမ္မာကဆုံစည်းပေးလိုက်သော်လည်း နက္ခတ်မှားပြီး မွေးဖွားလာခဲ့ရသည့် ကံကြမ္မာအပြောင်းအလဲကြောင့် လက်ရှိရှင်သန်နေရတဲ့ဘဝမှာ အငြိုးတွေ၊ နားလည်မှုလွဲမှားခြင်းတွေရဲ့အဆုံးသတ်က မလှပခဲ့တဲ့အကြောင်းလေးကို ပုံဖော်ထားတဲ့ ဇာတ်ကားလေးပါ။

တစ်ပတ်အတွင်း မြန်မာရုံတင်ဇာတ်ကားသစ်ရဲ့အမြည်းအဖြစ် ရုပ်ရှင်ချစ်ပရိသတ်ကြီး ကြိုတင်ခံစားနိုင်ရန် တင်ပြလိုက်ရပါတယ်။

**အားကစား**




# ဘိုင်ယန်ကို ကျေးရှူးတင်ရမယ့် အာဆင်နယ်

နိုဝင်ဘာ ၂၅ ရက် နံနက်က ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်(၅)မှာ ဘိုင်ယန်က အိုလံပီယာကော့စ်ကို လေးဂိုးပြတ်နဲ့ အနိုင်ကစားပေးပြီး အာဆင်နယ်ကလည်း ဒိုင်နမို ဇာဂရက်ကို သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် အာဆင်နယ်ရဲ့ ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်ကို တက်ရောက်ဖို့မျှော်လင့်ချက် ဆက်လက်ရှင်သန်နေခဲ့ရပါတယ်။ ဘိုင်ယန်အသင်းက ဒုတိယပိုင်း ၅၁ မိနစ်မှာ နောက်ခံကစားသမား ဘက်စတူဘာ တိုက်ရိုက်အနီကတ်နဲ့ ထုတ်ပယ်ခံခဲ့ရပေမယ့် လေးဂိုးပြတ် အနိုင်နဲ့အတူ အုပ်စု(F)ရဲ့ ထိပ်ဆုံးနေရာကို ရမှတ် ၁၂ မှတ်နဲ့ ဦးဆောင်ထားနိုင်ခဲ့ပါတယ်။ ဘိုင်ယန်က ပွဲကစားချိန်မိနစ် ၂၀ အတွင်း ကော်စတာ၊ လီဝမ်ဒေါဖကီး၊ မူလာတို့ရဲ့သွင်းဂိုးတွေနဲ့ ဦးဆောင်ထားနိုင်ခဲ့ကာ ၁၀ ယောက်ကျန် အနေအထားမှာတောင် ကိုးမန်းရဲ့ ပွဲသိမ်းဂိုးနဲ့အတူ နိုင်ပွဲဆက်ခဲ့ပါတယ်။

အာဆင်နယ်ဟာ ချန်ပီယံလိဂ်မျှော်လင့်ချက်ရှင်သန်ခွင့်ရဖို့ ပွဲအစအဆုံးကစားအားမချဘဲ ကစားခဲ့တာကြောင့် ယခုလောက်အထိ ဂိုးပြတ်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အတွက် အနိုင်ဂိုးတွေကို ပွဲချိန် ၂၉ မိနစ်မှာ အိုဇေးလ်က လည်းကောင်း၊ ၃၃ မိနစ်နဲ့ ၆၉ မိနစ်တွေမှာ ဆန်းချက်ဇ်က လည်းကောင်း သွင်းယူပေးခဲ့တဲ့အတွက် အခုလို ရှုံးထွက်အဆင့်တက်ရောက်ခွင့် မှေးမှိန်မသွားခဲ့ရတာ ဖြစ်ပါတယ်။ ဒီပွဲမှာ ကိုကွာလင်အစား ဝင်ရောက်ကစားပေးခဲ့တဲ့ ဖလာမီနီက အာဆင်နယ်အတွက် ရှေ့နောက်ချိတ်ဆက်မှု ကောင်းကောင်းလုပ်ဆောင်နိုင်ခဲ့သလို အိုဇေးလ်၊ ဆန်းချက်ဇ်နဲ့ ကာဇိုလာတို့ကလည်း တွဲဖက်မိမိကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ အာဆင်နယ်ရဲ့ အဖွင့်ဂိုးဟာ ဖလာမီနီ ဆီကအစပြုခဲ့ပြီး ဆန်းချက်ဇ်ရဲ့ ပေးပို့မှုက တစ်ဆင့် အိုဇေးလ်က ပင်နယ်တီဧရိယာအတွင်း ဒိုင်ဗင်ပစ်ကာ ခေါင်းတိုက်သွင်းယူခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ချန်ပီယံလိဂ်ပွဲစဉ်(၆)မှာ အိုလံပီယာကော့စ်ဟာ အာဆင်နယ်ကို သရေခံကစားနိုင်ရုံနဲ့ ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်မှာဖြစ်လို့ အာဆင်နယ်အနေနဲ့ အနိုင်ရမှသာ အုပ်စုအဆင့်ကို လွန်မြောက်နိုင်မှာဖြစ်ပါတယ်။ တကယ်လို့ အာဆင်နယ်က နောက်ဆုံးပွဲမှာ အိုလံပီယာကော့စ်ကို အနိုင်ကစားပြီး ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ခဲ့မယ်ဆို ၂၀၁၂ ခုနှစ်မှာ ပွဲဦးထွက်နှစ်ပွဲရှုံးနိမ့်ပြီးမှ အုပ်စုအဆင့်ကို လွန်မြောက်နိုင်တဲ့ ဂါလာတာစာရေးပြီးနောက် ဒုတိယမြောက်အသင်းအဖြစ် ချန်ပီယံလိဂ်သမိုင်းမှာ မှတ်တမ်းဝင်သွားမှာ ဖြစ်ပါတယ်။

ဒီနိုင်ပွဲကြောင့် ပျော်ရွှင်နေတဲ့ အာဆင်နယ်နည်းပြ ဝင်းဂါးကတော့ “ကျွန်တော်တို့ ဒီနေ့မှာ အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သလို ဘိုင်ယန်ကလည်း ကျွန်တော်တို့အတွက် အကောင်းဆုံးလုပ်ဆောင်ပေးခဲ့တယ်”လို့ ပြောခဲ့ပါတယ်။ ဇာဂရက်နည်းပြ ဇိုရန်မာမစ်ကတော့ “ဒီနေ့ အာဆင်နယ်က အရမ်းကောင်းနေခဲ့သလို သူတို့ရဲ့ကစားပုံက အိုလံပီယာကော့စ်ထက် အများကြီးသာတာကြောင့် ၁၆ သင်းအဆင့်ကို အာဆင်နယ်ပဲ တက်ရောက်နိုင်မယ်လို့ ကျွန်တော်ထင်ပါတယ်” လို့ မှတ်ချက်ပေးခဲ့ပါတယ်။

အခြားပွဲစဉ်တွေမှာတော့ ဘာစီလိုနာက ရိုးမားကိုခြောက်ဂိုး-တစ်ဂိုး၊ ချယ်လ်ဆီးက တဲလ်အဗစ်ကို လေးဂိုး-ဂိုးမရှိ၊ ဒိုင်နမိုကိဗ်က ပေါ်တိုကို နှစ်ဂိုး-ဂိုးမရှိ၊ ဇင်းနစ်က ဗလင်စီယာကို နှစ်ဂိုး-ဂိုးမရှိ၊ လိုင်ယွန်က ဂျန့်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အသီးသီးအနိုင်ယူခဲ့သလို ဘိတ်နဲ့လေဗာကူဆင်တို့က တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပါတယ်။

**(ရှိုင်းယန်ဟေဒင်)**

# ချယ်လ်ဆီးအသင်း ချန်ပီယံလိဂ် ၁၆ သင်းအဆင့် တက်လှမ်းရန်နီးစပ်လာ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းသည် ပရီမီယာလိဂ်ပြိုင်ပွဲတွင် ရလဒ်အကောင်းဆုံးအနေအထားသို့ မရောက်ရှိခဲ့သော်လည်း ချန်ပီယံလိဂ်အုပ်စုပွဲစဉ်အဖြစ် နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်းက မက်ကာဘီတဲလ်အဗစ် အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲစဉ်တွင် လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းကြောင့် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းရန် နီးစပ်လာပြီဖြစ်သည်။

ယင်းပွဲစဉ်တွင် ပွဲကစားချိန် မိနစ် ၂၀ တွင် ချယ်လ်ဆီးအသင်းသည် ဂယ်ရီကာဟေးလ်၏ သွင်းဂိုးဖြင့် ဦးဆောင်ဂိုးစတင်ရရှိခဲ့ပြီး မက်ကာဘီတဲလ်အဗစ်အသင်းသည် အိမ်ကွင်း၌ ချေပဂိုးပြန်လည်ရရှိရေးကြိုးစားရင်း ပွဲကစားချိန် ၄၁ မိနစ်တွင် တိုက်စစ်မှူး တယ်ဘန်ဟိမ်း တိုက်ရိုက်အနီကတ်ပြသခံခဲ့ရပြီးနောက်ပိုင်း တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် အဝေးကွင်းတွင် ပိုမိုအားတက်လာခဲ့ပြီး ဒုတိယပိုင်းတွင် ဟာဇက်၏ နေရာတွင် ပက်ဒရိုကိုလည်းကောင်း၊ နောက်ခံကစားသမား ဂွန်တယ်ရီ၏ နေရာတွင် ဇူးမားကိုလည်းကောင်း လူစားလဲကစားခဲ့မှုများပြုလုပ်ခဲ့ပြီးနောက် ချယ်လ်ဆီးအသင်း၏ ရှေ့လယ်၊ နောက် ကစားကွက်သည် ပိုမိုအံဝင်လာခဲ့ကာ ပွဲကစားချိန် ၇၃ မိနစ်တွင် ဝီလီယံ၏ သွင်းဂိုးနှင့် ပွဲကစားချိန် ၇၇ မိနစ်တွင် အော်စကာ၏ သွင်းဂိုးတို့ ဆက်တိုက်ရရှိခဲ့သည်။

သို့ရာတွင် အိမ်ရှင် မက်ကာဘီတဲလ်အဗစ်အသင်းသည် အိမ်ကွင်းရှုံးပွဲကို မလိုလားသောကြောင့် လူစားလဲကစားမှုသုံးကြိမ်ဆက်တိုက်ပြုလုပ်ခဲ့သော်လည်း ပြိုင်ပွဲ၏ရလဒ်ပိုင်းသည် တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသည့် မက်ကာဘီတဲလ်အဗစ်အသင်းအတွက် ပြောင်းလဲခဲ့ခြင်းမရှိခဲ့သည့်အပြင် ပွဲကစားချိန် မိနစ် ၉၀ တွင် အော်စကာ၏ ဖန်တီးပေးပို့မှုကို နောက်ခံလူ ဇူးမားက ဂိုးအဖြစ်ပြောင်းလဲပေးနိုင်ခဲ့ခြင်းကြောင့် ချယ်လ်ဆီးအသင်းက မက်ကာဘီ တဲလ်အဗစ်အသင်းအား လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းသည် ချန်ပီယံလိဂ် ၁၆ သင်းအဆင့်သို့ တက်လှမ်းနိုင်ရန် ပို၍နီးစပ်မှုရှိလာခဲ့ပြီး ချန်ပီယံလိဂ်နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် ပေါ်တိုအသင်းနှင့် ပွဲစဉ်အား ဒီဇင်ဘာ ၁၅ ရက်တွင် ကစားရမည် ဖြစ်သည်။ ပေါ်တိုအသင်းသည် နိုဝင်ဘာ ၂၅ ရက်နံနက်ပိုင်းက ဒိုင်နမိုကိဗ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ထားခဲ့သည့်အသင်းဖြစ်သည်။ ပေါ်တိုအသင်းသည် ယင်းပွဲစဉ်မတိုင်မီက အုပ်စုအဆင့်တွင် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သော်လည်း လက်ရှိတွင်မူ ချယ်လ်ဆီးအသင်းနှင့် ရမှတ်တူဂိုးကွာခြားချက်ကြောင့် အုပ်စုဒုတိယနေရာတွင် ရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**



# အီဘား - ရီးယဲလ်အဆုံနဲ့ လာလီဂါရင်ခုန်သံ - ၁၃

စပိန်လာလီဂါပွဲစဉ် ၁၂ မှာ ရီးယဲလ်မက်ဒရစ်က ဘာစီလိုနာကို အိမ်ကွင်းဘာနေဗျူးမှာ ဂိုးပြတ်ရှုံးတယ်။ ဒီတစ်ပတ်မှာလည်း ရီးယဲလ်မက်ဒရစ်ဟာ လက်ရှိခြေကောင်းနေတဲ့ အီဘားနဲ့အဝေးကွင်းပွဲစဉ်အဖြစ် ရင်ဆိုင်ရမယ်။ ဒါကြောင့် ရီးယဲလ်မက်ဒရစ်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်ရမယ်။




ရှိုင်းမင်းမင်း

**လီဗန်တေး - ဘက်တစ် နံနက် ၂း၀၀ (၂၈-၁၁-၁၅)**

လီဗန်တေးက ဒီရာသီမှာခြေစွမ်းပိုင်းအတော်လေး အားနည်းမှုတွေရှိနေတယ်။ အသင်းလိုက်ကစားပုံက ခံစစ်အားနည်းမှုတွေရှိနေပြီး အိမ်ကွင်းမှာတစ်ပွဲသာ နိုင်သေးတယ်။ ဘက်တစ်ကတော့ အဝေးကွင်းကစားပုံ ကောင်းမွန်ပြီး အဝေးကွင်းတစ်ပွဲသာရှုံးသေးတယ်။ ဘက်တစ်ပဲ နိုင်ပွဲရသွားမှာပါ။

**ဘာစီလိုနာ - ဆိုစီဒက် ည ၉း၃၀ (၂၈-၁၁-၁၅)**

နည်းပြအပြောင်းအလဲနဲ့အတူ ဆိုစီဒက်ခြေပြန်လည်တည်ငြိမ်လာကာ အိမ်ကွင်းမှာ ဆီဗီလာကိုအနိုင်ရခဲ့တယ်။ ဒါပေမယ့် ဆိုစီဒက်အနေနဲ့ နူကမ့်မှာဘာစီလိုနာကို တံ့ပြန်နိုင်ဖို့လောက်အထိတော့ ပြည့်စုံမှုမရှိသေးပါဘူး။ မက်ဆီပါ ပြန်ပွဲထွက်လာနိုင်တဲ့ ဘာစီလိုနာကသာ နိုင်ပွဲရသွားမှာပါ။

**အက်သလက်တီကို - အက်စ်ပန်ညို ည ၁၀း၄၅ (၂၈-၁၁-၁၅)**

အက်စ်ပန်ညိုက မာလာဂါကို အနိုင်ယူပြီး သုံးပွဲဆက်တိုက်ရလဒ်မကောင်းခဲ့မှုကို ရပ်တန့်နိုင်ခဲ့တယ်။ ဒါပေမယ့် အဝေးကွင်းပွဲစဉ်တွေမှာဆိုရင်တော့ အက်စ်ပန်ညိုသာ ခံစစ်ကစားပုံအားနည်းတတ်တာကို သတိပြုရမယ်။ အိမ်ကွင်းမှာ အက်သလက်တီကိုပဲ နိုင်ပွဲရသွားမှာပါ။

**မာလာဂါ - ဂရန်နာဒါ နံနက် ၂း၀၀ (၂၉-၁၁-၁၅)**

မာလာဂါက အက်စ်ပန်ညိုကို ရှုံးနိမ့်မှုနဲ့အတူ တန်းဆင်းဇုန်ထဲကိုရောက်သွားတယ်။ မာလာဂါရဲ့ခြေစွမ်းနဲ့ တိုက်စစ်ပိုင်းကလည်း ဒီရာသီမှာ အတော်လေးအားနည်းတယ်။ ဒါပေမယ့် ဂရန်နာဒါကလည်း ခြေစွမ်းပိုင်းအားနည်းမှုတွေများတယ်။ မာလာဂါ အိမ်ကွင်းမှာ ဒီပွဲတော့အနိုင်ရသွားမှာပါ။

**လက်စ်ပဲလ်မက်စစ် - ဒီပို့တီဗို နံနက် ၃း၃၀ (၂၉-၁၁-၁၅)**

လက်စ်ပဲလ်မက်စစ်က နောက်ဆုံးပွဲစဉ်မှာဗလန်စီယာကို သရေကစားတယ်။ စပါးသင်းနောက်ဆုံး လေးပွဲမှာလည်း အရှုံးတစ်ပွဲသာရှိတယ်။ ဒါပေမယ့် ဒီပို့တီဗိုကလည်း နောက်ဆုံးပွဲစဉ်မှာ ဆယ်တာဗီဂိုကိုအနိုင်ရခဲ့သလို ခြေစွမ်းလည်းမဆိုးဘူး။ လက်စ်ပဲလ်မက်စစ်ကို သရေလောက်ပဲရမယ်။

**ဆယ်တာဗီဂို - ဂီဂျွန် နံနက် ၃း၃၅ (၂၉-၁၁-၁၅)**

ဒီပို့တီဗိုကိုရှုံးနိမ့်ခဲ့ပြီး နောက်ဆုံးလေးပွဲမှာ သုံးပွဲမြောက် အရှုံးနဲ့ရင်ဆိုင်လိုက်ရတဲ့ ဆယ်တာဗီဂိုခြေကကျဆင်းလာပါတယ်။ အထူးသဖြင့် ခံစစ်ကျစ်လျစ်မှုပျောက်ဆုံးလာပြီး အဲဒီလေးပွဲမှာ ၁၂ ဂိုးအထိပေးခဲ့ရပါတယ်။ ဒါပေမယ့် ဂီဂျွန်ကခြေမငြိမ်သလို ဆယ်တာဗီဂိုကွင်းလည်းဖြစ်တော့ ဆယ်တာဗီဂိုနိုင်ဖို့တော့ရှိတယ်။

**အီဘား - ရီးယဲလ်မက်ဒရစ် ည ၉း၃၀ (၂၉-၁၁-၁၅)**

အီဘားက အခုနောက်ပိုင်းကစားပုံမဆိုးဘူးလို့ဆိုနိုင်တယ်။ အထူးသဖြင့် အိမ်ကွင်းကစားပုံကောင်းမွန်မှုရှိပြီး အိမ်ကွင်းရှုံးပွဲတစ်ပွဲသာရှိသေးတယ်။ ဒါပေမယ့် ရီးယဲလ်မက်ဒရစ်ကလည်း ဘာစီလိုနာကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန်ရဖို့ အားစိုက်လာမှာပါ။ ရီးယဲလ်တို့ နိုင်ပွဲပြန်ရသွားဖို့တော့ ရှိပါတယ်။

**ဗယ်လီကာနို - ဘီလ်ဘာအို ည ၁၁း၄၅ (၂၉-၁၁-၁၅)**

ဘီလ်ဘာအိုက အိမ်ကွင်းနဲ့ အဝေးကွင်းခြေစွမ်းမမျှတပါဘူး။ ဘီလ်ဘာအိုဟာ အဝေးကွင်းပွဲစဉ်တွေမှာဆိုရင် တိုက်စစ်ပိုင်းကအစ ဂိုးသွင်းအား သိသိသာသာကျဆင်းတတ်ပါတယ်။ ဗယ်လီကာနိုက ခြေသာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ဖိကစားမှာပါ၊ ဘီလ်ဘာအိုတို့နိုင်ရင်တောင်မှ မပြတ်သားနိုင်ဘူး။

**ဆီဗီလာ - ဗလန်စီယာ နံနက် ၂း၀၀ (၃၀-၁၁-၁၅)**

ဆီဗီလာရောဗလန်စီယာပါ ပွဲစဉ် ၁၂ မှာနိုင်ပွဲတွေပျောက်ဆုံးခဲ့ရတာကြောင့် ဒီပွဲမှာနိုင်ပွဲပြန်ရဖို့အားစိုက်လာမှာပါ။ ဒါပေမယ့်ဗလန်စီယာ အဝေးကွင်းပွဲစဉ်တွေမှာ ခံစစ်ကစားပုံမငြိမ်သလို ဆီဗီလာတိုက်စစ်ကလည်း အိမ်ကွင်းပွဲတွေမှာ သိသိသာသာအားကောင်းတတ်ပါတယ်။ ဆီဗီလာနိုင်ပွဲရသွားမှာပါ။

# တာချီလိတ်မြို့တွင် ငွေကျပ် ၅၆ သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့်ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ



**တာချီလိတ် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(အတွင်း)ရှိ နေအိမ် တစ်အိမ်၌ ငွေကျပ် ၅၆ သိန်းခန့်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် အခြား ဆက်စပ်ပစ္စည်းများအား နိုဝင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု (၃၀) တာချီလိတ်နှင့်တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ အေးသာယာနယ်မြေရဲစခန်းမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိနေသူဖြစ်သည့် တာချီလိတ်မြို့ တော်ကော့(အတွင်း)ရပ်ကွက်ရှိ အိုက်နု(ခ) စိုင်းဆန်နု၏ နေအိမ်အား ဝင်ရောက်စစ်ဆေးရှာဖွေရာ ၎င်းအားနေအိမ်တွင်မတွေ့ရှိရဘဲ ခြံစောင့်ဖြစ်သူ စိုင်းခမ်းစိန်(ခ)အားသိုဆိုသူအား တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ခြံဝင်းအတွင်း နေအိမ်နှင့်ကပ်လျက် မြေကွက်လပ်တွင် မြေကျင်းတူး၍ မြှုပ်နှံထားသော (A)တံဆိပ်နှင့် တရုတ်စာတန်းပါ ဘိန်းဖြူဘလောက်တုံးတစ်တုံး(အလေးချိန် သုည ဒသမ ၃၅ ကီလိုဂရမ်ခန့်) ကာလတန်ဖိုးငွေကျပ် ၅၆ သိန်းခန့်အား လည်းကောင်း၊ နေအိမ်အတွင်းရှိ အိုက်နုအိပ်သည့် အိပ်ခန်းအတွင်းမှ မူးယစ်ဆေးဝါး ချိန်တွယ်သည့် စတီးဗန်းနှစ်ခုပါ ချိန်ခွင်တစ်ခု၊ ဆိုင်ကယ်မှတ်ပုံတင်စာအုပ်တစ်အုပ်၊ မြန်မာ့အာမခံလုပ်ငန်းစာအုပ်တစ်အုပ်နှင့် မြန်မာ့စီးပွားရေးဘဏ်တွင် ငွေကျပ်သိန်း ၃၆၀ ကျော် ထည့်သွင်းထားသည့် ဦးစိုင်းဆန်နုအမည်ပါ ငွေစုစာအုပ်တစ်အုပ်တို့အားလည်းကောင်း၊ ခြံဝင်းအတွင်းမှ Mitsubishi Pajero V-46 အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် ယင်းမော်တော်ယာဉ်နောက်ခန်းအတွင်းမှ ထိုင်းဘတ်ငွေ ၂၅ သိန်းအား လည်းကောင်း၊ အိုက်နု(ခ)စိုင်းဆန်နု ပိုင်ဆိုင်သည့် တော်ကော့(အတွင်း)ရပ်ကွက်ရှိ ဂိုဒေါင်နှင့်ခြံဝင်းအား ဝင်ရောက်ရှာဖွေရာ Mini Box Truck အမျိုးအစား မော်တော်ယာဉ်တစ်စီးအား လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူဖမ်းဆီးရမိသူ စိုင်းခမ်းစိန်(ခ)အားသို (၄၅)နှစ်နှင့် တိမ်းရှောင်နေသည့် မူးယစ်ဆေးဝါးများ ပိုင်ရှင်ဖြစ်သူ အိုက်နု(ခ) စိုင်းဆန်နု (၄၅)နှစ် တို့အား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**(ခရိုင်ပြန်/ဆက်)**

# တစ်ဖက်နိုင်ငံသို့ပို့ဆောင်ရန် သယ်ဆောင်လာသည့်ကျောက်စိမ်းဖြတ်စများ သိမ်းဆည်းရမိ

**နောင်ချို နိုဝင်ဘာ ၂၅**

**တစ်ဖက်နိုင်ငံသို့ပို့ဆောင်ရန် တရားမဝင်သယ်ဆောင်လာသည့် ကျောက်စိမ်းဖြတ်စများအား နောင်ချို စစ်ဆေးရေးဂိတ်၌ နိုဝင်ဘာ ၂၄ ရက်က သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။**



ဖြစ်စဉ်မှာ ဌာနစုံပူးပေါင်းစစ်ဆေးရေးအဖွဲ့(Mobile Team) လရခ(၁) တို့သည် တရားမဝင်ကုန်ပစ္စည်းများ ကူးသန်းသွားလာမှုမရှိစေရေးအတွက် နောင်ချိုမြို့အဝင် စစ်ဆေးရေးဂိတ်တွင် နိုဝင်ဘာ ၂၄ ရက် နံနက် ၈ နာရီခွဲခန့်က စစ်ဆေးဆောင်ရွက်နေစဉ် မန္တလေးဘက်မှ မူဆယ်ဘက်သို့ သွားမည့် 9A/----ယာဉ်အား စစ်ဆေးရာ ယာဉ်၏ဝမ်းဗိုက်အတွင်းမှ ကျောက်စိမ်းဖြတ်စမျိုးစုံ ကီလို ၃၆၀ ခန့်အား သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သိမ်းဆည်းရမိသောယာဉ်နှင့် ကျောက်စိမ်းဖြတ်စများအား အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ခရီးသည်တင်မှန်လုံယာဉ်ဝင်တိုက်မိ၍ စက်ဘီးစီးလာသူသေဆုံး

**ညောင်လေးပင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရဲလှကုန်းရွာထိပ်အနီး ခရီးသည်တင်မှန်လုံယာဉ်ဝင်တိုက်မိ၍ စက်ဘီးစီးလာသူ သေဆုံးသွားသည့်ဖြစ်စဉ်တစ်ခု နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခန့်ကဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ညောင်လေးပင်မြို့မရဲစခန်းမှ ဒုရဲအုပ်ဝင်းအောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ညောင်လေးပင်မြို့ ရဲလှကုန်းရွာထိပ်အနီး ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၀၀/၇)နှင့် (၁၀၁/၀)ကြားတွင် ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ညောင်လေးပင်မြို့နယ် လေးအိမ်စုရွာနေ ဦးချို(၇၀)နှစ်သည် စက်ဘီးစီးနင်းလာစဉ် ကျောက်တံခါးမြို့နယ် သဖွေးကုန်းရွာနေ ဂဏန်း(ခ)ဇော်မျိုးခိုင် (၃၅) နှစ်မောင်းနှင်ပြီး ယာဉ်နောက်လိုက်အဖြစ် ချစ်မိုးဦး (၂၅) နှစ် လိုက်ပါလာသော YGN 5K/-------- Hyundai Bus အမျိုးအစားရွှေခရီးခရီးသည်တင်ယာဉ်က ဝင်ရောက်တိုက်မိသဖြင့် ဦးချိုမှာ ဒဏ်ရာများဖြင့် အခင်းဖြစ်နေရာ၌ သေဆုံးသွားပြီး ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ညောင်လေးပင်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကျွန်းသစ်ခွဲသားများ တရားမဝင်သယ်ဆောင်လာသူအား အမှုဖွင့်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြို့သစ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားမဝင်သစ်များသယ်ဆောင်လာကြောင်း သတင်းအရ မြို့သစ်မြို့ ဘုရားကြီးရပ်ကွက် မြို့နယ်စည်ပင်သာယာရုံးရှေ့ တောင်တွင်း-မြို့သစ်-နတ်မောက်ကားလမ်းပေါ်တွင် နိုဝင်ဘာ ၂၃ ရက် နံနက် ၄ နာရီခွဲခန့်က စောင့်ဆိုင်းနေစဉ် တောင်တွင်းကြီးဘက်မှ နတ်မောက်ဘက်သို့ ကျောက်ပန်းတောင်းမြို့နယ် လွယ်ပင်ကုန်းကျေးရွာနေ ဇော်ဌေး(၃၄)နှစ် မောင်းနှင်လာသော 4E/----- MAZDA TITAN အဖြူရောင်ခြောက်ဘီးယာဉ်အား ရပ်တန့် ရှာဖွေခဲ့သည်။

ထိုသို့ရှာဖွေရာ ယာဉ်ပေါ်မှ တရားမဝင်ကျွန်းသစ်ခွဲသားဆိုဒ်စုံ ၂၃၅ ချောင်း(၁ ဒသမ ၉၀၄၄ တန်) တန်ဖိုးငွေကျပ် ၁၁၄၂၆၄၀ တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဇော်ဌေးအား မြို့သစ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အရက်မူးပြီး ရပ်ကွက်အတွင်းဆူပူသောင်းကျန်းသူအား ဖမ်းဆီး

**မြိတ် နိုဝင်ဘာ ၂၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်စုံခေါင်း ရှားတောဝရပ်ကွက်တွင် နိုဝင်ဘာ ၂၃ ရက် ည ၁၀ နာရီခန့်က အရက်အလွန်အကျွံသောက်သုံးထားသူတစ်ဦးမှ သံတုတ်နှင့် ဓားတစ်ချောင်းကိုင်ဆောင်ကာ ရပ်ကွက်အတွင်း ဆူပူသောင်းကျန်းပြီး သုံးဘီးဆိုင်ကယ်၊ အိမ်စီးကား၊ လူနေအိမ်နှင့်ပစ္စည်းများအား ရိုက်ခွဲဖျက်ဆီးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့ မြို့ပတ်(၁)လမ်း ကလွင်စုံခေါင်းရှားတောဝရပ်နေ မောင်ပိုင်(ခ)သက်ပိုင်ဌေး(၂၃)နှစ်သည် အရက်အလွန်အကျွံသောက်သုံးကာ အရှည် သုံးပေခန့်၊ လုံးပတ်တစ်လက်မခွဲရှိ သံတုတ်တစ်ချောင်းနှင့် ဓားတစ်ချောင်းတို့ကိုကိုင်ဆောင်ကာ ရပ်ကွက်အတွင်း အော်ဟစ်ဆဲဆို၍ ဦးစိန်ထွန်းရီ နေအိမ်ရှေ့တံစက်မြိတ်အား ဖျက်ဆီးပြီး လမ်းမှာတွေ့ရှိ သည့် ဦးဖိုးတုတ်၏ကားမှန်နှင့် ဦးရန်နိုင်စိုးနေအိမ်ရှေ့တွင်ရပ်ထားသော သုံးဘီးဆိုင်ကယ်တို့အား သံတုတ်ဖြင့် ရိုက်နှက်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ထို့နောက် ဦးသန်းလွင်၏ နေအိမ်ရှေ့တံခါးမကြီးအား ရိုက်ဖျက်ကာ နေအိမ်အတွင်းသို့ ဝင်ရောက်ပြီး ဗီရို၊ ထိုင်ခုံ၊ စာရေးစားပွဲ၊ ရေနွေးဓာတ်ဘူးနှင့် ကက်ဆက်တို့ကို ရိုက်ခွဲဖျက်ဆီးခဲ့သည့်အပြင် အိမ်ဘေးနားတွင် ရပ်ထားသော သုံးဘီးဆိုင်ကယ်ရှေ့မီးလုံးကြီးနှင့် လက်ကိုင်ခုံတို့ကို ရိုက်ခွဲဖျက်ဆီးနေသောကြောင့် ဦးသန်းလွင်မှ ချော့မော့ကာဟန့်တားခဲ့သော်လည်း မချေမငံပြန်လည်ပြောဆိုခြင်း၊ ဆဲရေးတိုင်းထွာခြင်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးသန်းလွင်က အမှတ်(၁)နယ်မြေရဲကင်းသို့ အကြောင်းကြားတိုင်ကြားခဲ့သဖြင့် နယ်မြေရဲကင်းမှူး ရဲအုပ်ရဲထွဋ်ကို ဦးစီးတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသူရလင်းနှင့် တာဝန်ရှိသူများက မောင်ပိုင်(ခ)သက်ပိုင်ဌေးအား သွားရောက်ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၎င်းအား မြိတ်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**




# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားအထူး အဖွဲ့(၂)မှ တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် တည်ဆောက်လျက်ရှိသည့် ချောင်းမ-ကနီလမ်းပေါ်ရှိ ရေဝါချောင်းတံတား အပေါ်ထည်လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့် Steel Decking များအား လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပိတ်မည့်ရက် | - | ၁-၁၂-၂၀၁၅ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၂-၁၂-၂၀၁၅ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ မုံရွာမြို့ |

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊မုံရွာမြို့နှင့် တံတားအထူးအဖွဲ့(၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တို့တွင် ၂၄-၁၁-၂၀၁၅ ရက်နေ့ မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

ဖုန်း-၀၉-၆၄၇၂၆၅၂၊ ၀၉-၂၆၅၃၀၁၁၀၀၊ ၀၉-၅၄၀၇၃၇၁


oppo
Neo 7
ရောင်စဉ်ဖြာတဲ့ အလင်းတစ်ပွင့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ
လက်ဆောင်ပစ္စည်းများ
ရနိုင်မည့်အခွင့်အရေး
Ambassador:
Price: 199,000Ks
• ကြည်လင်တောက်ပတဲ့မျက်နှာပြင်
• ကိုင်ဆောင်ရလွယ်ကူတဲ့ 5" အကျယ်မျက်နှာပြင်
• အလှတရားနဲ့ပြည့်စုံမယ့် Selfie အတွက် 5MP/8MP

ကျန်းမာရေးဆောင်းပါး

# “မျက်ရည်အိတ်တွဲကျခြင်းအတွက် အကောင်းဆုံးကုထုံးလေးများ”

**à ပေါက်ပေါက်**

မျက်လုံးအောက်မှာ ဖောင်းအစ်နေပြီး မျက်ရည်အိတ်တွဲကျနေတဲ့သူတွေကို မြင်ဖူးကြမှာပါ။ အဲဒါဘာကြောင့်ဖြစ်ရပါသလဲ။

မျက်လုံးအောက်က အရေပြားဟာ အင်မတန်ပါးလွှာနုနယ်တဲ့အပြင် ထိုအရေပြားအောက်မှာ သွေးကြောလေးတွေ မြောက်များစွာ ယှက်သန်းနေကြပါတယ်။ ဥပမာ မျက်လုံးအားစိုက်ရလွန်း၍ မျက်စေ့ပင်ပန်းကြသူတွေမှာ ထိုမျက်စေ့အရေပြားအောက် သွေးကြောလေးတွေ ရောင်အမ်းလာတာကြောင့် မျက်ရည်အိတ်တွဲကျလာရခြင်းဖြစ်ပါတယ်။ ဒ့ါပြင် အိပ်ရေးမဝသူတွေ၊ အကြာကြီးငိုကြွေးပြီးခါစသူများ၊ စိတ်ဖိစီးမှုများသူတွေမှာ မျက်လုံးထဲရှိပိုလျှံတဲ့အရည်များက မျက်လုံးအောက်ဘက် ပါးလွှာတဲ့အရေပြားကို သွားရောက်ပိတ်ဆို့ခြင်းကြောင့် မျက်ရည်အိတ်ဖောင်းလာကြရပါတယ်။ အသက် ၄၅ နှင့် အထက် သက်ကြီးပိုင်းများကတော့ အသက်အရွယ်ကြောင့် အဆီများတွဲခိုလာပြီး မျက်လုံးအောက် ဖောင်းအစ်လာလေ့ရှိပါတယ်။ အောက်ပါရိုးရှင်းလွယ်ကူတဲ့ ကုထုံးလေးများဖြင့် မျက်ရည်အိတ်တွဲကျခြင်းအတွက် ဘေးဥပဒ်မရှိ ကုစားကြည့်စေလိုပါတယ်။

**၁။ အေးခဲထားတဲ့ လက်ဖက်ထုပ်အိတ်ကလေးများ**

လက်ဖက်ထဲမှာပါတဲ့ သဘာဝကဖိန်းဓာတ်တွေက သွေးကြောတွေကို ဖျစ်ညှစ်ကျုံ့စေတဲ့အစွမ်းသတ္တိပါရှိတဲ့အပြင် အေးမြစေတာကြောင့် မျက်သားတက်ခြင်း၊ မျက်လုံးရောင်ခြင်း၊ မျက်စေ့နာခြင်းတို့အတွက် လက်ဖက်စိမ်း၊ လက်ဖက်ခြောက်အားလုံးက လွန်စွာကောင်းကျိုးပြုပါတယ်။ တစ်ခါသောက် လက်ဖက်စိမ်း (သို့မဟုတ်) လက်ဖက်ခြောက်ထုပ်လေး ၂ ထုပ်ကို အထဲကလက်ဖက်ခြောက်ဖတ်လေးတွေပွလာအောင် ရေနွေးခွက်ထဲ တစ်မိနစ်လောက်စိမ်ထားပြီးနောက် ရေခဲသေတ္တာထဲမှာ မိမိမျက်စိအအေးခံနိုင်တဲ့အနေအထားရောက်တဲ့အထိ ထိုအထုပ်လေး နှစ်ထုပ်ကို အေးခဲထားပါ။ ပြီးရင် အိပ်ရာပေါ် ပက်လက်လှန်လဲလျောင်း၍ မျက်လုံးတွေပေါ် အေးခဲထားတဲ့အထုပ်ကလေးတွေတင်ပြီး နာရီဝက်ခန့် အနားယူပါ။ (တစ်ခါသောက် လက်ဖက်ခြောက်ထုပ်ကလေးတွေကို City Mart ဆိုင်တိုင်းမှာ အလွယ်တကူ ဝယ်ယူရရှိနိုင်ပါတယ်။)

**၂။ သခွားသီးစိမ်းလေးများ**

သခွားသီးထဲရှိ သဘာဝဓာတ်များက အေးမြတဲ့အစွမ်းသတ္တိပါရှိတဲ့အပြင် အရေပြားရောင်ရမ်းခြင်းတို့ကိုပါ သက်သာစေတာကြောင့် မျက်ရည်အိတ်တွဲခြင်းအတွက် အကောင်းဆုံးအိမ်တွင်းကုထုံးလေးပါဘဲ။ သခွားသီးကို ခပ်ပါးပါးနှစ်ချပ်လှီး၍ ရေခဲသေတ္တာထဲမှာ မိမိမျက်စိအအေးခံနိုင်တဲ့ အနေအထားရောက်တဲ့အထိ အအေးခံထားပြီးနောက် မျက်လုံးပေါ် နာရီဝက်ခန့် တင်ပေးထားပါ။ ဒီနည်းက မျက်လုံးကို ပြန်လည်အားဖြည့်လန်းဆန်းလာစေတဲ့အပြင် မျက်ရည်အိတ်တွဲကျခြင်းကိုပါ လျော့ပါးသက်သာလာစေပါတယ်။

**၃။ အာလူးလေးများ**

အာလူးက ရေဓာတ်ကိုထိန်းသိမ်းထားနိုင်တဲ့အပြင် ရောင်ရမ်းမှုတွေကိုပါ သက်သာစေတာကြောင့် မျက်လုံးရောင်းရမ်းပြီး မျက်ရည်အိတ်တွဲကျခြင်းတို့အတွက် အာလူးက သဘာဝအားကိုးဆေးလေးပါပဲ။ မျက်ခွံအပေါ်၊ အောက် အုပ်နိုင်တဲ့အရွယ်အစားရှိ အာလူးခပ်ကြီးကြီးကို အဝိုင်းပုံစံ ပါးပါးလှီးပြီး ရေခဲသေတ္တာထဲမှာ မိမိမျက်စိ အအေးခံနိုင်တဲ့အနေအထားရောက်တဲ့အထိ အအေးခံထားပါ။ ပြီးရင် မျက်လုံးပေါ် မိနစ် ၂၀ လောက်ကြာအောင် အာလူးမှာ အအေးဓာတ်ကုန်သွားတဲ့အထိ တင်ပေးလိုက်ပါ။ မျက်ရည်အိတ်တွဲကျနေခြင်းအတွက် သိသိသာသာ ကုစားပေးနိုင်တာကို သိရပါလိမ့်မယ်။

**၄။ နွားနို့**

နွားနို့က မျက်စေ့ကိုအေးမြစေတဲ့အပြင် မျက်လုံးအောက်ခြေရှိ ကြွက်သားစိုင်များကို ကျန်းမာစေတာမို့ နံနက် အိပ်ရာထ မျက်ရည်အိတ်တွဲကျလေ့ရှိသူတွေအတွက် နွားနို့ကို အားကိုးနိုင်ပါတယ်။ ဝါဂွမ်းလုံး ၂ လုံးကို ရေခဲသေတ္တာထဲ အေးခဲထားတဲ့နွားနို့ခွက်ထဲ နှစ်စိမ်ပြီးနောက် နွားနို့ အရည်တွေ မဆိုသလောက်ထွက်သွားစေရန် ဂွမ်းလုံးလေးတွေကို ခပ်ဖွဖွညှစ်၍ မျက်လုံးပေါ် မိနစ် ၂၀ ကျော်လောက်တင်ထားပေးပါ (နွားနို့တွေမျက်လုံးထဲ စိမ့်ဝင်တာ ဘေးဥပါဒ်မဖြစ်စေလို့ မစိုးရိမ်ပါနဲ့) ပြီးရင် ပုံမှန်အတိုင်း မျက်နှာသစ်ပေးနိုင်ပါတယ်။ (ဒီနည်းကို နေ့စဉ်မှန်မှန်လုပ်ပေးခြင်းဖြင့် နာတာရှည် မျက်ရည်အိတ်တွဲကျခြင်းကို သက်သာပျောက်ကင်းသွားစေပါတယ်။)

**၅။ ဗာဒံစေ့ဆီ**

ဗာဒံစေ့ထဲမှာပါရှိတဲ့ ဆေးဖက်ဝင် သဘာဝဗီတာမင်ဓာတ်များက အရေပြားအစိုဓာတ်ကို ထိန်းပေးရုံမက အာဟာရဖြစ်စေတာမို့ မျက်လုံးအောက်ခြေတဝိုက် မျက်ကွင်းညိုခြင်း၊ အရေပြားရောင်ရမ်းခြင်း၊ မျက်ရည်အိတ်တွဲကျခြင်း စတာတွေကို လျော့ပါးသက်သာလာစေပါတယ်။ ညအိပ်ရာဝင်ခါနီး ဗာဒံစေ့ (အဆီ) ၂ စက် (သို့မဟုတ်) ၃ စက်ခန့်ကို မျက်လုံးအောက်တစ်ဝိုက် အစက်ကလေးတွေချပြီး လက်ချောင်းထိပ်ဖျားကလေးနဲ့ အသာအယာ (ဖွဖွ) ကလေး ပွတ်ပေးပါ။ ဒီနည်းက မျက်လုံးအောက်ခြေတဝိုက် သွေးကြောလေးတွေမှာ သွေးလည်ပတ်မှုအားကောင်းစေပါတယ်။ (ဆီတွေမျက်လုံးထဲမဝင်အောင် ခပ်နည်းနည်းသာသုံးပါ၊ လက်သည်းညှပ်ပြီးမှလုပ်ပါ။ မျက်စိက နုနယ်လို့ ခပ်ကြမ်းကြမ်းမပွတ်ရပါ။)

**၆ ။ ဗီတာမင်အီး (အဆီ)**

အရေပြားကျန်းမာရေးအတွက် ဗီတာမင်အီးက မရှိမဖြစ်ပါ။ ဒ့ါပြင် ဗီတာမင်အီးက အရေပြားညက်ညော သိပ်သည်းကျစ်လျစ်စေရုံသာမက ရောင်ရမ်းခြင်းကိုပါ လျော့ပါးသက်သာစေတာမို့ ရေခဲရေနည်းနည်းထည့်ထားတဲ့ ခွက်ထဲမှာ ဗီတာမင်အီးဆေးလုံးလေး ဖောက်ထည့်ပြီး (ရေခဲရေနဲ့ ဗီတာမင်အီး ဆတူရော၍) သမအောင်မွှေပါ။ ပြီးရင် ဝါဂွမ်း (အပြားပါးလွှာလွှာ) လေးကို ထိုဗီတာမင်အီးရောထားတဲ့ ရေခွက်ထဲနှစ်စိမ်ပြီး အရည်တွေ မဆိုသလောက်ထွက်သွားစေရန် ဝါဂွမ်းကိုခပ်ဖွဖွညှစ်၍ မျက်လုံးပေါ် မိနစ် ၂၀ နီးပါးလောက် အုပ်တင်ထားပေးပါ။

**၇။ အဖြူရောင်ကြက်ဥ (တောကြက်ဥ)**

ဈေးထဲမှာ တောကြက်ဥလို့ခေါ်ဆိုလေ့ရှိကြပြီး ပုံမှန်ကြက်ဥထက် အရွယ်နည်းနည်းပိုသေးပြီး အခွံရောင်ဖျော့တဲ့ သဘာဝကြက်ဥလေးတွေကို တွေ့ဖူးကြမှာပါ။ အဲဒီကြက်ဥလေးတွေက ပုံမှန်ကြက်ဥထက် နှစ်ဆမျှပိုအားရှိတဲ့အပြင် ခန္ဓာကိုယ်ရောင်ရမ်းခြင်းတွေနဲ့ မျက်လုံးအောက်ဘက်ရှိ ပိုလျှံတဲ့အရည် (မျက်ရည်အိတ်) ကို စုပ်ယူပေးနိုင်တဲ့အစွမ်းပါရှိနေပါတယ်။ တောကြက်ဥ (အစိမ်း) ကို ပန်းကန်တစ်လုံးထဲ ခွဲ၍ အနှစ်နဲ့အကာရည်တို့ကို နာနာခေါက်ပြီး မျက်လုံးအောက်ခြေကို အသာအယာလိမ်းပေးပါ။ မိနစ် ၂၀ ခန့်ကြာတဲ့အခါမှာ ရေအေးလေးဖြင့်မျက်နှာသစ်လိုက်ပါ (ရေခဲရေမဟုတ်ပါ)။ တောကြက်ဥရဲ့အစွမ်းကြောင့် တွဲကျဖောင်းအစ်နေတဲ့ မျက်ရည်အိတ်ချပ်ရပ်သွားတဲ့အပြင် အသားအရေကို တင်းရင်းချော့မွေ့သွားစေပါတယ်။

**၈။ ရေခဲရေစိမ်ထားတဲ့ စတီးလ်ဇွန်းလေးများ**

ငွေကုန်ကြေးကျမရှိဘဲ မျက်ရည်အိတ်ကို ထိထိရောက်ရောက်ကုသပေးမယ့် နည်းလမ်းကောင်းတစ်မျိုးပါပဲ။ ဖန်ခွက်တစ်ခွက်ထဲမှာ အေးစိမ့်နေသော ရေခဲရည်ဖြည့်ထည့်ပြီးတော့ စတီးလ်ဇွန်းလေးချောင်းကို အေးစက်သွားတဲ့အထိ ထိုဖန်ခွက်ထဲမှာ နှစ်စိမ်ထားပေးပါ။ ဇွန်းနှစ်ချောင်းကို ဖန်ခွက်ထဲကထုတ်ယူ၍ မျက်လုံးအောက်ကို ကပ်ပေးပါ။ အေးစက်နေတဲ့ ဇွန်းအစွမ်းကြောင့် မို့အစ်နေတဲ့ မျက်ရည်အိတ်အရေပြားနဲ့ သွေးကြောလေးတွေကို ချပ်ရပ်သွားစေပါတယ်။ မျက်လုံးအောက်ကပ်ထားတဲ့ ဇွန်းတွေ အအေးဓာတ်လျော့သွားတဲ့အခါ ဖန်ခွက်ထဲမှာစိမ်ထားတဲ့ ဇွန်းအသစ်နှစ်ချောင်းဖြင့် ပြောင်း၍ကပ်ပေးပါ။ ဖန်ခွက်ထဲက ရေခဲရေ မအေးတော့တဲ့အထိ ဇွန်းနှစ်ချောင်းစီကို အလဲအလှယ်လုပ်ပြီး ကပ်ပေးနိုင်ပါတယ်။

အထက်ပါ နည်းလမ်းရှစ်သွယ်ထဲက အဆင်ပြေတဲ့နည်းလေးကိုသုံးရင်း -

- ခန္ဓာကိုယ်ထဲက အဆိပ်အတောက်ပြေပျောက်အောင် ရေများများသောက်ပေးရပါမယ်။ ဆိုဒီယမ်ဓာတ်ပါတဲ့ အငန်အစားအစာတွေနဲ့ ဆားစားသုံးမှုကို လျှော့ချပစ်ပါ။ (ဆိုဒီယမ်ဓာတ်က ခန္ဓာကိုယ်ထဲမှာ အရည်တွေကို သိုလှောင်ထိန်းသိမ်းထားပြီးတော့ ခန္ဓာကိုယ်ဖောရောင်ခြင်းကို ဖြစ်စေပါတယ်။) ညဥ့်နက်မှ အိပ်ရာဝင်တဲ့ အကျင့်ဆိုးကို ပြင်ပါ။ မှောက်မအိပ်ရ၊ ခေါင်းကြာကြာငုံ့၍လုပ်ရတဲ့အလုပ်မျိုးကို ရှောင်ပါ။ သွေးလည်ပတ်စီးဆင်းမှုကောင်းစေဖို့ လေ့ကျင့်ခန်းပုံမှန်လုပ်ပါ။



## မျက်လုံးအားစိုက်ရလွန်း၍ မျက်စေ့ပင်ပန်းကြသူတွေမှာ ထိုမျက်စေ့အရေပြားအောက် သွေးကြောလေးတွေ. . .

# စစ်ကိုင်းမြို့မှသမိုင်းဝင်ထူပါရုံစေတီတော်ကြည်ညိုဖွယ်ဖူးမြော်နိုင်တော့မည်

**စစ်ကိုင်း နိုဝင်ဘာ ၂၅**

စစ်ကိုင်းမြို့သည်ထင်ရှားသောသမိုင်းဝင်မြို့တစ်မြို့ဖြစ်သလိုစိတ်ဝင်စားဖွယ်ရာများစွာဖြင့်လှပသော မြို့တစ်မြို့ပင်ဖြစ်သည်။သမိုင်းပြောင်မည်းစစ်ကိုင်းတော်တော်ရိုးဟုပင်တင်စားဖွဲ့ဆိုထားကြသည်။

ရှေးခေတ်အခါကပင် စစ်ကိုင်းမြို့သည်ဗျာဒိတ်ရနယ်မြေအဖြစ်ထင်ရှားခဲ့သည်။ စစ်ကိုင်းအစပန်းရမှသည်ဟုအစချီထားသလို စစ်ကိုင်းဒေသသည် အောင်မြေအဖြစ်လူသိများသည်။လူသိများသောစစ်ကိုင်းသည် ခေတ်အဆက်ဆက်ရာဇဝင်တွင်စေသော ဖြစ်ရပ်များစွာရှိခဲ့သောမြို့ပင်ဖြစ်သည်။ရှေးခေတ်ကစစ်ကိုင်း၊ ရတနာပုံခေတ်ကစစ်ကိုင်း၊ ကိုလိုနီခေတ်ကစစ်ကိုင်း အဖြစ်ဧရာဝတီမြစ်ကမ်းနံဘေးတွင်သမိုင်းတွင်စေသောအကြောင်းအရာများစွာဖြင့်ထုံမွှမ်းထားသောမြို့တစ်မြို့ပင် ဖြစ်သည်။

ရှေးခေတ်ကတည်းကခေါ်ဝေါ်လာခဲ့သည့်ချောင်ဆိုသော အသုံးအနှုန်းများနှင့်အတူ ချောင်များစွာတရားအားထုတ်ရာကျောင်းတိုက်များစွာတည်ရှိပြီးသမိုင်းဝင်တန်ခိုးကြီးဘုရားများစွာကိုဖူးမြော်နိုင်သောနေရာပင်ဖြစ်သည်။ မြန်မာ့စက်မှုလုပ်ငန်းရှေ့ဆောင်ကနောင်မင်းသားကြီးတို့ တည်ထောင်ကြိုးပမ်းခဲ့သော သံချက်ဖိုကြီးနှင့်အတူ အစေခံ ခံတပ်အင်းဝခေတ်မှန်ရုံဆေးရေးပန်းချီများစေတီပုထိုးများစွာဖြင့်ထင်ရှားသောနေရာများစွာကိုလေ့လာနိုင်သည်။

ဧရာဝတီမြစ်၏ ကမ်းနှစ်ဖက်ကို ကမ်းလက်များဖြင့်ဆက်သွယ်ပေးထားသော တံတားညီနောင် မြစ်ညီမဟုတင်စားနိုင်သည့်ဧရာဝတီတံတားရတနာပုံတံတားမြစ်ငယ်မြစ်နှင့်ဧရာဝတီမြစ်တို့စုံရာ အလှဝေဖြာသောနေရာတစ်ခုပင်ဖြစ်သည်။

ဖူးမြော်စရာစေတီများစွာထဲတွင်ငလျင်ဒဏ်ကြောင့်ယိုယွင်းသွားသော ထူပါရုံစေတီကိုလည်းပြန်လည် မွမ်းမံပြင်ဆင်လျက်ရှိရာမကြာမီ ကြည်ညိုဖွယ်ဖူးတွေ့နိုင်တော့မည်ဖြစ်သည်။ ထူပါရုံစေတီသည် စစ်ကိုင်းမြို့ ပိုးတန်းတိုက်ဆန်တန်းရပ်ဧရာဝတီမြစ်ကမ်းအနီးတွင်တည်ရှိသော စေတီပင်ဖြစ်သည်။

စေတီတော်ကြီးကို သက္ကရာဇ်၈၀၄တွင်နန်းတက်သော အင်းဝနရပတိမင်းကသက္ကရာဇ် ၈၀၆ တွင် ဓါတ်တော်မွေတော်များဌာပနာက တည်ထားခဲ့ပြီး သက္ကရာဇ် ၈၀၉ တွင် ထီးတော်တင်လှူပွဲကျင်းပနိုင်ခဲ့ကြောင်းသိရသည်။ ထူပါရုံစေတီတော်မှာ ဉာဏ်တော် ၁၆၂ ပေရှိပြီးဘုရားပွဲတော်ကိုနှစ်စဉ်တော်သလင်းလပြည့်ကျော်၈ရက်နေ့တွင်ကျင်းပလေ့ရှိသည်။ စေတီစတင်တည်ထားခဲ့စဉ်က ဘုရားပွဲကိုလင်းဇင်း၊ ယိုးဒယား၊ သီဟိုဠ်နှင့်တရုတ်ပြည်မှ လူများပါလာရောက်ခဲ့ကြောင်းသိရသည်။

သက္ကရာဇ်၁၂၁၁တွင်ပုဂံမင်းကပြန်လည်ပြုပြင်သော်လည်းအပြီးမသတ် နိုင်သောစေတီပင်ဖြစ်သည်။ သက္ကရာဇ် ၁၃၃၀တွင်ဒီပါအေးမြဆရာတော်အမှူးပြုသော တပည့်ဒါယကာ၊ ဒါယိကာမများကပြုပြင်ခဲ့ရာ ၁၃၃၃ တွင် ပြီးစီးခဲ့ကြောင်းသိရသည်။ ယခုအခါတွင် ငလျင်ဒဏ်ကြောင်းယို့ယွင်းမှုများကို ပြန်လည်ပြင်ဆင်မွမ်းမံမှုများပြုလုပ်နေလျက်ရှိသည်။ မကြာမီ စစ်ကိုင်းမြို့တွင် သမိုင်းဝင်ထူပါရုံစေတီတော်ကို ကြည်ညိုသပ္ပာယ်စွာဖူးမြော်နိုင်တော့မည်ဖြစ်ကြောင်းသိရသည်။

**တိမ်တမန်**



# ကန်ကြီးကုန်းကျေးရွာ၌ အများသုံး မြေသားရေလှောင်ကန်တူးဖော်



**ခင်ဦး နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကုန်းကြီးကျေးရွာ၌ အများသုံးမြေသား ရေလှောင်ကန်ကို နိုဝင်ဘာ ၁၉ ရက်က စတင်တူးဖော်နေကြောင်း သိရသည်။

အဆိုပါရေကန်ကို ငွေကျပ် ၃ ဒသမ ၇၅ သန်းဖြင့် အလျားပေ ၁၂၀၊ အနံပေ ၁၀၀၊ အနက် ၇ ပေ မြေသားရေလှောင်ကန် တူးဖော်ပေးရာ ပြီးစီးသွားပါက အိမ်ထောင်စု ၂၅၀၊ လူဦးရေ ၁၃၉၈ ဦးတို့အတွက် သုံးရေနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေအဖြစ် အကျိုးခံစားရမှာဖြစ်သည်။

ဆက်လက်ပြီး ရွာသန်းကျေးရွာကိုလည်း အလျားပေ ၂၅၀၊ အနံပေ ၂၅၀၊ အနက် ၄ ပေရှိ မြေသားရေလှောင်ကန်ကို တူးဖော်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဒေါ်ချိုချိုနွယ်၏ပြောပြချက်အရ သိရသည်။

**ခင်ဦးစိုးဝေ**

# သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေများ အသိပညာပေးရှင်းလင်း

**ပဲခူး နိုဝင်ဘာ ၂၅**

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ (၂၀၁၅) အသိပညာပေးရှင်းလင်းပွဲကို ပဲခူးမြို့ ရွှေဝါထွန်းဟိုတယ်၌ နိုဝင်ဘာ ၂၄ ရက် နံနက်က ကျင်းပခဲ့သည်။

ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ (၂၀၁၃) နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနည်းဥပဒေ (၂၀၁၅) ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေးအတွက် ယခုလိုရှင်းလင်းခြင်းဖြစ်ကြောင်း၊ သဘာဝဘေးလျော့ပါးရေးလုပ်ငန်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်း ဆောင်ရွက်၍ရနိုင်သောအရာ မဟုတ်ကြောင်း ပြောကြားခဲ့သည်။

မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာပြည်သူများအဆင့်ထိ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်အတူ ပြည်သူလူထုအားလုံး လက်တွဲဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်သည် နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အဟန့်အတားဖြစ်စေသော အဓိကစိန်ခေါ်မှုတစ်ရပ်ဖြစ်သည့်အတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာလုပ်ငန်းစဉ်များ၊ စီမံကိန်းတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးလုပ်ငန်းစဉ်များ ပေါင်းစပ်ထည့်သွင်းသွားကြဖို့လိုကြောင်းကိုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးသိန်းဌေးအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဥပဒေ အခန်းကိုးခန်း၊ ရည်ရွယ်ချက်၊ နည်းဥပဒေ အခန်း ၁၂ ခန်းတို့ကို မိတ်ဆက်ရှင်းလင်းပြီး တိုင်းဒေသကြီးဥပဒေအရာရှိ ဦးဇော်လင်းမောင်က သဘာဝဘေးစီမံခန့်ခွဲရေးဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေအကြောင်း အကျယ်တဝံ့ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ယင်းနေ့အသိပညာပေးရှင်းလင်းပွဲတွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးအထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းခွေအား ပြသခဲ့ပြီး တက်ရောက်လာသူများက သဘာဝဘေးမှတ်တမ်းဓာတ်ပုံပြခန်းနှင့် အသုံးအဆောင်ပစ္စည်းများအား လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပန်းဆန်နှင့် တေးကျေးရွာသွားလမ်းတွင် ရေကျော်တံတား ဆောက်လုပ်ပြီးစီး

**ကျောက်ထု နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသရှိ တေးကျေးရွာနှင့် ပန်းဆန်ကျေးရွာကူးလမ်းရှိ တေးချောင်းတွင် ရေကျော်တံတားကို စည်ပင်သာယာရေးအဖွဲ့က အောက်တိုဘာလဆန်းပိုင်းက စတင်ဆောက်လုပ်ခဲ့၍ နိုဝင်ဘာလလယ်တွင်ပြီးစီးပြီဖြစ်ရာ ဒေသနေပြည်သူများ တေးရွာမှ ပန်းဆန်ရွာ၊ ထိုမှတစ်ဆင့် ကျောက်ထုမြို့နှင့် အနယ်နယ်အရပ်ရပ်သို့ ရာသီမရွေးဆက်သွယ်သွားလာမှု အဆင်ပြေသွားကြောင်း သိရသည်။

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ဒေသတွင် လျှိုမြောင်ပေါများသဖြင့် ဒေသအတွင်း ဖြတ်သန်းစီးဆင်းသည့် ချောင်းငယ်များပေါများရာ ကျေးရွာချင်းဆက်လမ်းများတွင် အဆိုပါချောင်းငယ်များကို ဖြတ်သန်းကြရသဖြင့် မိုးရာသီရေစီးကြမ်းသည့်အခါ၌ ဒေသနေပြည်သူများ ကျေးရွာချင်းဆက်သွယ်သွားလာမှု အခက်ကြုံကြရသည်။

ရေကျော်တံတား ဆောက်လုပ်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆင်းရဲနွမ်းပါးလျော့ချမှုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် သန်း ၆၀ ဖြင့် အလျား ၅၀ ပေ၊ အနံ ၁၆ ပေရှိ ရေကျော်တံတားကို ဆောက်လုပ်ခြင်းဖြစ်ကြောင်းနှင့် စနစ်တကျဆောင်ရွက်နိုင်ရေး ဒေသမှတာဝန်ရှိသူများကွင်းဆင်းကာ လိုအပ်သည့်ကူညီမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါအခက်အခဲကို နိုင်ငံတော်အစီအစဉ်ဖြင့်လည်းကောင်း၊ ဒေသအလိုက်စီမံခန့်ခွဲမှုများဖြင့်လည်းကောင်း ချောင်းဖြတ်ရေကျော်တံတားဆောက်လုပ်ခြင်း၊ သစ်သားတံတားဆောက်လုပ်ခြင်း၊ ရေရှောင်လမ်းများ ဖောက်လုပ်ပေးခြင်းတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

**(၄၆၅)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကျင်းပ

**တံတားဦး နိုဝင်ဘာ ၂၅**

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးဆောင်ကျင်းပသည့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း (၁/၂၀၁၅) ဖွင့်ပွဲကို နိုဝင်လာ ၂၃ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်မီးသတ်တပ်ဖွဲ့ဦးစီးမှူးရုံးတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို တံတားဦးမြို့နယ် ငါးဇင်ရိုင်းကျေးရွာမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၈ ရက်ထိ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် မိုးစပါးစံကွက်ရိတ်သိမ်း

**ဘားအံ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စု လယ်သမားကြီး ဦးမျိုးညွန့်၏ မိုးစပါးဆင်းသုခမျိုး စိုက်ပျိုးသည့်လယ်မြေတွင် စံကွက်ရိတ်သိမ်းခြင်းနှင့် ကော့လှိုက်ကျေးရွာ ဦးလှသိန်း၏ မိုးစပါး မနောသုခမျိုးစိုက်ပျိုးသည့်လယ်မြေတို့တွင် အထွက်နှုန်းမှန်ကန်စေရေးအတွက် နိုဝင်ဘာ ၂၀ ရက်က ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် မိုးစပါးစံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် ကရင်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးနိုင်အောင်နှင့် ကရင်ပြည်နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးအောင်လွင်တို့ဦးဆောင်၍ ဘားအံမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဝန်ထမ်းများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ကြပြီး ဘားအံမြို့နယ် ဘားကပ်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၀၉-ခ) ဦးပိုင်အမှတ် (၁၈/၅)၊ လယ်သမားကြီး ဦးမျိုးညွန့်၏ မိုးစပါးဆင်းသုခမျိုးစိုက်ခင်း စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကအထွက်နှုန်း ၇၂ ဒသမ ၄၀ တင်းထွက်ရှိကြောင်းနှင့် ကော့လှိုက်ကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၀၈-ခ) ဦးပိုင်အမှတ် (၃၉/၁) လယ်သမားကြီး ဦးလှသိန်း၏ မိုးစပါးမနောသုခမျိုးစိုက်ပျိုးသည့် လယ်မြေ ၂ ဒသမ ၅၈ ဧကတွင် ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းခဲ့ရာတွင် တစ်ဧကပျမ်းမျှအထွက်နှုန်း ၆၂ ဒသမ ၁၂ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**






## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၄၉ကံဘဲ့၊မြေကွက်အမှတ်(၁၈/၄၂)၊မြေကွက်တည်နေရာအမှတ်(၅၈)၊ကမ္ဘာအေးဘုရားလမ်း၊(၁၀)ရပ်ကွက်၊မရမ်းကုန်း၊ဦးဝင်းမောင်၊ဒေါ်ရင်နု၊မောင်ထွတ်ဝင်းရွှေ၊မောင်မြတ်ဝင်းရွှေအမည်ပေါက်၊B(လ/န-၃၉)မြေအားအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၉၄/၁၉၈၆၊စွန့်လွှတ်စာချုပ်အမှတ်-၂၉၅/၁၉၈၆၊အရောင်းအဝယ်စာချုပ်အမှတ်-၅၇၀/၁၉၈၆၊အမှားပြင်စာချုပ်အမှတ်-၃၁၅/၂၀၀၀ဖြင့်ပိုင်ဆိုင်လာသူဒေါက်တာစံဝင်းထံမှမေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်-၂၂၈၈/၂၀၀၀ဖြင့်ပိုင်ဆိုင်လာသူဦးမြတ်လင်းမှာ(၂၄-၂-၂၀၁၂)ရက်နေ့တွင်ကွယ်လွန်သွားပါသဖြင့်ဇနီးဖြစ်သူဒေါ်ချူဟီးဟာ၏အထွေထွေကိုယ်စားလှယ်(GP)ရရှိသူဦးဆန်းညွန့်(၁၂/မရက(နိုင်)၁၁၀၀၉၀)မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားလာပါသည်။အဆိုပါလျှောက်ထားခြင်းနှင့်ပတ်သက်၍ဒေါက်တာစံဝင်း၏ဇနီးဖြစ်သူဒေါ်မြင့်မြင့်ရီ(ခ)လင်လေးစိန်မှတရားစွဲဆိုထားသည့်အထောက်အထားများတင်ပြ၍ကန့်ကွက်ခဲ့ပါသည်။ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ်-၂၈၁/၂၀၁၄ဖြင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍အမှုပုံစံမှားယွင်းကြောင်းသုံးသပ်ပြီးဒေါ်မြင့်မြင့်ရီ(တရားလို)စွဲဆိုသောအမှုကိုပလပ်ခဲ့သည့်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ဒီကရီကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်ကအတည်ပြုခဲ့ခြင်းသည်အရေးယူလောက်သောပြဿနာပေါ်ပေါက်ခြင်းမရှိဟုသုံးသပ်လျက်ဒေါ်မြင့်မြင့်ရီ၏စွဲဆိုထားမှုကိုတရားရုံးအဆင့်ဆင့်မှပလပ်ခဲ့ခြင်း၊ဒေါ်မြင့်မြင့်ရီမှအမှုသစ်စွဲဆိုထားကြောင်းသိရှိမှုမရှိခြင်းတို့ကြောင့်ဒေါ်ချူဟီးဟာ၏G/Pရရှိသူဦးဆန်းညွန့်မှအမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်၂၉၄/၁၉၈၆(၂၂-၄-၁၉၈၆)၊စွန့်လွှတ်စာချုပ်-၂၉၅/၁၉၈၆(၁၈-၄-၁၉၈၆)၊အရောင်းအဝယ်စာချုပ်၅၇၀/၁၉၈၆(၁၀-၇-၁၉၈၆)၊အမှားပြင်စာချုပ်အမှတ်-၃၁၅/၂၀၀၀(၁၇-၂-၂၀၀၀)၊မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်-၂၂၈၈/၂၀၀၀(၁၂-၉-၂၀၀၀)နှင့်အထက်ဖော်ပြပါပြည်ထောင်စုတရားလွှတ်တော်ချုပ်၏တရားရုံးအမိန့်တို့ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ချုပ်ရန်မြေပုံကူးလျှောက်ထားခြင်းအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဖတ်စရာ

# ရှေးမူမပျက် အညာဒေသမှ ပေါင်းမိုးလှည်းဘုရားပွဲများ

**à တိမ်တမန်**

ဖွံ့ဖြိုးတိုးတက်ကာ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကားများကို အသုံးပြုနေသည့်ခေတ်ရောက်သည့်တိုင်အောင် ရှေးမူမပျက်ဆင်နွှဲထားသည့် အညာဒေသပေါင်းမိုးလှည်းဘုရားပွဲများ ယနေ့တိုင် ကျင်းပနေလျက်ရှိသည်။ ပေါင်းမိုးလှည်းဘုရားပွဲများမှာ စိတ်ဝင်စားစရာဖြစ်ပြီး လှည်းများစွာစုပေါင်းပြီး လှည်းဝိုင်းများဖြင့် ဝိုင်းဖွဲ့စားသောက်ကာ ပျော်ရွှင်စွာဆင်နွှဲကြသည်မှာ ပျော်ရွှင်စရာပင်ဖြစ်သည်။

အညာဒေသ ပေါင်းမိုးလှည်းဘုရားပွဲများမှာ ယနေ့ခေတ်ကာလတွင် စိတ်ဝင်စားဖွယ်ရာကောင်းသော မြန်မာ့ရိုးရာဓလေ့များပင်ဖြစ်သည်။ ရာသီအလိုက် အညာဒေသအသီးသီးတွင် ပေါင်းမိုးလှည်းများစွာဖြင့် လာရောက်ဆင်နွှဲသော ဘုရားပွဲများစွာရှိသည်။ ထိုဘုရားပွဲများမှာ မြင်းမူမြို့နယ်၊ မူး၊ မန္တလေးရှိ ရွှေဆပ်သွားဘုရားပွဲမှာ ဝါခေါင်လပြည့်ကျော် ၁ ရက်မှ ၃ ရက်ထိ ကျင်းပသည်။ ဘုရားပွဲတွင် အနီးအနားရွာများမှ လာရောက်ဆင်နွှဲလေ့ရှိသည်။

အခြားပေါင်းမိုးလှည်းများဖြင့် လာရောက်ဆင်နွှဲသော ဘုရားပွဲများမှာ သာစည်ရွှေရင်မျှော်ဘုရားပွဲ၊ ကူမဲရွှေစေတီဘုရားပွဲ၊ မြစ်သားမြို့နယ် ရွှေမင်းဝံတောင်ဘုရားပွဲ၊ စစ်ကိုင်းကောင်းမှုတော်ဘုရားပွဲများပင်ဖြစ်သည်။ ထိုဘုရားပွဲများတွင် မြစ်သားမြို့နယ် ရွှေမင်းဝံတောင်ဘုရားပွဲနှင့် စစ်ကိုင်းကောင်းမှုတော်ဘုရားပွဲတို့မှာ မရှေးမနှောင်းကျင်းပကြသည်။

ရွှေမင်းဝံတောင်ဘုရားပွဲတွင် ယခင်က ရွာပေါင်း ၂၄ ရွာမှ ပေါင်းမိုးလှည်းပေါင်း ၁၀၀၀ ခန့်လာရောက်ပြီး ယခုအခါ ပေါင်းမိုးလှည်း ၅၀၀ ခန့်သာ လာရောက်ဆင်နွှဲကြသည်။ ဘုရားပွဲမလာဖြစ်သည့်လှည်းများမှာ ဘုရားဘက်လှည့်ကာ ကန်တော့ပွဲထိုးထားသည်ဓလေ့ ယနေ့တိုင်ပြုလုပ်လျက်ရှိသည်။

စစ်ကိုင်းကောင်းမှုတော်ပေါင်းမိုးလှည်းများဖြင့် လာရောက်ဆင်နွှဲသည့်ပွဲမှာ တတိယအကြိမ်မြောက်ကျင်းပသည့် ဘုရားပွဲပင်ဖြစ်သည်။ ကောင်းမှုတော်ဘုရားပွဲ သုံးကြိမ်ကျင်းပသည့်အထဲတွင် ပေါင်းမိုးလှည်းနှင့် လာရောက်ဆင်နွှဲသည့်ပွဲမှာ နောက်ဆုံးအကြိမ်ဘုရားပွဲဖြစ်ပြီး ဘုရားပရိဝုဏ်အတွင်း လှည်းဝိုင်းများဖြင့် စည်ကားသောပွဲပင်ဖြစ်သည်။ ကောင်းမှုတော်ဘုရားပွဲသို့ အဝေးရွာမှလှည်းများ လပြည့်နေ့မတိုင်ခင် လာရောက်ကြသည်။

လပြည့်နေ့တွင် ပတ်ဝန်းကျင်သစ်ပင်ရိပ်များ၌ တစ်နှစ်လျှင် ကောင်းမှုတော်ဘုရားပွဲတွင်သာ ပြုလုပ်ရောင်းချသည့် မုန့်ဆီကြော်များ ဝယ်စားခြင်း၊ ဘုရားပွဲကြည့်ခြင်း၊ ပွဲဈေးတန်းလမ်းလျှောက်ခြင်းဖြင့် ပျော်ရွှင်စွာဆင်နွှဲလေ့ရှိသည်။

ရှေးမူမပျက်ဆင်နွှဲထားသည့် အခြားအညာပေါင်းမိုးလှည်းဘုရားပွဲများစွာလည်း ရှိနေသည်။ လက်ရှိကာလတွင် တန်ဆောင်မုန်းလပြည့် ကောင်းမှုတော်ပေါင်းမိုးလှည်းဘုရားပွဲနီးလာပြီဖြစ်သည်။ မြန်မာ့ရိုးရာအစဉ်အလာအတိုင်း ပေါင်းမိုးလှည်းများဖြင့်လာသည့် ဘုရားပွဲ၏ပျော်မွေ့ဖွယ်ရာကို ခံစားနိုင်ရန် စစ်ကိုင်းကောင်းမှုတော်ဘုရားသို့ တန်ဆောင်မုန်းလပြည့်နေ့အမီ သွားရောက်လေ့လာဆင်နွှဲနိုင်ကြောင်း သိရသည်။


(ရွှေမင်းဝံတောင်ဘုရားပွဲလာလှည်းများ)

## အင်ပူမြို့ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူမည်

**အင်ပူ နိုဝင်ဘာ ၂၅**

အင်ပူမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်း တည်ထားကိုးကွယ်သည့် သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးအား လာမည့် ၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲပြုလုပ်မည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်မြတ်ကြီးအား ၂၀၁၆ ခုနှစ် မတ် ၂၅ ရက်တွင် ဆရာတော်ဦးကုန္ဒာသီရိအရှင်သူမြတ်နှင့် အလှူရှင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ဇနီးဒေါ်ခင်ဌေးမြင့် မိသားစုတို့မှ လုံးတော်ပြည့် ရွှေသင်္ကန်းလှူဒါန်းပေးခဲ့သည်။

ယခုအခါ မိုးဒဏ်၊ လေဒဏ်များကြောင့် စေတီတော်မြတ်ကြီးမှာ ရွှေသင်္ကန်းများ မှေးမှိန်နေပြီဖြစ်၍ ဆရာတော်ဦးကုန္ဒာသီရိအရှင်သူမြတ်နှင့် အလှူရှင်များ၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစု၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်မိသားစုတို့က ဦးဆောင်၍ လုံးတော်ပြည့်ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

စေတီတော်မြတ်ကြီးအား အလှူငွေကျပ်သိန်း ၁၀၀ ဖြင့် လုပ်ငန်းများစတင်ဆောင်ရွက်နေပြီဖြစ်၍ အလှူငွေကျပ်သိန်း ၄၀၀ ခန့်လိုအပ်လျက်ရှိကြောင်း အလှူငွေများ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း-၀၄၄-၃၀၀၇၅၊ ၀၉-၈၅၈၇၇၅၀၊ ၀၉-၃၆၀၇၇၉၆ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ **မန်းကျော်(ပြန်/ဆက်)**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူညီမှုစာချုပ် နှစ်ပတ်လည်နေ့ ကျင်းပ

**မကွေး နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မကွေးမူလတန်းကြို ကျောင်းခန်းမ၌ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် ကျရောက်သော (၂၆) နှစ်ပြည့် အပြည်ပြည်ဆိုင်ရာကလေးများနေ့ (UNCRC Day ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂညီလာခံသဘောတူစာချုပ် နှစ်ပတ်လည်နေ့) အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ခင်နွဲ့က “UNCRC Day ကျင်းပလာခဲ့တာဟာ ၎င်းကိုအတည်ပြုခဲ့တဲ့ ၁၉၈၉ ခုနှစ်မှ ၂၀၁၅ အထိ ၂၆ နှစ်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် UNCRC အတိုင်း အဓိကအခွင့်အရေးလေးရပ်နဲ့ တာဝန်သုံးရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

“အာဆီယံအမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးကော်မရှင် (ASEAN Commission on Promotion and Protection of Women and Children-ACWC) လုပ်ငန်းစဉ်များအတိုင်း အာဆီယံဒေသအတွင်းရှိ အခြားနိုင်ငံများနည်းတူ မြန်မာနိုင်ငံမှလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

“ပြောင်းလဲလာတဲ့ ခေတ်သစ်၊ စနစ်သစ်နှင့်အညီ တစ်နိုင်ငံလုံးရှိပြည်သူတွေအတွက် မိမိတို့ဌာနဟာ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးလုပ်ငန်းစဉ်များအပါအဝင် လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

“ကလေးသူငယ်များ၊ လူငယ်များနဲ့သက်ဆိုင်တဲ့ အထိမ်းအမှတ်အခမ်းအနားများကို အခါအားလျော်စွာ တိုင်းဒေသကြီးအတွင်း ဆောင်ရွက်ပေးမှုများကြောင့် ကလေးများရဲ့ဘက်စုံဖွံ့ဖြိုးမှုများကို အထောက်အကူဖြစ်စေမှာဖြစ်ပြီး ကလေးဘဝတစ်လျှောက် အခြေခံအတွေ့အကြုံများဟာ လူကြီးဘဝအတွက် အထောက်အပံ့ဖြစ်တာကြောင့် လူကြီးများက ကလေးအခွင့်အရေးများကို အပြည့်အဝရဖို့ ဖန်တီးဖော်ဆောင်ပေးကြပါ”ဟု တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ ရင်သွေးငယ်များက တေးသရုပ်ဖော်အကများ၊ ပညာပေးပြဇာတ်၊ အကဖျော်ဖြေမှုအစီအစဉ်များဖြင့် တင်ဆက်ခဲ့ရာတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများက ကလေးငယ်များအား လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်ခဲ့သည်။ **သန်းနိုင်ဦး(ငဖဲ)**



# အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး ပညာပေး ရက်တိုသင်တန်းဖွင့်

**ရေး နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့ သာသနာ ၂၅၀၀ စေတီရေလယ်ဘုရား ဓမ္မဗိမာန်တော်ကြီး၌ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး အသိပညာပေး ရက်တိုသင်တန်းကို နိုဝင်ဘာ ၂၃ ရက်မှ ၂၅ ရက်ထိ သုံးရက်တာ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသုံးရက်တာသင်တန်းတွင် စွမ်းရည်ရှေ့ဆောင် လုပ်မှုရေးအသင်း (CBI) Capacility Building Intiative မှ ဆရာများမှာ ဦးမိုးဇော်သူရ၊ ဦးထွန်းအောင်တို့က တာဝန်ခံယူမှုစက်ဝန်း၊ တာဝန်ခံယူမှု၏အခြေခံသဘောတရားများ၊ တာဝန်ရှိမှု၊ တာဝန်ခံမှုနှင့် ပတ်သက်ဆက်နွယ်နေမှု၊ အဖွဲ့အစည်းဝန်ထမ်း ကျင့်ဝတ်အရည်အသွေးနှင့် အရည်အသွေးအာမခံနိုင်မှု၊ လူသားချင်းဆိုင်ရာထောက်ထားမှုစံချိန်စံနှုန်း၊ အကျင့်ပျက်ခြစားမှုဆိုတာဘာလဲ၊ အကျင့်ပျက်ခြစားမှုအမျိုးအစားများ၊ အကျင့်ပျက်ခြစားမှုဆိုင်ရာအန္တရာယ်များအား စီမံခန့်ခွဲခြင်း စသည့်သင်ခန်းစာများကို ဦးဆောင်ဆွေးနွေးသည်။

ယင်းသင်တန်းသို့ ရေးမြို့နယ်အတွင်းရှိ ဖိတ်ကြားထားသည့် နိုင်ငံရေးပါတီဝင်များ၊ CSO များနှင့် သင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး အပြန်အလှန်ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗဟုသုတများ လေ့လာသင်ယူစေခြင်းဖြင့် မိမိအဖွဲ့အစည်းတွင် အကျင့်ပျက်ခြစားမှုများလျှော့ချနိုင်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း အဆိုပါ CBI မှ တာဝန်ရှိသူ ဦးမိုးဇော်သူရက ပြောသည်။

သင်တန်းကိုလည်း မွန်ပြည်နယ်အပြင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အခြေခံပြီး အဓိကအားဖြင့် ဒေသတွင်း၌ရှိနေသည့် အဖွဲ့အစည်းများအား အမြင်ဖွင့်ပေးနိုင်ရန်ဖြစ်ကြောင်း ၎င်းကဆက်ပြောသည်။

အဆိုပါရက်တိုသင်တန်းဖြစ်မြောက်ရန်အတွက်လည်း ရေးမြို့နယ်လူမှုအကျိုးဆောင်အဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# ကျွန်းလှမြို့နယ် ရေယိမ်းကျေးရွာတွင် ကျေးလက်နေပြည်သူများ ရေမီတာစနစ်ဖြင့် သောက်သုံးရေ လွယ်ကူစွာရရှိ

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ရေယိမ်းကျေးရွာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာအတွင်း ရေမီတာစနစ်ဖြင့် ရေပေးနိုင်ရန် လေးလက်မစက်ရေတွင်းတူးပြီး စက်တပ်ဆင်ပေးခြင်း၊ ရေလှောင်ကန်တည်ဆောက်ပေးခြင်း၊ ရွာအတွင်း နှစ်လက်မပိုက်ဖြင့် ရေသွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြသည်။

ရေယိမ်းကျေးရွာတွင် အိမ်ခြေ ၂၉၈ အိမ်ရှိကြောင်း၊ ယခင်က အိမ်တိုင်းလိုလို လက်နှိပ်ဘုံဘိုင်တွင်းများ ရှိသော်လည်း သံဓာတ်ပါသည့်ရေသာ ရရှိခြင်းကြောင့် သောက်သုံးရေအဖြစ် သုံးစွဲခြင်းမပြုကြကြောင်း၊ အိမ်တိုင်းရေမီတာရရေးကိုလည်း ဌာနနှင့် ကျေးရွာတာဝန်ရှိသူများ ပူးပေါင်းဆောင်ခဲ့ကြကြောင်း သိရသည်။



"ကျွန်တော်တို့ကျေးရွာမှာ အိမ်တိုင်း ရေမီတာစနစ်နဲ့ သုံးစွဲနေကြပါတယ်။ ရေမီတာထိန်းသိမ်းခ တစ်လငွေကျပ် ၁၅၀၀၊ သောက်ရေချိုးရေ၊ ထမင်းချက်ရေသုံးစွဲရင် တစ်ယူနစ် ငွေကျပ် ၂၀၀ ပေးရပြီး အိမ်ထောင်ကြီးရင်ကြီးသလို ရေသုံးတဲ့အပေါ်မူတည်ပြီး တစ်လငွေကျပ် ၃၀၀၀ မှ ၄၀၀၀၀ ထိကုန်ကျပါတယ်။ ရေမီတာစနစ်သုံးစွဲခြင်းကြောင့်အချိန်မကုန် လူမပန်းဘဲ ရေထိန်းခလုတ်ဖွင့်လိုက်ရုံနဲ့သောက်သုံးရေလွယ်ကူစွာရရှိနေကြပါပြီ" ဟု ကျေးရွာနေပြည်သူတစ်ဦးက ပြောပြသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# ဘောဂလိတွင် ဖာလာသီးများ အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်နေ

**ဘောဂလိ နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ်၏ မြောက်ပိုင်းဒေသများဖြစ်သော ဖာပွန်၊ သံတောင်ကြီး၊ လိပ်သို၊ ဘောဂလိဒေသများတွင် ဖာလာသီးများ ထွက်ရှိလျက်ရှိရာ ယခုနှစ်တွင် အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဘောဂလိမြို့ပတ်ဝန်းကျင်ကျေးရွာများနှင့် ဝေးလံသောဒေသများတွင် အဓိကစိုက်ပျိုးကြပြီး ဖာလာသီးကို စက်တင်ဘာလမှ စတင်ခူးဆွတ်ယူ၍ နေပူလှမ်းခြင်း၊ မီးအပူပေးခြင်းဖြင့် အခြောက်လုပ်ယူကြပြီး အခြောက်ခံပြီးသား အခွံပါဖာလာခြောက်တစ်ပိဿာလျှင် ကျပ် ၁၃၀၀၀ မှ ကျပ် ၁၄၅၀၀၊ အခွံခွာပြီးသားဖာလာစေ့အခြောက် တစ်ပိဿာလျှင် ကျပ်၂၄၀၀၀ အထိ နိုဝင်ဘာစတုတ္ထပတ်ထိ အမြင့်ဆုံးဈေးဖြင့် အရောင်းအဝယ်ရှိနေကြောင်း သိရသည်။

ဖာလာအဝယ်သမားများက ဘောဂလိမြို့ပတ်ဝန်းကျင်ကျေးရွာများသာမက ဝေးလံသော တောင်ပေါ်ဒေသများသို့ပါ လိုက်လံဝယ်ယူလျက်ရှိသဖြင့် ဒေသခံဖာလာခြံပိုင်ရှင်များက ဈေးသုံးအတွက် အနည်းအကျဉ်းကို ရောင်းချခြင်းဖြင့်လည်းကောင်း၊ အများအစားကို ဘောဂလိမြို့ပေါ်နှင့် တောင်ငူမြို့သို့ သွားရောက်ရောင်းချခြင်းဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**စိုင်းခင်(ပြန်/ဆက်)**

# ကျေးလက်ရေရရှိရေးလုပ်ငန်းများ စတင်ဆောင်ရွက်

**ရှမ်းရွာသစ် နိုဝင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ မဲသရီးကျေးရွာ သောက်သုံးရေရရှိရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် နိုဝင်ဘာ ၂၀ ရက်မှ စတင်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ မဲသရီးကျေးရွာ သောက်သုံးရေရရှိရေးအတွက် စိမ့်စမ်းရေသွယ်တန်းခြင်းလုပ်ငန်းကို ရှားမူလာကုမ္ပဏီက တာဝန်ယူတည်ဆောက်ပြီး ဆောင်ရွက်နေမှုအခြေအနေများကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများနှင့် ကုမ္ပဏီမှတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**ရှမ်းရွာသစ်(ပြန်/ဆက်)**

## အလက(၄)ကြည့်မြင်တိုင် အငြိမ်းစားအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

အမှတ်(၂၃)၊ ဦးကြွယ်ဟိုးလမ်း၊ အလက(၄)ကြည့်မြင်တိုင်၌ ၁၉၆၅ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှစ်နှင့်အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာလ ၆ ရက်၊ နံနက် ၉:၀၀ နာရီ စလင်းကျောင်းဂန္ဓာကုဋီတိုက်တွင် ကျင်းပမည်ဖြစ်ရာ ကိုခင်မောင်ဝင်း ၀၉-၂၅၀၀၃၃၃၈၄၊ ကိုဝင်းဦး ၀၉-၂၅၀၀၂၃၈၁၂၊ ကိုခင်မောင်အေး ၀၉-၅၁၂၅၅၈၅၊ ကိုမြသန်း ၀၉-၄၃၀၅၇၄၀၂၊ ကိုခင်ဇော် ၀၉-၇၃၀၁၃၁၆၊ မလေးခင်၀၉-၅၄၀၈၆၁၅၊ Dr. အေးအေးမြင့် ၀၉-၅၁၆၅၅၈၅၊ မနော်ရင်မေသန်း ၀၁-၅၂၅၄၅၃၊ မမြမြသွေး ၀၉-၅၀၄၀၉၃၆၊ မမျိုးမျိုး ၀၉-၅၀၉၂၂၂၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## စားသောက်ဆိုင်ဖွင့်ရန်မြေညီ တိုက်ခန်းကျယ် ငှားလိုသည်

FL 9 ယစ်မျိုးလိုင်စင်ဝယ်လိုသည်။

Ph:09-5179816,09-797109427

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဖြိုးမောင်မောင်[၁၄/ငပတ(နိုင်)၁၉၇၀၇၇]၏ PP No. M067798 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

ဖုန်း ၀၉-၇၉၉၁၁၀၀၅၇

## M.A Eng များ၏(ရာပြည့်) W.E.C (အင်္ဂလိပ်စာ/စကား)

- Any Age, Any Course, Any Entrance.
- ဆယ်တန်း ဂုဏ်ထူးအာမခံ(၃)လပြတ်
- အခြေခံမှစ၍ စနစ်တကျထူးချွန်စေရမည်။
- အိမ်လိုက်သင်သည်။

Ph: 09-975021415, 09-975021416

## အိမ်ရောင်းမည်

နေရာကောင်း၊ ၂၀'x၆၀'၊

ဇင်္ဂမလမ်း(ယူပါဒ့်နှင့်အနော်ရာကြား)

၂/မြောက်ရပ်ကွက်၊သာကေတ၊

ပိုင်ရှင်အမည်ပေါက်။

(သိန်း ၃၅၀၀)

Ph: 09-799964699,

09-796757928

## ပျောက်ဆုံးကြောင်း

ဟံသာဝတီဂေါက်ကွင်းနှင့် မြို့တော်အသင်းလီမိတက်၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် No. 14173 သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း ၀၁-၈၅၀၀၇၆၆

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ်(၆၃၂)၊ ဝေဇယန္တာလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ အဖ (ဦးအောင်လွင်)၊ အမိ ဒေါ်အေးမြင့် [၁၂/ဥကတ(နိုင်)၀၃၄၇၄၆]၏သမီးဖြစ်သူ မရီလေးချို [၁၂/ဥကတ(နိုင်)၀၃၄၆၈၄]သည် မိခင်၏ဆိုဆုံးမမှုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ၎င်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

မိခင်-ဒေါ်အေးမြင့်

## ပွဲစားမလို

| | |
|---|---|
| မြန်မာ့ဂုဏ်ရည်ကွန်ဒို | A(31)၊ အခန်း(1203) 1860 စတုရန်းပေ၊ အသင့်ပြင်ဆင်ပြီး သိန်း(3500)၊ အထက်ပန်းဆိုးတန်းလမ်း၊ |
| ယူနိုက်တက်ကွန်ဒို၊ | အခန်း(510) 2500 စတုရန်းပေ၊ ရောင်းဈေး သိန်း(2000) အခန်း(111)၊ မြေညီထပ်၊ 2500 စတုရန်းပေ၊ ရောင်းဈေး သိန်း(3000) မှတ်ချက်-ထပ်ခိုးပါ၊ ဒဂုံမြို့နယ် |
| ရွှေဖြူကွန်ဒို၊ | အခန်း 7(A+C) 25' x 90' အသင့်ပြင်ဆင်ပြီး ရောင်းဈေး- သိန်း(2500) အမှတ်(၁၀၀)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်။ |

အမှတ် **(34)**၊ ရတနာလမ်း၊ မြေညီထပ်၊ ဂွတ္တလစ် **20' x 45'**၊ ရောင်းဈေး သိန်း**(1200)**

ဖုန်း-**09-799222890**

## ဦးခင်မောင် (S/DGNMTT-၁၂၉၁၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဒေါ်ဇာခြည်စိမ့်စိမ့်မွေး၏ ၂၁-၁၁-၂၀၁၅ရက် ကြေးမုံသတင်းစာကြော်ငြာအပေါ် ကန့်ကွက်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၃၄)တွင် နေထိုင်သူ ဦးကစ်တူး[၁၂/ပဘတ(နိုင်)၀၂၉၀၆၆](ဘီယူ-၀၂၅၂၂၆)အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးပိုင်အမှတ်(၄၄)၊ (င/ခ)ရပ်ကွက်၊ ပြည်ထောင်စုလမ်း၊ အမှတ်(၉၂)ဟုခေါ်တွင်သော မြေကွက်အနက်မှ မခွဲစိတ်ရသေးသော (၄၅' × ၅၅')နှင့်(၈၀' × ၁၅')ရှိမြေကွက် အစိတ်အပိုင်းတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် (၁)ကောလင်းမိုင်းနက်(စ်)(တီဂျီကေအင်န်-၀၀၅၄၆)၊ (၂)ဟင်နရီမိုင်းနက်(စ်)(တီဂျီကေအင်န်-၀၀၅၄၀)၊ (၃) ဒဲနစ်မိုင်းနက်(စ်)(တီဂျီကေအင်န်-၀၀၅၅၀)၊ (၄) အဲလစ်ဘက်မိုင်းနက်(စ်) (တီဂျီကေအင်န်-၀၁၅၈၇)နှင့် (၅) ကလိုင်တီမိုင်းနက်(စ်) (တီဂျီကေအင်န်-၀၁၄၉၅)တို့ထံမှ ဦးကစ်တူးက ၁၉၈၇ခုနှစ်တွင် "ခြံမြေ အပြီးအပိုင် ရောင်းဝယ်ခြင်းအတွက် ငွေပေးချေခြင်း ကတိစာချုပ်"ချုပ်ဆိုဝယ်ယူခဲ့ပြီး လက်ရောက်ရရှိပိုင်ဆိုင်လာခဲ့ပြီး ဦးတင်ဝင်း(Q/RGN-011024)ဆိုသူအား ငှားရမ်းခဲ့ပြီး ဂိုဒေါင်ဆောက်လုပ်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြေကွက်ဂိုဒေါင်နှင့်စပ်လျဉ်း၍ ဦးကလိုင်တီမိုင်းနက်(စ်)၊ ဦးတင်ဝင်းနှင့် ဦးခင်မောင်တို့၏ သတင်းစာကြော်ငြာပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ဆက်လက်ဆောင်ရွက်ခြင်းမပြုရန် ၎င်းတို့ကိုယ်တိုင်နှင့် အများသိစေရန် ကန့်ကွက်ကြော်ငြာအပ်ပါသည်။

**ဦးကစ်တူး[၁၂/ပဘတ(နိုင်)၀၂၉၀၆၆]**




## အများသိစေရန်ကြေညာခြင်း

ကျွန်တော်/ကျွန်မတို့၏ အစ်ကို/မောင်ဖြစ်သူ ဦးနေဝင်း[၁၂/သကတ(နိုင်)၁၂၈၈၆၉]သည် ညီအစ်ကိုမောင်နှမများ စိတ်သောကရောက်အောင်အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် မောင်နှမအဖြစ်မှ မသက်ဆိုင်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

**ညီအစ်ကိုမောင်နှမများ**

# ကနီမြို့သမိုင်းဝင်ရွှေမြင်းဖြူစေတီဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ကနီ နိုဝင်ဘာ ၂၅**

ယခုနှစ်တွင်လည်း ကနီမြို့သမိုင်းဝင်ရွှေမြင်းဖြူစေတီဘုရားပွဲတော်တွင် စေတီတော် မြတ်ကြီး၏ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံတွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး ပျော်ပွဲရွှင်ပွဲများ၊ နှစ်စဉ်နှစ်တိုင်းကဲ့သို့ ဇာတ်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ပေါ်ရှိ သမိုင်းဝင် ရွှေမြင်းဖြူဘုရားပွဲတော်ကို ၁၈၈၄ ခုနှစ် ကနီမြို့ဝန် ဦးဒွေးလက်ထက်မှစတင်၍ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် ၅ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ကနီမြို့သူမြို့သားများသည် မင်္ဂလာပွဲကျင်းပပြုလုပ်ပြီးတိုင်း ရွှေမြင်းဖြူဘုရားနှင့် ရွှေမြင်းဖြူဘိုးမင်းကြီးကို ကန်တော့ပွဲများနှင့် ပူဇော်လေ့ရှိကြသလို အဝေးရောက် ကနီမြို့သူ မြို့သားများကလည်း တစ်နှစ်တစ်ခေါက်သို့မဟုတ် သုံးနှစ်တစ်ခေါက်နီးပါး လာရောက်ပူဇော်ကြသော အစဉ်အလာများရှိနေသဖြင့် ဘုရားပွဲတော်ရက်တွင် နှစ်စဉ်စည်ကားလျက်ရှိပြီး ယခုဆို နိုင်ငံခြားသားများမှလည်း ဖိုးမင်းဖြူနတ်နန်းသို့နှစ်စဉ်လာရောက်၍ နတ်ကနားပေးခြင်းများပါ ပူဇော်ကန်တော့လာကြသည်ဟု ဘုရားဂေါပကတစ်ဦးက ပြောသည်။

**သန်းဌေးအောင်(ကနီ)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား လေးခရိုင်အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ ကျင်းပ

**ပဲခူး နိုဝင်ဘာ ၂၅**

ပဲခူးမြို့ ဥဿာမြို့သစ် သီရိဥဿာအားကစားကွင်း၌ နိုဝင်ဘာ ၂၁ ရက် ညနေ ၃ နာရီက ၂၀၁၅ ခုနှစ် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လေးခရိုင် အမျိုးသား(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် ပဲခူးတိုင်းဒေသကြီး ဘောလုံးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် အနာဂတ်ရောင်ခြည်ပွင့်လန်းစေမည့် အစပျိုးသည့်နေ့တစ်နေ့ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကမ္ဘာ့အဆင့်သို့ တက်လှမ်းနိုင်ရေးဆိုသည့် မြင့်မားသောရည်မှန်းချက်ချမှတ်ကာ အားကစားအဆင့်အတန်းမြှင့်တင်ရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်နှင့်ယှဉ်ပြီး အားကစားမြှင့်တင်တည်ဆောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက် နေခြင်းဖြစ်သည်ဆိုသည့် ယုံကြည်ချက်နှင့် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းပြိုင်ပွဲအား နိုဝင်ဘာ ၂၁ ရက်မှ ၃၀ ရက်အထိ ပဲခူး၊ တောင်ငူ၊ ပြည်၊ သာယာဝတီခရိုင်များမှ ဘောလုံးအသင်း လေးသင်းပါဝင်ကာ ပတ်လည်ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ စာရင်းစစ်ချုပ် ဦးအေးဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ဌေး၊ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦး၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းနှင့် တိုင်းဒေသကြီး/ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်းများနှင့် အုပ်ချုပ်သူ၊ နည်းပြများ တက်ရောက်ကြကြောင်း သိရသည်။

**(၅၈၇)**

# ဆင်ပေါင်ဝဲမြို့နယ် ဒင်းပုန်းကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ဆင်ပေါင်ဝဲ နိုဝင်ဘာ ၂၅**

ဆင်ပေါင်ဝဲမြို့နယ် ဇောင်းတန်းကြီး ကျေးရွာအုပ်စု ဒင်းပုန်းကျေးရွာတွင် ယနေ့နံနက် ၁၀ နာရီခွဲက မီးစတင်လောင်ကျွမ်းရာ ၁၁ နာရီခွဲတွင် မီးညွန့်ကျိုးပြီး မွန်းတည့် ၁၂ နာရီနာရီတွင် မီးလုံးဝငြိမ်းခဲ့ကြောင်းနှင့် ဖြစ်စဉ်မှာ ဒင်းပုန်းကျေးရွာနေ ဒေါ်တင်မြ (ဘ)ဦးညို အသက်(၈၀)နှစ် မှိုခိုင်၏ (၄ ပင်ထ ၃ ပင်)သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းနေအိမ် မီးကြွင်း မီးကျန်မှ စတင်မီးလောင်ကျွမ်းခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်မှုတွင် လေးပင်သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းလေးလုံး၊ လေးပင်သက္ကယ်မိုး၊ ထရံကာတစ်လုံး၊ သုံးပင် သွပ်မိုး ပျဉ်ကာ၊ ပျဉ်ခင်း တစ်လုံး၊ သုံးပင်သက္ကယ်မိုး၊ ထရံကာခြောက်လုံး စုစုပေါင်း အိမ်ခြေ ၁၂ လုံး၊ အိမ်ထောင်စု ၁၂ စုမှ အမျိုးသား ၃၀၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၅၁ ဦးတို့ အိုးမဲ့အိမ်မဲ့ ဖြစ်သွားသည့်အတွက် နီးစပ်ရာ ဆွေမျိုးများအိမ်တွင် ခေတ္တနေထိုင်လျက်ရှိသည်။



အဆိုပါ မီးလောင်ကျွမ်းမှုတွင် လူနှင့်တိရစ္ဆာန် အသေအပျောက် မရှိကြောင်း နှင့် မီးလောင်ရာနေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့မရဲစခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ဆင်ပေါင်ဝဲမြို့မှ မီးသတ်ယာဉ် နှစ်စီး၊ ဆင်ပေါင်ဝဲမြို့နယ် ကိုးပင်ကျေးရွာမှ မီးသတ်ယာဉ်တစ်စီး၊ အောင်လံမြို့နယ်မှ မီးသတ်ယာဉ် နှစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်အင်အား ခုနစ်ဦးတို့သွားရောက်ပြီး ကျေးရွာပြည်သူများနှင့်အတူ ပူးပေါင်းမီးငြိမ်းသတ်ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

# ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေး ချေးငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေး

**စဉ့်ကိုင် နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီးစဉ့်ကိုင်မြို့နယ် မြောင်းဆုံငယ်ကျေးရွာအုပ်စု မြောင်းဆုံငယ်ကျေးရွာတွင် ကိုယ့်အား ကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက်သမဝါယမချေးငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

မြောင်းဆုံငယ်ကျေးရွာတွင် အိမ်ထောင်စု ၈၂ စုရှိရာ လျှပ်စစ်မီးလင်းရေးအတွက် ငွေကျပ်သိန်း ၄၁၀ ကုန်ကျမည်ဖြစ်သည့်အတွက် ကျေးရွာပြည်သူများမှ ထည့်ဝင်ငွေကျပ်သိန်း ၂၆၀ ရှိသည့်အနက် လိုအပ်လျက်ရှိသော ငွေကျပ်သိန်း ၁၅၀ ကို စဉ့်ကိုင်မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဆွေနှင့် ဝန်ထမ်းများက ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးလွန်နှင့် ဘဏ္ဍာရေးမှူး ဦးမြင့်အောင်တို့ထံသို့ စနစ်တကျ ထုတ်ချေးပေးခဲ့မှုကြောင့် မြောင်းဆုံငယ်ကျေးရွာတွင် မကြာမီအချိန်အတွင်း ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းတော့မည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမျိုးနိုင်က ပြောသည်။

**တင်တင်ထွေး(စဉ့်ကိုင်)**


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(၁၃)ကြိမ်မြောက်
**ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း**

မိတ္ထီလာစီးပွားရေးတက္ကသိုလ်၏ အောက်ဖော်ပြပါ ပညာသင်နှစ်များတွင် ဘွဲ့သင်တန်းအောင်မြင်ပြီးသူများကို ဘွဲ့အပ်နှင်းချီးမြှင့်ရန်အတွက် (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသည်။ သို့ပါ၍ တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့များ လျှောက်ထားနိုင်ကြောင်း ကြေညာလိုက်သည်။

အပ်နှင်းမည့်ဘွဲ့များ-
(က) မဟာဝိဇ္ဇာဘွဲ့ ၂၀၁၃-၂၀၁၄၊ ၂၀၁၄-၂၀၁၅ပညာသင်နှစ်
(ခ) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့(MBA)သင်တန်းအမှတ်စဉ်(၉၊၁၀)နှင့် [မန္တလေးတက္ကသိုလ်(MBA)သင်တန်းအမှတ်စဉ် (၂၃)အပါအဝင်]
(ဂ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့(MPA)
(ဃ) စီးပွားရေးပညာဘွဲ့(ဘောဂဗေဒ၊ စာရင်းအင်းပညာ) ၂၀၁၄-၂၀၁၅ပညာသင်နှစ်
ဝိဇ္ဇာဘွဲ့၊ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုပညာဘွဲ့

ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက်
ဘွဲ့နှင်းသဘင်အစမ်းလေ့ကျင့်မည့်ရက် - ၇-၁-၂၀၁၆ နှင့် ၈-၁-၂၀၁၆၊ နံနက်ပိုင်း
ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ရက် - ၈-၁-၂၀၁၆ရက်(မွန်းလွဲပိုင်း)မှ (၁၀-၁-၂၀၁၆)ရက်ထိ
ကျင်းပမည့်နေရာ - မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ။
တက်ရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ်-၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)
အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး - ကျပ်-၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)
ဘွဲ့လျှောက်လွှာလက်ခံမည့်ရက် - ၂၃-၁၁-၂၀၁၅မှ ၂၃-၁၂-၂၀၁၅ထိ

မှတ်ချက်။ ။(၁)ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို မိတ္ထီလာစီးပွားရေးတက္ကသိုလ်(စာမေးပွဲနှင့်ဘွဲ့နှင်းဌာန)တွင် ကြေညာပေးမည် ဖြစ်ပါသည်။
(၂)သတ်မှတ်ထားသည့် ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရမည်။
(၃)၂၀၁၃-၂၀၁၄(မဟာဝိဇ္ဇာဘွဲ့)မတိုင်မီ အောင်မြင်ပြီးထားသူများနှင့် ၂၀၁၄-၂၀၁၅ပညာသင်နှစ်မတိုင်မီ ဘွဲ့သင်တန်းစာမေးပွဲ အောင်မြင်ထားသူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။
(၄)တစ်လအတွင်း မြန်မာဝတ်စုံဖြင့် ရိုက်ကူးထားသော(၂"×၁½")ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မူရင်းနှင့်မိတ္တူ တင်ပြလျှောက်ထားရမည်။
(၅)ရပ်ဝေးမှ လျှောက်ထားလိုသူများသည် စာတိုက်ငွေပို့လွှာ(Postal Money Order)ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာ၏ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်းဟု ဖော်ပြပြီး ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ်လိပ်မူ၍ လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲခုံအမှတ်၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်၊ လ၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ဖော်ပြရမည်။
(၆)မြန်မာ့ယဉ်ကျေးမှုနှင့်မညီညွတ်သည့် သရုပ်ပျက်ဝတ်စားဆင်ယင်လာသော ဘွဲ့ယူမည့်သူများနှင့်ဧည့်သည်များကို အစမ်းလေ့ကျင့်ပွဲ အပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားသို့ လုံးဝတက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**(အေးဇော်)**
**(ဌာနမှူး-သင်တန်းရေးရာဌာန)**
**မိတ္ထီလာစီးပွားရေးတက္ကသိုလ်**



Topsyne®
မူလလက်ဟောင်းအရည်အသွေးအတိုင်း ထုတ်လုပ်ထားသော "သနပ်ခါးမိတ်ကပ်"
အသစ်ထပ်မံ ထုတ်လုပ်ထားသော "ခေတ်သစ်ပျိုမေများရဲ့ ဖန်ဆင်းရှင်အစစ်"




Herbal Cream (ငွေရောင်ဘူး) Herbal Cream (ပန်းပွင့်ပုံဘူး)
(ကျား/မ မရွေးသုံးနိုင်သည်)
**Apple Production Co., Ltd.**
အမှတ် (A/ ၂၉)၊ ဦးဝိစာရလမ်း၊ (၃၄)တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံစက်မှုဇုန်၊ ရန်ကုန်မြို့ ။
ဖုန်း – (၀၁) ၅၈၁၃၉၉၁၊ ၅၈၁၈၈၆၊ ၅၈၁၈၄၄၊ ၀၉၄၅၉၃၁၆၄၀၈၊ ၀၉ ၈၆၁၈၀၀၁

# FDA ထောက်ခံချက်ကိုကြည့်၍ အစားအစာများအား ဝယ်ယူစားသုံးသင့်ကြောင်း အသိပညာပေး

**သာပေါင်း နိုဝင်ဘာ ၂၅**

အစားအစာများနှင့် အသုံးအဆောင်များအား FDA ထောက်ခံချက်နှင့် သက်တမ်းကုန်ဆုံးရက်ကို ကြည့်သင့်ကြောင်း ဧရာဝတီတိုင်းဒေသကြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးအောင်က နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လေ့ကြီးတတ်ကျေးရွာအုပ်စု လေ့ကြီးတတ်ကျေးရွာ အထက်တန်းကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ သိကောင်းစရာများ အသိပညာပေး ဟောပြောပွဲတွင် ပြောကြားခဲ့သည်။

"ဘာပဲစားစား ဘာကိုပဲသုံးသုံး Ever Suspect အမြဲသံသယစိတ်နဲ့ စစ်ဆေးပြီးစားရမယ်။ သတင်းအချက်အလက်ကြည့်ရမယ်။ အကျိုးအပြစ်ကြည့်ရမယ်။ FDA ထောက်ခံချက်ပါသလား၊ ကုန်ဆုံးရက်ကျော်နေပြီလား၊ ကြည့်ရမယ်။ ကျန်းမာရေးနဲ့ ညီညွတ်ပြီး အရသာရှိတဲ့ စားသောက်ကုန်တွေ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းနဲ့ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝမယ် ။ လူတိုင်းသက်တမ်းစေ့နေနိုင်အောင် ကြိုးစားပေးရင်း ရည်ရွယ်ချက်ရှိရှိ အပတ်တကုတ်ကြိုးစားစေချင်ပါတယ်။ ပြည်သူလူထုများအတွင်းမှာ ကျယ်ပြန့်စွာ သိရှိလိုက်နာကျင့်သုံးလာစေချင်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးစိုးအောင်က ပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးစောမိုက်ကယ်က စားသုံးသူရေးရာ အကာအကွယ်ပေးရေးအကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဧရာဝတီတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဒေါ်ဌေးဌေးက စားသုံးသူရေးရာ အကာအကွယ်ပေးရေး ဥပဒေအကြောင်းများ ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ လေ့ကြီးတတ်ကျေးရွာအုပ်စု လေ့ကြီးတတ်ကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီစိန်နှင့် ဆရာ၊ ဆရာမများ ကျောင်းသားကျောင်းသူများ၊ ကျေးရွာပြည်သူများ စုစုပေါင်း ၃၅၀ ခန့် တတ်ရောက်ခဲ့ကြောင်း သိရသည်။

မျိုးဇော်ဦး (ပြန်/ဆက်)



## ကင်းမြင်သာကျေးရွာမှဒေသခံများက မိရိုးဖလာလက်မှုအိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိ

**ဝန်းသို နိုဝင်ဘာ ၂၅**

ဝန်းသိုမြို့နယ် ကင်းမြင်သာအုပ်စု ကင်းမြင်သာကျေးရွာမှ ဒေသခံအများစုသည် နှစ်စဉ်တောင်သူလုပ်ငန်းလုပ်ကိုင်သည့်အပြင် မိရိုးဖလာ မြန်မာ့ရိုးရာလက်မှု မြေအိုးလုပ်ငန်းအနေဖြင့် ယနေ့တိုင် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိကြောင်း သိရသည်။

ယင်းဒေသတွင် တောင်ယာလုပ်ငန်းများကိုလည်း အများစုက လုပ်ကိုင်လျက်ရှိပြီး ရာသီဥတုအခြေအနေကြောင့် တောင်ယာလုပ်ငန်း မအောင်မြင်သည့်အခါ အဆိုပါအိုးလုပ်ငန်းမှ တစ်ဖက်တစ်လမ်း ဝင်ငွေရရှိနိုင်သောကြောင့် ယနေ့တိုင် အိုးလုပ်ငန်းအား ဆက်လက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ကျေးရွာမှာ မိုးစပါးစိုက်ပျိုးတဲ့ တောင်သူလုပ်ငန်းအပြင် မိရိုးဖလာမြေအိုးကို လုပ်ကိုင်ကြတယ်။ တောင်သူလုပ်ငန်းလုပ်တယ်ဆိုတာကလည်း ရာသီဥတုကောင်းမွန်တဲ့ အပေါ်မှာလုပ်ရတာမို့ ရာသီဥတုမကောင်းလို့ တောင်သူတွေ စိုက်ပျိုးရေးမအောင်မြင်တဲ့အခါ မိသားစု တစ်ပိုင်တစ်နိုင်လုပ်ငန်းကိုလုပ်ကြတော့ စားဝတ်နေရေးအဆင်ပြေနိုင်ပါတယ်။ အိုးလုပ်ငန်းကတော့ ရေအိုး၊ ဘုရားပန်းအိုး ၊ ပန်းစိုက်အိုးတွေကို ထုတ်ကြပါတယ်" ဟု အိုးလုပ်ငန်းလုပ်ကိုင်နေသူတစ်ဦးကပြောပြသည်။

သောက်ရေအိုးနှင့်ဘုရားပန်းအိုးများကို ဝန်းသိုမြို့နှင့် ကောလင်းမြို့ အိုးအမျိုးမျိုးရောင်းဝယ်ရေးဆိုင်များနှင့် ကသာ၊ ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ဗန်းမောက်၊ ကန့်ဘလူမြို့နယ် စသည့်ကျေးလက်ဒေသများသို့လည်းကောင်း၊ ကချင်ပြည်နယ် မိုးညှင်း၊ ဟိုပင်၊ နမ္မတီး၊ မိုးကောင်းမြို့နယ်ရှိ မှာယူသူဝယ်လက်များသို့ ရေအိုးတစ်လုံးလျှင် ငွေကျပ် ၇၀၀၊ ဘုရားပန်းအိုးတစ်လုံးလျှင် ငွေကျပ် ၃၀၀၊ ပန်းစိုက်အိုးတစ်လုံးလျှင် ငွေကျပ် ၃၀၀ တို့ဖြင့် တင်ပို့ရောင်းချနေလျက်ရှိကြောင်း သိရသည်။

ကင်းမြင်သာကျေးရွာသည် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပေါ် ဝန်းသိုမြို့နယ် ကင်းဘူတာ၏ သံလမ်းအရှေ့ဘက်တွင် တည်ရှိကာ အဆိုပါကျေးရွာဒေသခံများအနေဖြင့် အိုးလုပ်ရာတွင် ကုန်ကြမ်းမြေစေးကို ကျေးရွာနှင့်တစ်မိုင်ကျော်ခန့်ဝန်းကျင်မှ အလွယ်တကူ ရရှိနိုင်သဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် ငွေကြေးအရင်းအနှီးထက် လုပ်အားအရင်းအနှီးကိုပိုမိုစိုက်ထုတ်ရပြီး လုပ်ငန်းအရင်းအနှီးအနည်းအများအလိုက် ဝင်ငွေအနည်းအများကွာခြားသည်ဟု သိရသည်။

စိုင်းလူမင်း

## ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေအတွက် ဆည်တည်ဆောက်ပေး

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ထိန်တောကျေးရွာ အနောက်မြောက်ဘက်ရှိ ပေါက်ပင်အိုင်ချောင်းအား ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ဆည်မြောင်းဦးစီးဌာနက အရှည်ပေ ၁၀၀၀၊ ထိပ်ဝ ၁၈ ပေ ရေလွှဲပေါက်အကျယ် ပေ ၃၀၊ ရေထုတ်ပေါက်အကျယ် ၂×၂ ပေ၊ ရေတားနံရံ ပေ ၉၇၀ နှင့် တာပေါင်တစ်လျှောက် ၆ လက်မထု ဂျင်းမြေခင်းပြီး လမ်းဖြစ်တာဖြစ် ဆည်တည်ဆောက်ပေးခဲ့ကြောင်း သိရသည်။

ယခင်ကတာပေါင်နေရာတွင် ပေ ၂၀၀ ရေကျော်၍ လမ်းပျက်စီးခြင်း၊ စီးဝင်ရေများ အကျိုးမရှိဘဲ ရွာဘင်းချောင်းထဲသို့ရောက်သွားပြီး လယ်မြေများ စိုက်ပျိုးရေမရရှိခြင်း၊ ချောင်းနေရာတွင် လမ်းကျဉ်း၍ ယာဉ်အန္တရာယ်ရှိခြင်းတို့ဖြစ်ခဲ့ကြောင်း သိရသည်။

ယခုနှစ်မိုးရာသီတွင် တာပေါင်နေရာမှာ အပေါ်ယံဂျင်းမြေအနည်းငယ် ရေစီးထဲပါသွားသော်လည်း တောင်သူတွေ စိုက်ပျိုးရေကောင်းမွန်စွာရရှိ၍ မိုးစပါးဧက ၂၀၀ ကျော် အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ကျွဲ၊ နွားများ သောက်သုံးရေဖူလုံစွာရရှိကြောင်း ဒေသခံတောင်သူတစ်ဦးက ပြောကြားသည်။

မျိုးဝင်းညို (ကျွန်းလှ)

## ကျွန်းလှ-ကောလင်းလမ်းပိုင်းအဆင့်မြှင့်တင်ကတ္တရာခင်း

**ကျွန်းလှ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကျွန်းလှ-ကောလင်းလမ်းပိုင်း မိုင်တိုင်အမှတ်- ၁/၇ နှင့် ၄/၄ အကြား အဆင့်မြှင့်တင် ကတ္တရာခင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေ ၂၅၉ သန်းကုန်ကျမည့် ယင်းလမ်းပိုင်းကို Ultra ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ပြီး လမ်းအရှည် ၂ မိုင် ၅ ဖာလုံရှိကြောင်း၊ လမ်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေးနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးတို့ကို ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း ကျွန်းလှမြို့နယ်လမ်းဦးစီးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဒေါ်အေးအေးမာက ပြောသည်။

ယင်းလမ်းပေါ်ရှိ ကျေးရွာနေဒေသခံတစ်ဦး"ကျွန်တော်တို့ရွာက ကောလင်းမြို့နယ်ထဲပါပေမယ့် နီးတဲ့ကျွန်းလှဘက်ကို ဈေးဝယ်လာရင် ဒီလမ်းကိုအသုံးပြုရတာပါ။ အခုလိုကတ္တရာခင်းအဆင့်မြှင့်လိုက်တော့ ကျွန်တော်တို့လိုရာခရီး မြန်မြန်ရောက်နိုင်ပါပြီ" ဟု ပြောသည်။

ယင်းလမ်းသည် မြို့နယ်ချင်းဆက်လမ်းဖြစ်သဖြင့် ကောလင်းမြို့နယ်ဘက်မှလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်းသိရသဖြင့် ယင်းလမ်းပိုင်းပေါ်ရှိ ကျေးရွာများ မြို့နှင့်မခြားအချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်သည်။

မြို့နယ်(ပြန်/ဆက်)

## ကိုယ့်အားကိုယ်ကိုးအခြေခံပညာ မူလတန်းကျောင်း ဖွင့်ပွဲကျင်းပ

**မတ္တရာ နိုဝင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် လက်ကောင်းကြီးကျေးရွာအုပ်စု သပြေပင်ကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုးအခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါကျောင်းသည် ကျေးရွာကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ယခင်က သပြေပင်ကုန်းကျေးရွာရှိ ကျောင်းသား၊ ကျောင်းသူအင်အား ၁၀၀ ကျော်သည် ရွာနှင့် ၁ မိုင်ခန့်ကွာဝေးသည့် သာစည်ကျေးရွာသို့ သွားရောက်ပညာသင်ကြားခဲ့ရပြီး ယခုအခါ မူလတန်းကျောင်းဖွင့်လှစ်ပြီးသည့်အတွက် ကျေးရွာမှာပင် ပညာသင်ကြားနိုင်တော့မည်ဖြစ်သည်။

စိုးကျော်သူထွေး(မတ္တရာ)

## သဘာဝဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအတွက် အလုပ်ရုံဆွေးနွေး

**ဟားခါး နိုဝင်ဘာ ၂၅**

မွေးမြူရေး ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်(ADB)တို့ပူးပေါင်း၍ ချင်းပြည်နယ် သဘာဝဘေးသင့်ဒေသများတွင် အခြေခံအဆောက်အအုံ ပြန်လည်တည်ဆောက်ရေးနှင့် အသက်မွေးဝမ်းကျောင်းပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၁ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပခဲ့သည်။

ချင်းပြည်နယ် ဝန်ကြီးချုပ်ဦးဟုန်းငိုင်းက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးမြင့်ဦးနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကိုယ်စားလှယ် Mr.Roger တို့က မိတ်ဆက်စကားပြောကြားကြသည်။

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကိုယ်စားလှယ် Mr.Marlin က အလုပ်ရုံဆွေးနွေးပွဲရည်ရွယ်ချက်များကိုလည်းကောင်း၊ ချင်းပြည်နယ်စားဝတ်နေရေး မူလအခြေအနေ ပြန်လည်ရောက်ရှိရေးအတွက် အဓိကအဆိုပြုရမည့် အချက်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ကိုယ်စားလှယ် Mr.Roger ကလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ရှင်းလင်းတင်ပြချက်အပေါ် တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ချင်းပြည်နယ်(ပြန်/ဆက်)




**ငါးသိုင်းချောင်း နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ရှိ ဝေန်ရေကာတာနှင့်ဆက်စပ်ဆက်သွယ်သောလမ်း နှစ်လမ်းဖြစ်သည့် လမ်းမတော်လမ်းနှင့် ဘုရားလမ်း ကွန်ကရစ်ခင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို နိုဝင်ဘာလဆန်းမှ စတင်ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၀ ရက်တွင် ပြီးစီးခဲ့ကြောင်းသိရသည်။

လမ်းမတော်လမ်း ကွန်ကရစ်ခင်းရန်လျာထား ပေ၂၄၀၀ တွင် ပေ ၉၂၀ နှင့် ဘုရားလမ်း ပေ၂၈၀၀ တွင် ပေ ၈၀၀ လမ်းအကျယ် ၂၀ ပေ၊ ထု ၈ လက်မ ဖြင့် အရည်အသွေးပြည့်ခင်းကျင်းပြီးစီးခဲ့သည်။

ယင်းလမ်းများအတွက် နိုင်ငံတော်မှ ဘိလပ်မြေအိတ် ၁၀၀၀၀ ထောက်ပံ့ပေးရန် လျာထားခဲ့ပြီး ပထမအရစ် ဘိလပ်မြေအိတ် ၅၀၀၀ ထောက်ပံ့မှုနှင့် ဒေသခံပြည်သူလူထုထည့်ဝင်ငွေကျပ် ၈၄၃ သိန်းခန့်ဖြင့် ကွန်ကရစ်ခင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၄၀ ရာနှုန်းပြီးစီးခဲ့သည်။

အဆိုပါလမ်းနှစ်လမ်းတွင် ပါဝင်သောပြည်သူ့အားကစားကွင်း၊ ရုံးဌာနအဆောက်အအုံများ၊ သာသနိကအဆောက်အအုံနှင့် အများပိုင်အဆောက်အအုံ နေရာများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအကူအညီတောင်းခံ၍ ဆက်လက်ခင်းကျင်းသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အဆိုပါလမ်း အဆင့်မြှင့်တင်ပြီးစီးပါက ဝေန်ရေကာတာ ပြုပြင်ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် ဆက်သွယ်သွားလာရေး၊ သယ်ယူပို့ဆောင်ရေး များစွာချောမွေ့လာမည်ဖြစ်သည်။

စိုးမင်းဦး(ပြန်/ဆက်)

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီးအား အမှူးထား၍ စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ သုခမ္မမဏိဇောတဓရ ဦးအောင်ကြီးဦးဆောင် လှူဒါန်းသော ရှင်သာမဏေ(၅၅၅)ပါး အလှူမင်္ဂလာပွဲတော်တွင် ပါဝင်လှူဒါန်းကြသောကုသိုလ်ရှင်များစာရင်း

| | | |
|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်အသင်း၊ စစ်ကိုင်းဥက္ကဋ္ဌ သုခမ္မမဏိဇောတဓရ ဦးအောင်ကြီး(ဇနီး) သုခမ္မသိင်္ဂီဒေါ်နန်းတိုးတိုးရွှေ (သား)ကိုတင်ထွန်းအောင် | (၁၀၀)သိန်း |
| ၂။ | ဦးစိုးထွန်းရှိန် "မြန်မာ့ကြီးပွားရေး" ကျောက်မျက်ကုမ္ပဏီ | (၁၀၀)သိန်း |
| ၃။ | ဦးသန်းလွင် ဒု-ဥက္ကဋ္ဌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် "စိန်လုံတောင်တန်း"ကုမ္ပဏီ | (၁၀၀)သိန်း |
| ၄။ | ဦးစိုးနိုင်-ဒေါ်အေးအေးခိုင် "အေးအေးခိုင်"ကျောက်မျက်ကုမ္ပဏီ | (၅၁)သိန်း |
| ၅။ | ဦးရှုံးမူ ဥက္ကဋ္ဌ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် | (၃၀)သိန်း |
| ၆။ | မန္တလေးတိုင်းဒေသကြီးကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ မန္တလေး | (၂၈)သိန်း |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ စစ်ကိုင်း | (၂၆)သိန်း |
| ၈။ | ဦးဝမ်ယု-ဒေါ်ညိုမာဆွေ အတွင်းရေးမှူးကျောက်မျက်အသင်း၊ စစ်ကိုင်း | (၁၁)သိန်း |
| ၉။ | ဒေါ်ယုယုဝင်း (သား) ကိုဝင်းထွန်း ကျောက်မျက်ရောင်းဝယ်ရေး၊ မန္တလေးမြို့ | (၁၁)သိန်း |
| ၁၀။ | ဦးထွန်းထွန်းနှင့်ဇနီး ဥက္ကဋ္ဌ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၊ ဖားကန့် | (၁၁)သိန်း |
| ၁၁။ | ဦးဘုန်းမြင့်အောင် ဒု-ဥက္ကဋ္ဌ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ် | (၁၁)သိန်း |
| ၁၂။ | ဦးစံမျိုးနှင့်ဇနီး ဒု-ဥက္ကဋ္ဌ ကျောက်မျက်ရတနာလုပ်ရှင်များအသင်းချုပ် | (၁၀)သိန်း |
| ၁၃။ | ဦးကျော်ငွေး "ဆုထူးပန်" ကျောက်မျက်ကုမ္ပဏီ | (၁၀)သိန်း |
| ၁၄။ | ဦးကျော်စွာဝင်း၊ "တော်ဝင်"စိန်တိုက် မန္တလေးမြို့ | (၁၀)သိန်း |
| ၁၅။ | ဦးကံသောင်း-ဒေါ်မြင့်မြင့်စန်း၊ ဒု-ဥက္ကဋ္ဌ ကျောက်မျက်အသင်း၊ စစ်ကိုင်း | (၅)သိန်း |
| ၁၆။ | ဦးမင်းထိန်-ဒေါ်သင်းယုဆွေ၊ မန္တလေးမြို့ | (၅)သိန်း |
| ၁၇။ | ဦးပွား-ဒေါ်ခင်ဝင်းကြည်၊ မန္တလေးမြို့ | (၅)သိန်း |
| ၁၈။ | ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့် အလုပ်အမှုဆောင် ကျောက်မျက်အသင်း၊ စစ်ကိုင်း | (၅)သိန်း |
| ၁၉။ | ဦးဖိုးထူးနှင့်အဖွဲ့၊ ကျောက်မျက်ရောင်းဝယ်ရေး၊ မန္တလေးမြို့ | (၅)သိန်း |
| ၂၀။ | ဦးအောင်သူ-ဒေါ်ချိုဦး၊ မန္တလေးမြို့ | (၅)သိန်း |
| ၂၁။ | မိုးသောက်ကြယ်၊ ကျောက်မျက်ကုမ္ပဏီ | (၅)သိန်း |
| ၂၂။ | ဗိုလ်ချုပ်ထင်ပေါ်ထွန်း-ဒေါ်ထွေးထွေးရီ နေပြည်တော် | (၃)သိန်း |
| ၂၃။ | ဦးမောင်မောင်ဆန်းနှင့် ဇနီး ကျောက်မျက်ရောင်းဝယ်ရေး၊ ရန်ကုန် | (၃)သိန်း |
| ၂၄။ | ဦးကျော်နိုင်နှင့်ဇနီး "အေဝမ်း" ငွေစု/ငွေချေး | (၃)သိန်း |
| ၂၅။ | ဦးအောင်ဆန်းဦး-ဒေါ်အေးအေးမင်း မန္တလေးမြို့ | (၂)သိန်း |
| ၂၆။ | စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်အသင်း၊ စစ်ကိုင်း | (၁၆)သိန်း |
| ၂၇။ | ဦးဝိုင်း-ဒေါ်သီသီခိုင်(ပတ္တမြားနဂါးကုမ္ပဏီ) | (၅)သိန်း |
| ၂၈။ | ဦးညိုသောင်း အလုပ်အမှုဆောင် | (၃)သိန်း |
| ၂၉။ | ဦးမျိုးမြင့်-ဒေါ်စုစုလှိုင် စစ်ကိုင်း | (၁)သိန်း(၁)သောင်း |
| ၃၀။ | ဦးဝင်းခိုင်-ဇနီး | (၁)သိန်း |
| ၃၁။ | ဦးလှဆန်း-ဒေါ်မီမီယဉ် | (၁)သိန်း |
| ၃၂။ | ဦးဝမ်ယု-ဒေါ်ညိုမာဆွေ | (၁)သိန်း |
| ၃၃။ | ဦးဝင်းရွှေ | (၅)သောင်း |
| ၃၄။ | ဦးကျော်စိုးဦး | (၅)သောင်း |
| ၃၅။ | ဦးဝင်းထွန်း | (၁)သိန်း |
| ၃၆။ | ဦးဇေယျာ | (၃)သောင်း |
| ၃၇။ | ဦးဝေသာမောင်-ဒေါ်ယမင်းသူဇာဆွေ | (၃)သောင်း |
| ၃၈။ | ဦးလင်း | (၂)သောင်း |
| ၃၉။ | ဦးသန်းဇော် | (၁)သောင်း(၅)ထောင် |
| ၄၀။ | ဦးဇော်လင်း | (၁)သောင်း |
| ၄၁။ | ဒေါ်လွင်မေဦး | (၁)သောင်း |
| ၄၂။ | ဒေါ်သဇင် | (၁)သောင်း |
| ၄၃။ | ဒေါ်စိမ်းစန္ဒာထွန်း | (၁)သောင်း |

**ဆက်သွယ်လှူဒါန်းရန်- စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း။ စစ်ကိုင်းမြို့၊ တကောင်းရပ်ကွက်၊ ကမ်းနားလမ်း**
**ဆက်သွယ်ရန် ဖုန်းနံပါတ် -၀၇၂-၂၂၉၈၉၊ ၀၉- ၂၅၇၇၆၀၀၆၆**




# ကြော်ငြာ

**GOLDEN STAR** ခရီးသွားလုပ်ငန်း
◆ ကျိုက်ထီးရိုး(နေ့စဉ်) (သံလာတော်/သိလရှင်အဖွဲ့)
◆ ချောင်းသာ / ငွေဆောင်(နေ့စဉ်)
Ph: 209200, 544383, 430480, 705968, 703448

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (ဖြန်း) 33000
ချောင်းသာ Hotel(ဖြန်း) 35000 / 45000
ငွေဆောင် (Hotel+ကား) 45000
ကားမျိုးစုံစင်းလုံးငှားစီစဉ်ပေးသည်။
01-549380,09-5093704,09-450012971

**Budget Tour** အဆင့်မြင့်ခရီးသွားလုပ်ငန်း 09264450022/33
- အသတ်စဉ် ချောင်းသာ(နေ့ချင်းပြန်) ● ကျိုက်ထီးရိုး (နေ့ချင်းပြန်) (30000 ကျပ်)
- အသတ်စဉ် မော်လမြိုင်၊ ကျိုက်ခမီ၊ ဇက်ဇိ (နေ့ချင်းပြန်) (35000 ကျပ်)
- လစဉ် ပုဂံ (ဖွယ်တော်လေးဆူ) ညောင်ဦး ပုပ္ပါး (၃)ည/(၄)ရက် (115000 ကျပ်)
- လစဉ် တောင်ကြီး အင်းလေး (၃)ည/(၄)ရက် (120000 ကျပ်)
- လစဉ် မန္တလေး စစ်ကိုင်း ပြင်ဦးလွင် (၃)ည/(၄)ရက် (110000 ကျပ်)

စရိတ်ငြိမ်း (ဟိုတယ်၊ စားစရိတ်၊ ကားခ၊ ဇက်လှေခ၊ ခရီးသွားအာမခံ)

**ရွှေနဂါး**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ကားမျိုးစုံ စီးလုံးငှားသည်။
Ph: 209077, 209388

**ရောင်းမည်**
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၀၁၀၁၁၊ ၀၉-၇၃၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၁

**B.L.T Travels**
ကျိုက်ထီးရိုး (နေ့စဉ်) 8000
ချောင်းသာ (နေ့စဉ်) 12000
09-796262652, 09-73163538

**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY
တာမွေကျောင်းခွဲ
**LCCI(UK) Level I,II,III**
For June 2016 Exam
စုံနံပါတ်ကြိုတင်ယူပြီးကျောင်းအပ်နိုင်ပါပြီ။
တာမွေကျောင်း
အမှတ် (၃၆၁) ၂၈၊ ၂၉၊ ၃၀၊ ပထမထပ်၊ ပုလဲသီရိဆောက်လုပ်ရေးတိုက်၊ ဗညားဒလလမ်း၊ ကျောက်မြောင်းဈေးမှတ်တိုင် အနီး၊ တာမွေမြို့နယ်။ Tel: 01 556425, 09 30167272, 09 36173830
လှည်းတန်းကျောင်း
Ph: - 01 504737, 51 2900, 09 450022646, 09 73108409, 09 5170105







ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ JCGV(Square & Maw Tin)၊ မန္တလေး - ဝင်းလိုက်၊ မြို့မ၊ ပြည်-မင်္ဂလာထွန်းသိရိ တောင်ကြီး-မြသုခ၊ ပြင်ဦးလွင်-Movie Planet၊ လားရှိုး-သီတာအေး၊ သိန်းထိုက်၊ အောင်သီရိ၊ ပုသိမ်-ရွှေပြည်တော်၊ ဘားအံ-တက်နေဝင်း၊ မြိတ်-မင်္ဂလာ ရုံတို့တွင် တပြိုင်တည်းပြမည်။

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

## ဝန်ထမ်းအလိုရှိသည်
## (ပြည်တွင်း၌သာခန့်ထားရန်)
## လစာကောင်းမည်

**Fraternity Enterprise Limited** မှ အောက်ဖော်ပြပါဝန်ထမ်းများအလိုရှိသည်။

၁။ Production Manager ကျား/မ(၂)ဦး
ဆပ်ပြာနှင့်ပတ်သက်သောပစ္စည်းများထုတ်လုပ်နိုင်သူ၊ လုပ်သက်အနည်းဆုံး (၃-၅)နှစ်အတွင်းရှိသူ၊ အသက်(၅၀)ထက်မကြီးသူ ဦးစားပေးမည်။

၂။ Engineer (Machine Operator) ကျား(၁၀)ဦး
(A.G.T.I) (B.Tech) ဘွဲ့ရရှိပြီးသူ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

၃။ စက်ချုပ်ကျွမ်းကျင် မ(၃)ဦး
သက်န်းချုပ်လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၄။ စက်မောင်းအကူ ကျား(၁၀)ဦး
အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။ အသက်(၄၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

အမှတ်စဉ်(၂)နှင့်(၄)အတွက် လျှောက်ထားသူများသည် လှိုင်သာယာမြို့နယ်တွင် နေထိုင်သူ ဦးစားပေးမည်။ အထက်ပါ လျှောက်ထားသူများအားလုံးသည် အကျင့်စာရိတ္တကောင်းမွန်သူ၊ ရိုးသားကြိုးစားပြီးအလုပ်ပေါ်တွင် တာဝန်ယူတတ်သူဖြစ်ရမည်။ လျှောက်ထားသူများအားလုံးသည် (၆)လအတွင်းရိုက်ထားသောလိုင်စင်ဓာတ်ပုံ(၂)ပုံ၊ မိမိကိုယ်ရေးရာဇဝင်၊ ဘွဲ့လက်မှတ်မိတ္တူ၊ သက်ဆိုင်ရာကျွမ်းကျင်မှုလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ရပ်ကွက်အတွင်း နေထိုင်ကြောင်းထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်းရဲစခန်းထောက်ခံချက်တို့နှင့်အတူ စာတိုက်သေတ္တာအမှတ်(၃၅၁)(သို့) Fraternity Enterprise Limited အမှတ်(၇)၊ လယ်ယာရွှေမြေလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်သို့ ကြော်ငြာပါသည့်နေ့မှစတင်၍ (၁၀)ရက်အတွင်း လာရောက်လျှောက်ထားနိုင်သည်။

အလင်းသစ်စာပေတိုက်မှ ထုတ်လုပ်ဖြန့်ချိသည်၊
ဗမာပြည် ကွန်မြူနစ်ပါတီ၏ တိမ်မြုပ်နေသော ဖြစ်ရပ်မှန် သမိုင်းကွင်းဆက်တစ်ခု...
**သခင်သန်းမြိုင်**(သို့မဟုတ်)
**ကျိန်စာသင့်တော်လှန်ရေးသမား**
**ရဲထက်**
၂၀၀၀ ကျပ်
ဆိုင်များတွင်ရပြီ
အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

**ROSE HILL** ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း
အမှတ်(၂၀-A)ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၅၈၄၀၁၊ ၅၅၂၅၄၇
ဝါရင့်ဆရာ၊ ဆရာမကြီးများ ကိုယ်တိုင် သင်ကြားပေးပါမည်။ စာတွေ့လက်တွေ့ ကျွမ်းကျင်တတ်မြောက်စေရမည်။ သင်တန်းဆင်းလက်မှတ် စီစဉ်ပေးမည်။ (၃)လသင်တန်းကို လစဉ်ဖွင့်လှစ်ပါမည်။ နယ်မှ သင်တန်းသူ/သားများအတွက် နေထိုင်ရေး စီစဉ်ပေးမည်။ သင်တန်းပြီး အလုပ်ရရေးအတွက် ကူညီပေးပါမည်။ လျှောက်လွှာများ စတင်လက်ခံနေပါသည်။

**RiTEK** TOP 100 TAIWAN BRANDS
ကမ္ဘာ့အကြီးဆုံး CD DVD ထုတ်လုပ်သူ

ဆက်သွယ်ရန်လိပ်စာ
Htet Nay Wun Trading Co.,Ltd
- တယ်လီဖုန်း၊ 01203524 ext 1887 / 01200747 ext 7086
- တယ်လီဖုန်း၊ 09-5095688 / 09-43193430 / 09-260575760
- လိပ်စာ Building C-4 Room No.102 First Floor, Hninsi Street, Yuzana Plazar, Mingalar Taung Nyunt, Township Yangon

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ဒဂုံတောင်ပိုင်းမြို့နယ်၊ လေးဒေါင့်ကန်ကျေးရွာ၊ နတ်စင်ပိုင်းနေ အမိ ဒေါ်သန်းအေး[၁၂/လကန(နိုင်)၀၆၂၀၅၄]၏ သမီးဖြစ်သူ မသူဇာဝင်း [၁၂/ဒဂတ(နိုင်) ၀၅၀၉၁၁]ကိုင်ဆောင်သူသည် မိဘဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်သောက ဆင်းရဲခြင်းဖြစ်အောင် ပြုလုပ်ပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် မသူဇာဝင်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းမည် မဟုတ်ကြောင်းနှင့် သူနှင့်လုံးဝမပတ်သက်၊ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**
**မိခင် ဒေါ်သန်းအေး**

**(၆၄)နှစ်မြောက် သံချပ်ကာ ယန္တရားတပ်ဖွဲ့နေ့**

မိတ်ဆုံစားပွဲအား ၅-၁၂-၂၀၁၅ရက်(စနေနေ့) ညနေ ၆ နာရီတွင် စမိုင်၊ ပြည်လမ်းရှိ "ကုန်းမြင့်သာ စားသောက်ဆိုင်" ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် သံချပ်ကာယန္တရားတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အရာရှိမိသားစုဝင်များအားလုံး ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပရေးကော်မတီသို့ ဖုန်းဖြင့်ဆက်သွယ်၍ အလှူငွေများ ပါဝင်လှူဒါန်းနိုင်ပါသည်။

**ကျင်းပရေးကော်မတီ**

(ဖုန်း-၀၉-၂၅၄၄၁၀၅၇၇၊ ၀၉-၇၉၅၅၉၄၀၃၇)

**၁၉၇၇ခုနှစ်၊ မတ်လနှင့် နိုဝင်ဘာလ ဘွဲ့ရ**
**ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏**
**အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ**

ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၇ခုနှစ် မတ်လနှင့် နိုဝင်ဘာလဘွဲ့ရ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၁၇-၁-၂၀၁၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါဖုန်းများသို့ ဆက်သွယ်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

| | |
|---|---|
| ဦးဝေလွင်(မန္တလေး) ၀၉-၇၉၇၄၄၈၈၅၆ | ဦးလှတင့် (ရန်ကုန်) ၀၉-၇၃၂၀၈၇၆၇ |
| ဦးလှမြင့်(မန္တလေး) ၀၉-၂၀၁၅၈၆၄ | ဦးစောမင်း(ရန်ကုန်) ၀၉-၄၉၃၃၇၇၁၆ |
| ဒေါ်ခင်ခင်ကြီး(ရန်ကုန်)-၀၉-၄၄၈၀၂၂၁၃၇ | ဦးသိန်းစိုးဦး(ရန်ကုန်) ၀၉-၅၀၉၅၈၄၂ |
| ဒေါ်သက်သန်းတင်(ရန်ကုန်) ၀၉-၅၁၀၀၀၈၃ | ဒေါက်တာဒေါ်ခင်သက်နီ(ရန်ကုန်) ၀၉-၅၀၀၈၂၄၇ |


လိုင်စင်-၈/၂၀၁၃တဆထလ(၂၀၃၈)
TMR-012511(1116)
**လေတံခါးကြီး**
**အစာကြေ လေသက်ဆေး**
ဆေးမှုန့်၊ဆေးလုံး ပုံစံ (၂)မျိုး
လေမစုန်၍ ၊ငွေကုန်နေသူများ
လေမသက်၍၊အနေခက်နေသူများ
ခံတွင်းပျက်၍၊ အစားနည်းသူများ
အတွက် 'လေတံခါးကြီး' လာပြီ
0931557657,0932217514,09798412500

**COHABO**
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-80000
No-၁၁/၁၃၊ဒုဗ္ဗာရွာ၊ငွေလမ်းခင်းကုန်းတိုက်အဆောင်။
Ph-09 731 61773
09 516 1773

သွေးသည်အသက်

**မြေကွက်ရောင်းမည်**
သန်လျင်၊ အေးသာယာရပ်ကွက်၊
နှင်းဆီ(၁၀)လမ်း၊ ပေ(၄၀×၆၀)၊
ပါမစ်မြေ၊ ဂုတ်ကွက်၊
ရောင်းဈေး(၂၉၅)သိန်း။
(တစ်ပတ်အတွင်းရောင်းဈေးပါ)
ဖုန်း-၀၉-၅၁၉၀၄၅၀၊
၀၉-၈၆၃၀၈၇၇







# အထူးကျေးဇူးတင်ရှိခြင်း

၁၇.၁၁.၂၀၁၅ ရက်၊ နံနက် (၃း၀၅)နာရီတွင် ကွယ်လွန်သွားသော အနန္တကျေးဇူးရှင် မိခင်ကြီးဒေါ်အေးမေ နာမကျန်းဖြစ်ချိန်ကာလအတွင်း အထူးဂရုစိုက်ပြုစုစောင့်ရှောက်ကုသပေးကြပါသော အောင်ရတနာအထူးကုဆေးရုံကြီးမှ သမားတော်ဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးရုံဝန်ထမ်းများအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါသော လားရှိုးအသင်း နာယကကြီး ဒေါက်တာစိုင်းဆမ်ထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေပရဟိတအသင်း နာယကကြီးဦးတင်မောင်နှင့် အလုပ်အမှုဆောင်များ၊ အဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ အပင်ပန်းခံ၍ ကိုယ်တိုင်လာရောက် အားပေးနှစ်သိမ့်ပေးကြပါသော ဆွေမျိုး၊ မိတ်ဆွေသင်္ဂဟများ၊ သူငယ်ချင်းများ၊ မိတ်ဆွေကုမ္ပဏီများအားလည်းကောင်း၊ လူကိုယ်တိုင်မလာရောက်နိုင်ပါသော်လည်း တယ်လီဖုန်း၊ အီးမေးလ်၊ လူမှုဆက်သွယ်ရေး စာမျက်နှာများနှင့် သတင်းစာများမှ ဝမ်းနည်းကြောင်း ဖော်ပြ၍ နှစ်သိမ့်အားပေးကြပါသော ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း၏ အမှုဆောင်အဖွဲ့ဝင် ဦးလှမြိုင်သည် ၂၁-၁၁-၂၀၁၅ (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံနယ်စပ်ဒေသဖွံ့ဖြိုးရေးအသင်း**

## သက်ဆိုင်သူ ကိုနိုင်ဇော်မင်း[၁၂/သကတ(နိုင်)၀၇၆၅၄၄]နှင့် ဒေါ်သီတာဝင်း[၁၂/စခန(နိုင်)၀၀၆၈၁၆]တို့သိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၉၃)၊ (၃)လွှာဘီ၊ ခြေရင်းခန်း တိုက်ခန်းကိုမြေရှင်ဖြစ်သူ ဒေါ်သီတာဝင်းက တာဝန်ယူအာမခံသဖြင့် ဦးနိုင်ဇော်မင်း ဆိုသူထံမှ ဒေါ်မြင့်မြင့်စိုးက ၈-၇-၂၀၁၅ရက်တွင် ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းကို ဒေါ်မြင့်မြင့်စိုးက လက်ရောက်ရယူသော့အပ်ထားခဲ့ရာ ယခုအခါ ခပ်ထားသောသော့ကိုဖျက်စီး၍ (လူပုဂ္ဂိုလ်)အချို့ ဝင်ရောက်နေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် ဖော်ပြပါတိုက်ခန်းအရှုပ်အထွေးများကို ဤကြော်ငြာ စာပါသည့် နေ့ရက်မှ(၇)ရက်အတွင်း ဖြေရှင်းပေးကြပါရန် တောင်းဆိုလိုက်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ဒေါ်မြင့်မြင့်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိုးအောင်(၆၉၁၄) B.A,R.L,D.B.L,B.D.S(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်-၁၆၀၊ ငုဝါလမ်း၊ ၅၁နာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**Ph:09-73002607**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မအူပင်မြို့နယ်တရားရုံးတော်၌
၂၀၁၄-ခုနှစ်၊ တရားမကြီးမှုလမှုအမှတ်- ၈၂

ဦးအောင်နိုင်ထွန်း နှင့် ၁။ ဦးသန်းငွေ
တောင်ပေါ်သားရိရှင်းကုမ္ပဏီလီမိတက် ၂။ ဒေါ်သီတာထွန်း
(၎င်း၏အထွေထွေကိုယ်စားလှယ် ဦးခင်မောင်သိန်း)

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၅၆)၊ GLORY ကုမ္ပဏီလီမိတက်နေ ဒေါ်သီတာထွန်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်နိုင်ထွန်း (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးခင်မောင်သိန်း) က နှစ်ဦးသဘောတူ ကတိစာချုပ်အရ မြေဩဇာဖိုးငွေ (၂၀၉၉၀၀၀ိ/)-ကျပ်နှင့် နစ်နာကြေးငွေ (၁၃၆၄၃၅၀/-)ကျပ်စုစုပေါင်း (၃၄၆၃၃၅၀ိ/-)ကျပ် ရလိုမှုဖြင့် စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ် တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ၊ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်၊ [၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၅)ရက် (အင်္ဂါနေ့)]၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်း ရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလို သည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅-ခုနှစ်၊ နိုဝင်ဘာလ(၁၇)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(လှမြတ်မွန်)(ယာယီ)**
**မြို့နယ်တရားသူကြီး၊ မအူပင်မြို့နယ်တရားရုံး**

**သင့်ကြောင့် မီးမလောင်ပါစေနှင့်**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ မုခ်ဦး၊ တံတား ဒါယိကာမကြီး**

**ဒေါ်ညွန့်တင်(ခ)လူလေဟွန်း**

**အသက်(၈၄)နှစ်**

ကိုလင်းမင်းမောင်လွင်(အုပ်ချုပ်မှုဒါရိုက်တာ)-မကေဇင်ဆုမွန် တို့၏အဘွား ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**လင်းသီဟကုမ္ပဏီလီမိတက်မှ**
**ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ၊ မုခ်ဦး၊ တံတား ဒါယိကာမကြီး**

**ဒေါ်ညွန့်တင်(ခ)လူလေဟွန်း**

**အသက်(၈၄)နှစ်**

အန်ကယ်ဦးသန်းမြင့်(Laser Plus Photo)-အန်တီဒေါ်မြင့်မြင့်ကြည် (Laser Media)တို့၏ မိခင်ကြီး ဒေါ်ညွန့်တင်(ခ)လူလေဟွန်းသည် ၂၂-၁၁-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Laser Media မှ **ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်သိန်း(စစ်တွေမြို့)**

**အသက်(၈၀)**

Zizawa Health Care မှ Sales Manager ဦးကျော်နိုင်-ဒေါ်ဇင်မျိုး ကျော့ဝေတို့၏ဖခင် ဦးကျော်သိန်း(စစ်တွေမြို့) အသက်(၈၀)သည် ၂၃-၁၁-၂၀၁၅ (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ**
**Zizawa Co., Ltd.**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးမြတ်ထွန်း (၇၈) နှစ်**

ချစ်သူငယ်ချင်း ဦးကျော်စိုး (94-EC) (ဝန်ကြီး၊ သစ်တော/စွမ်းအင်၊ ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့) ၏ ချစ်လှစွာသော ကျေးဇူးရှင် ဖခင်ကြီး ဦးမြတ်ထွန်းသည် ၁၉. ၁၁. ၂၀၁၅(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစု နှင့်အတူ ဝမ်းနည်း ကြေကွဲရပါသည်။

**RIT 1985 Intake Foundation**
မှ ကျောင်းသားဟောင်းများ

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ညွန့်တင်(ခ)လူလေဟွန်း(သုံးခွမြို့) (၈၄)နှစ်**

သူငယ်ချင်း ဦးသန်းမြင့်-ဒေါ်မြင့်မြင့်ကြည် (LASER - MEDIA)တို့၏ မိခင် ဒေါ်ညွန့်တင်(ခ) လူလေဟွန်း (၈၄)နှစ်သည် ၂၂-၁၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရ၍ သူငယ်ချင်းမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**(1974-1978)မော်လမြိုင်ကောလိပ်မှသူငယ်ချင်းများ**
**ကိုတင်လေး၊ မြင့်စော၊ သန်းဟုန်၊ ထွန်းနိုင်၊**
**ဉာဏ်အောင်၊ မညှပွမ် ၊ မအေး၊ ပြုံးပြုံးကြည်၊**
**နုနုသန်း၊ တင်တင်ငွေ၊ မေရီစိန်၊ နိုင်နိုင်ငွေ၊ နုနုလွင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းမြင့်**

**အသက်(၈၀)**

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စီမံ(၁) အပတ်စဉ်(၁၅)မှ သူငယ်ချင်း ကိုခင်ထွန်း ၏မိခင် ဒေါ်သန်းမြင့် အသက်(၈၀)သည် ၂၃-၁၁-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် မြောင်းမြမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါကြောင်း။

**စီမံ(၁) အပတ်စဉ်(၁၅)မှ**
**သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းအောင်ကျော်(မြို့နယ်အုပ်ချုပ်ရေးမှူး-ငြိမ်း) (၇၃)နှစ်**
**ဦးစိုးသန်း(ခရိုင်အုပ်ချုပ်ရေးမှူး-ငြိမ်း) (၇၂)နှစ်**

ပြည်သူ့ရေးရာအရာရှိသင်တန်းအမှတ်စဉ်(၅)၊ သင်တန်းဆင်းအရာရှိများဖြစ်ကြသော သူငယ်ချင်း ဦးထွန်းအောင်ကျော်(ကသ/၁၃၆)သည် ၂၁-၁၁-၂၀၁၅ ရက်တွင်လည်းကောင်း၊ သူငယ်ချင်း ဦးစိုးသန်း(ကသ/၁၅၄)သည် ၁၃-၁၁-၂၀၁၅ ရက်တွင်လည်းကောင်း ကွယ်လွန် သွားကြောင်းသိရပါသဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**ပြည်သူ့ရေးရာအရာရှိသင်တန်းအမှတ်စဉ်(၅)၊ အောင်ဆန်းတပ်ခွဲ(၁၉၆၉-၇၀)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးငွေမောင်**

**အသက် (၆၆)နှစ်**

**B.Ecom(P.D)(1975)**

စီးပွားရေးတက္ကသိုလ် ၁၉၇၅ ခုနှစ် ဘွဲ့ရဦးငွေမောင် B.Ecom(P.D) သည် ၁၅-၁၁-၂၀၁၅(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**(ချစ်သူငယ်ချင်းကောင်းရာဘုံဘဝရောက်ပါစေ။)**
**Eco(71-75) ကျောင်းသား/ကျောင်းသူများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာကျော်သူ**

**အသက်(၄၄)နှစ်**

**Country Head,Myanmar**

**Novartis Pharma Services**

သူငယ်ချင်း. . .

အားလုံးသွားကြရမယ့်လမ်းပေမယ့် မမျှော်လင့်ဘဲ ရုတ်တရက်နှုတ်မဆက်ဘဲသွားတော့ ကျန်ရစ်သူမိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲနှမြောတသ ယူကျုံးမရဖြစ်ရပါတယ်။ ဘဝဆက်တိုင်း ဆက်တိုင်း ဒီလိုအဖြစ်မျိုးနဲ့မတွေ့ပါရစေနဲ့တော့လို့. . . သူငယ်ချင်းကောင်းရာသုဂတိ လားပါစေ။

**11/87 Batch ဆေးတက္ကသိုလ်(၂)မှ**
**သူငယ်ချင်းများ**

Hot Line No-0930500100

# ငှက်နှင့် တိုက်မိ၍ ရန်ကုန်-ဟောင်ကောင်ခရီးစဉ် ရပ်ဆိုင်းခဲ့ရ




**ရန်ကုန် နိုဝင်ဘာ ၂၅**

ရန်ကုန်မြို့မှ ဟောင်ကောင်မြို့သို့ ယနေ့ နံနက် ၁ နာရီ ၁၀ မိနစ်က ထွက်ခွာသွားသော Hong Kong Dragon လေကြောင်းလိုင်းမှ ခရီးစဉ်အမှတ်KA-251လေယာဉ်သည် ငှက်နှင့် တိုက်မိ၍ ရန်ကုန်လေဆိပ်သို့ပြန်လည်ဆင်းသက်ခဲ့ပြီး ခရီးစဉ်ကိုရပ်ဆိုင်းခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါလေကြောင်းလိုင်းမှ ဟောင်ကောင်မြို့သို့ ထွက်ခွာသွားသော လေယာဉ်အမျိုးအစား A-321 လေယာဉ်အမှတ် BHTF လေယာဉ်သည် ရန်ကုန်လေဆိပ်မှ ထွက်ခွာ၍ ၁၅ မိနစ်ခန့် ပျံသန်းပြီးနောက် ငှက်နှင့်တိုက်မိ၍ လေယာဉ်၏ ဦးခေါင်းပိုင်း အရှေ့ညာဘက်မှန်ကွဲအက်သွားသဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ၁ နာရီ မိနစ် ၄၀ ခန့်တွင် ပြန်လည်ဆင်းသက်ခဲ့ကာ ခရီးစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

"ခရီးသည်တွေကို ဟိုတယ်မှာ စီစဉ်ပေးထားပါတယ်။ ပျက်သွားတဲ့ခရီးစဉ်အတွက်ကိုလည်း တခြားလေကြောင်းလိုင်းက လေယာဉ်တွေနဲ့ စီစဉ်ပြီး ပို့ဆောင်မှုတွေလုပ်ပေးနေပါပြီ။ ကျန်နေတဲ့ ခရီးသည်တွေကိုလည်း အဆင်ပြေအောင် ဆောင်ရွက်ပေးသွားမှာပါ"ဟု Hong Kong Dragon လေကြောင်းလိုင်းမှ တာဝန်ရှိသူတစ်ဦးက ယင်းနေ့ညနေပိုင်းတွင် မြန်မာ့သတင်းစဉ်၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲများ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၅**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၁)ကြိမ်မြောက် မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် (အဖိတ်နေ့) ညနေ ၄ နာရီခွဲတွင် စေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ကျင်းပရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ဖဲကြိုးဖြတ်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်၌ ဘာသာရေးအသင်းအဖွဲ့ ကိုးသင်းမှ အမျိုးသမီးငယ်များက ရက်ကန်းစင် ကိုးစင်ဖြင့် မသိုးသင်္ကန်းများကို ယှဉ်ပြိုင်ရက်ခတ်ကြသည်။

ယှဉ်ပြိုင်ရက်ခတ်သော သင်္ကန်းများကို ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ကာ တန်ဆောင်မုန်းလပြည့်နေ့ နံနက် (နိုဝင်ဘာ ၂၆ ရက်)အရုဏ်တက်ချိန်တွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ အာရုံခံတန်ဆောင်းများရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်ရုပ်ပွားတော်၊ ရင်ပြင်တော်ပေါ်ရှိ ဗုဒ္ဓရုပ်ပွားတော်ကိုးဆူအား ဆက်ကပ်ပူဇော်ကြမည်ဖြစ်သည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်၏ (၃၃) ကြိမ်မြောက် မသိုးသင်္ကန်းရက်ခတ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲဖွင့်ပွဲကို ယနေ့ ညနေ ၅ နာရီတွင် စေတီရင်ပြင်ရှိ **စာမျက်နှာ ၉ ကော်လံ ၁ သို့**



ရွှေဘုန်းပွင့်စေတီတော်၏ (၂၅)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ကြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

သွေးနှင့် သွေးပစ္စည်းများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

စာမျက်နှာ - ၃

တူရကီက ရုရှားလေယာဉ်ပစ်ချမှုကြောင့် အရှေ့အလယ်ပိုင်းတွင် ပြဿနာသစ်နှင့် ရင်ဆိုင်ရမည့် နေတိုး

စာမျက်နှာ - ၅

# ပျောက်ကွယ်လုရောင်စုံမီးပုံးအလှပြိုင်ပွဲ ရွှေထွဋ်တင် ဝင်း၌ ပြန်လည်ဆင်နွှဲ

## ရိုးရာမီးပုံးတွေအစား ပြည်ပကဝင်ရောက်လာတဲ့ မီးပုံးတွေ များလာတယ်လေ

**ရန်ကုန် နိုဝင်ဘာ ၂၅**

မြန်မာလူမျိုးများသည် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလအခါသမယများတွင် မြတ်ဗုဒ္ဓကို ဆီမီးပူဇော်၍ မီးထွန်းပွဲတော်များကျင်းပလေ့ရှိသည်။ မီးထွန်းပွဲတော်နှင့်အတူ နေအိမ်၊ အဆောက်အအုံများတွင် ချစ်စဖွယ်ရောင်စုံမီးပုံးလေးများကို ချိတ်ဆွဲထွန်းညှိ အလှဆင်ကြသည်။ မြန်မာကလေးအများစုနီးပါးမှာ လမ်းမပေါ်၌ အရုပ်တွန်းလှည်းလေးများတွင် ဖယောင်းတိုင်ထွန်းညှိရင်း အသံတဂျောက်ဂျောက်ဖြင့် ကိုယ်စီကိုယ်စီ ဆော့ကစားလေ့ရှိကြသည်။ မျက်မှောက်ခေတ်တွင်မူ အဆိုပါ မြင်ကွင်းများက မြန်မာ့ရိုးရာဓလေ့ယဉ်ကျေးမှု သမိုင်းအတွင်းသို့ ပြန်လည်တိုးဝင်စပြုသွားသည်နှယ် ပျောက်ကွယ်စပြုလာပြီဖြစ်သည်။

အဆိုပါ ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရောင်စုံစက္ကူမီးပုံးများကို ပြန်လည်အသက်သွင်းပြသသည့် မီးပုံးအလှပြပွဲနှင့် မီးပုံးဒီဇိုင်းပြိုင်ပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရွှေထွဋ်တင် ဝင်း၌ ယနေ့ ညနေပိုင်းက စတင်ကျင်းပသည်။

ယင်းပြပွဲကို မြန်မာအင်တာနေရှင်နယ် ရုပ်သံ(MITV)မှကြီးမှူးကျင်းပသည့်ဒုတိယအကြိမ်မြောက်ပွဲတော်ဖြစ်ပြီး နိုဝင်ဘာ ၂၆ ရက်အထိ ညနေ ၄ နာရီမှ ည ၁၀ နာရီအထိ ပျော်ရွှင်စွာ **စာမျက်နှာ ၉ ကော်လံ ၃ သို့**

DECO DECO-LAND
PAPER CUPS (HOT/COLD)
PAPER PLATES, PAPER LUNCH BOXES
APOLO®
Available with customerized printing
6.5 oz
8 oz
11 oz
12 oz
14 oz
HOT LINE : 01 684292, 684284, 684405~08
SHOWROOM (1)
No. 326/328, Strand Road,
Corner of 24th Street,
Lathar Township, Yangon, Myanmar.
Tel : 01 382789, 09 73228162
Now Manufacture in Myanmar!
SHOWROOM (2)
No. 157, 31st Street (Middle Block),
Pabedan Township, Yangon, Myanmar.
Tel : 01 250425, 242469

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily



## စပါးခွံများသယ်ယူရာတွင် အုပ်ဖုံးဖိ၍တင်ဆောင်သင့်

**ရေတာရှည် နိုဝင်ဘာ ၂၅**

နေ့စဉ်ကြိတ်ခွဲလျက်ရှိသော ဆန်စက်များမှတစ်ဆင့် အုတ်ဖုတ်လုပ်ငန်းများတွင် လောင်စာအဖြစ်အသုံးပြုလျက်ရှိသော စပါးခွံများအားရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ယာဉ်ဖြင့် သယ်ယူကြသည့်အခါ လွင့်စင်မှုမရှိစေရန် အုပ်ဖုံးဖိကာ သယ်ဆောင်သင့်ကြောင်း သုံးသပ်ပြောဆိုမှုများ ရှိနေသည်။

"ကားလမ်းဆိုတာက ယာဉ်မျိုးစုံ သွားနေတဲ့အပြင် ဆိုင်ကယ်စီးတဲ့သူတွေဆို မျက်လုံးတွေထဲကိုဝင်တာ၊ ကားလမ်းတစ်လျှောက်လုံးလဲ ပြန့်ကျဲနေတာ ကြည့်ရအတော့်ကို ဆိုးတယ်" ဟု ခရီးသွားတစ်ဦးက ပြောသည်။

အဆိုပါ စပါးခွံတင်သည့်ယာဉ်များမှာ နေ့စဉ်လိုလို သယ်ဆောင်လေ့ရှိရာ အဖုံးအအုပ်များဖြင့် လုံခြုံစွာ ဆောင်ရွက်ခြင်းဖြင့် ခရီးသွားပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်မှုမှ ကာကွယ်နိုင်ရန် သက်ဆိုင်ရာက ကြပ်မတ်ဆောင်ရွက်သင့်ကြောင်း အထက်ပါခရီးသွားကပင် ဆက်၍ ပြောသည်။

**ကိုလွင်(ဆွာ)**

## စစ်တွေမြို့၌ ရေဆင်း(၃) မိုးစပါးစံကွက်ရိတ်သိမ်း

**စစ်တွေ နိုဝင်ဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ဆောင်းနွယ်ကျေးရွာအုပ်စု ကံပြင်သစ်ကျေးရွာကွင်းအမှတ်(၅၆၇-က) ရှိ တောင်သူဦးမောင်သာနု၏ လယ်လေးဧက၌ရေဆင်း(၃) မိုးစပါးစံကွက် ရိတ်သိမ်းပွဲကျင်းပရာ စစ်တွေခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဇံသာနှင့် မြို့နယ်စိုက်ပျိုးရေး ညှိနှိုင်းမှုအဖွဲ့ဝင်များက ကွင်းဆင်းလေ့လာခဲ့ကြသည်။

စံကွက်ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းလှဖြူက စစ်တွေမြို့နယ်တွင် မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနတို့ ပူးပေါင်း၍ အထွက်နှုန်းကောင်း သင့်၊ ညံ့စံကွက်များကို မျိုးကွဲအလိုက် ကိုယ်စားပြုဧရိယာသတ်မှတ်ပြီး ရိတ်သိမ်းရေးလုပ်ငန်းများကို တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အထွက်နှုန်းကောင်းစံကွက်များမှာ ပုလဲသွယ်စပ်မျိုးစပါးနှင့် ဗီယက်နမ်မျိုးတို့တွင် တွေ့ရှိရသဖြင့် အထွက်နှုန်းကောင်းသော မျိုးသန့်မျိုးစပါးများကို ရွေးချယ်စိုက်ပျိုးရေးနှင့် သိပ္ပံနည်းကျ(GAP)စိုက်နည်းစနစ်များကို ဆွေးနွေးသည်။

ထို့နောက် ကူဘိုတာရိတ်ခြွေစက်ဖြင့် ရေဆင်း(၃) မျိုးစပါးစံကွက် လေးဧကကို ရိတ်သိမ်းကြရာ တစ်ဧကအထွက်နှုန်း ပျမ်းမျှ ၁၀၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

**ကျော်ဆန်းဝင်း(ခရိုင်ပြန်/ဆက်)**

## ကျေးလက်ဒေသများ မီးလင်းရေး ဆိုလာပြားများတပ်ဆင်

**ဇလွန် နိုဝင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် အုတ်ရှစ်ကွင်းကျေးရွာအုပ်စု အုတ်ရှစ်ကွင်းကျေးရွာမီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆိုလာပြားများနှင့် ဆက်စပ်ပစ္စည်းများကို Family United Power Co., Ltd က တာဝန်ယူတပ်ဆင်ပေးလျက်ရှိသည်။

အဆိုပါ ကျေးရွာမီးလင်းရေးဆိုလာပြားများ တပ်ဆင်နေမှုလုပ်ငန်းကို နိုဝင်ဘာ ၂၃ ရက်က ဇလွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးဦးအောင်ကိုကိုနှင့် အဖွဲ့များက သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်

**ရွှေတောင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံးဖွင့်လှစ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၉ ရက်က သစ်ချို့ပင်တန်းလမ်း ကြာနီကန်ရပ်ကွက် ရွှေတောင်မြို့ (ယခင်နေ့ကလေးထိန်းကျောင်း) တွင် ကျင်းပသည်။

ထို့နောက် တာဝန်ရှိသူများက ပြည်သူ့ဝန်ဆောင်မှုရုံးအား လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ရွှေတောင်မြို့နယ်တွင် ပြည်သူ့ဝန်ဆောင်မှုရုံး၌ ဝန်ဆောင်မှုပေးကြမည့်ဌာနများမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့ပါရှိပြီး ရုံးဖွင့်ရက်များတွင် ဌာနစိတ်အလိုက် တာဝန်ကျဝန်ထမ်းထားရှိပြီး ရွှေတောင်မြို့နယ်အတွင်းရှိ ပြည်သူများ၏ လိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲထွဋ်(ရွှေတောင်)**

## ချောင်းဦးမြို့တွင် တောင်သူများသို့ ဆောင်းဘဏ်ချေးငွေများ ထုတ်ချေးပေး

**ချောင်းဦး နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်အတွင်းရှိ တောင်သူများသို့ ဆောင်းဘဏ်ချေးငွေများကို ချောင်းဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

ချောင်းဦးမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဆောင်းဘဏ်ချေးငွေအဖြစ် ထုတ်ချေးရန် ၁၄ ဘဏ်အတွက် ငွေကျပ် ၄၇၂ ဒသမ ၃၀ သန်း လျာထားခဲ့ရာမှ အောက်တိုဘာ ၂၇ ရက်က စတင်ထုတ်ချေးပေးခဲ့ရာ ခုနစ်ဘဏ်သို့ ချေးငွေ ၁၁၈၄ သိန်း ထုတ်ချေးပြီးဖြစ်ကြောင်း၊ ဘဏ်ချေးငွေထုတ်ချေးရာတွင် စပါး တစ်ဧကလျှင် တစ်သိန်းနှုန်း၊ အခြားသီးနှံများသို့ တစ်ဧကလျှင် နှစ်သောင်းနှုန်း ထုတ်ချေးပေးကြောင်း မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဒေါ်ခင်ထားမို့က ပြောပြသည်။

ချောင်းဦးမြို့နယ် အတွင်းရှိ အောင်ချမ်းသာ၊ တမာမြိုင်၊ ညောင်ပင်သာ၊ ချောင်းဦး(တောင်)၊ အမြင့်၊ ကျီကုန်း၊ ခင်မွန် ကျေးရွာများသို့ ဆောင်းဘဏ်ချေးငွေများ ထုတ်ချေးပေးပြီးဖြစ်ပြီး ထုတ်ပေးရန်ကျန်ရှိသည့် ခုနစ်ဘဏ်မှာ ချောင်းမနား၊ မှန်ချို၊ တောကျောင်းလေး၊ သုံးပန်လှ၊ ရွှေလှေ၊ ရွှေကူ၊ ဝယာကျေးရွာတို့ ဖြစ်သည်။

တမာမြိုင်မှ တောင်သူ ဦးစန်းဝင်းက "စိုက်ဘဏ်ကနေ စပါးတစ်ဧကကို ငွေကျပ် တစ်သိန်းချေးပေးပြီး အတိုးနှုန်းက ငွေကျပ် ၁၀၀ ကို လေးဆယ့်နှစ်ပြားခန့်လောက်ပဲ ပေးရတော့ တောင်သူတွေအတွက် အဆင်ပြေပါတယ်။ စိုက်စရိတ်အတွက် အသုံးပြုတတ်ရင်ပြုတတ်သလို အကျိုးရှိပါတယ်။ စိုက်စရိတ်အတွက် ချေးပေးတာကို စိုက်တာပျိုးတာမသုံးဘဲ မလိုအပ်တဲ့နေရာတွေ သွားသုံးရင်တော့ ဘယ်အကျိုးရှိမလဲ"ဟု ပြောပြပါသည်။

**(မြို့နယ်ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်

**ကွတ်ခိုင် နိုဝင်ဘာ ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုခန်းမ၌ နိုဝင်ဘာ ၂၃ ရက်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းမြင့်က အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့်သင်တန်းသား ၅၀ တို့ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၁၈ ရက်အထိဖြစ်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## ပိုလီယိုကာကွယ်ဆေးအသစ် (IPV) ထည့်သွင်း ထိုးနှံခြင်းလုပ်ငန်းအသိပေး

**မော်လမြိုင် နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးအသစ် IPV (Inactivated Polio Vaccine) ထည့်သွင်းထိုးနှံခြင်းလုပ်ငန်းအသိပေးတင်ပြခြင်း အခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက (Polio Eradication End Game Planနှင့် ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် ကာကွယ်ဆေးအသစ် ( IPV) (Inactivated Polio Vaccine) ထည့်သွင်း ထိုးနှံခြင်းနှင့် ပတ်သက်သောအကြောင်း အရာများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးကြပြီး ပိုလီယိုဆေးကိုမွန်ပြည်နယ်(၁၀) မြို့နယ်ရှိ အသက်(၄)လ ကလေးများအား အစက်ချပိုလီယို ကာကွယ်ဆေး ဒုတိယအကြိမ်နှင့်အတူ ဒီဇင်ဘာ ၁ ရက်မှစ၍ တိုက်ကျွေးထိုးနှံရန် စီစဉ်ထားရှိကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ယင်းမာပင်မြို့နယ်အတွင်းမှ မိုးစပါးစိုက်တောင်သူများ အထွက်နှုန်းကောင်းမွန်

**မုံရွာ နိုဝင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်သည် သီးနှံများကို (၉၉)ကန်၊ ဆည်ရေသောက်စနစ်များဖြင့် စိုက်ပျိုးလျက်ရှိပြီး ယခုနှစ်မိုးရာသီတွင် အဆိုပါ စိုက်ပျိုးခဲ့သော စပါးခင်းများအား စတင်ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

မိုးစပါးရိတ်သိမ်းမှု အခြေအနေနှင့်ပတ်သက်ပြီး "ဒီနှစ်က မိုးနှောင်းပိုင်းမှာ မိုးကောင်းတဲ့အတွက် ကျွန်တော်တို့ဒေသမှာ စိုက်ပျိုးလို့အဆင်ပြေခဲ့တယ်။ ဒီနှစ်မိုးစပါးက တစ်ဧကကိုပျမ်းမျှ တင်း ၇၀ နှုန်းလောက်ထွက်တယ်။ မနှစ်က တင်း ၄၀ လောက်ပဲထွက်တယ်။ စပါးဈေးအနေနဲ့က အခုလောလောဆယ် တစ်တောင်းကို ငွေကျပ် ၇၀၀၀ ဈေးပေါက်တယ်လို့ ကြားတယ်။ ဒီနှစ်စပါးဈေးက ကောင်းနိုင်တယ်လို့တော့ထင်တယ်။ အခုမိုးစပါးနှစ်ဧက စပြီးရိတ်နေတာ အထွက်နှုန်းမဆိုးဘူး။ ကျွန်တော်တို့ဒေသမှာတော့အခုနှစ်မိုးစပါးကတော့ အထွက်နှုန်းကောင်းတယ်"ဟု ယင်းမာပင်မြို့နယ် လယ်ဝေါက်ကျေးရွာမှ တောင်သူဦးဖိုးညိုကပြောသည်။

အဆိုပါဒေသ၌ မိုးစပါးစိုက်ရာသီတွင် ဧရာမင်း၊ ရွှေဘိုဘေးကျား၊ လုံးသွယ်မွှေး စသည့် စပါးမျိုးများစိုက်ပျိုးခဲ့ပြီး အမြင့်ပိုင်းကျသော မိုးစပါးများစတင်ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းကောင်းသဖြင့် တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

# ဒုစရိုက်မှုကိုသာ အားပေးသော ထိုအရက်

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဂေါတမမြတ်စွာဘုရားရှင်က လူသားတို့၏သဘောသဘာဝသည် ဆိတ်ကွယ်ရာ၌ မကောင်းမှုကိုကျူးလွန်လိုသောဆန္ဒရှိသည်ဟု ဟောကြားတော်မူခဲ့သည်။ ထိုမကောင်းမှုဒုစရိုက်ကို အသိဉာဏ်ပညာဆိုသောချွန်းဖြင့်သာ ထိန်းချုပ်နိုင်ကြောင်းကိုလည်း ကရုဏာရှေ့ထား၍ ဟောကြားတော်မူခဲ့ပြန်သည်။ မကောင်းမှုကို မည်သို့ပင်ကျူးလွန်စေကာမူ "Cry doesn't pay" ရာဇဝတ်ဘေးပြေးမလွတ်ဆိုသောစကားသည် ဒုစရိုက်လောကသားများကို အစဉ်ခြိမ်းခြောက်လျက်ရှိသည်။ ထို့အပြင် "No man is above the law" "ဥပဒေကိုအားလုံးလေးစားလိုက်နာရမည်" ဆိုသောစကားလုံးသည်လည်း ကျွန်ုပ်တို့အားလုံးအတွက် မှတ်သားဖွယ်ရာပင်ဖြစ်သည်။

လူတို့၏ ပင်ကိုစိတ်နေစိတ်ထားသည် နူးညံ့သိမ်မွေ့ပျော့ပျောင်းမှုရှိကြသည်။ သို့သော် မူးယစ်ဆေးဝါးသုံးစွဲပြီးလျှင် အထူးသဖြင့် အရက်သေစာသောက်စားပြီးချိန်တွင်မူ မကောင်းမှု ဒုစရိုက်ကျူးလွန်ရန် ပြင်းပြလျက်ရှိသည်။ ထို့အပြင် ဆိတ်ကွယ်မှုသည်လည်း ဒုစရိုက်ကိုဖိတ်ခေါ်လေ့ရှိသော အကြောင်းတရားတစ်ချက်ပင်ဖြစ်သည်။ ထို့ကြောင့် အချိန်မတော်သွားလာနေထိုင်မှုမျိုးကို အထူးရှောင်ကြဉ်သင့်ပေသည်။ မဖြစ်မနေသွားလာရန်လိုအပ်သည်ဆိုပါကလည်း လုံလုံခြုံခြုံသွားလာနိုင်ရန် အထူးလိုအပ်ပေသည်။ ယခုတစ်လောကြားသိနေရသည့် ရာဇဝတ်မှုများသည် အရက်သောက်သုံးထားသူများနှင့် အချိန်မတော် သွားလာနေထိုင်သူတို့ကြောင့် ဖြစ်ပွားနေရသည်ဟု ယူဆနိုင်သည်။ အသွားအလာမဆင်ခြင်သဖြင့် မဖြစ်သင့်သည်များဖြစ်ခဲ့ရသည့် သာဓကပေါင်းများစွာကိုလည်း ကြုံဖူးခဲ့ပါသည်။ ထိုဖြစ်စဉ်များသည် ပြုသူရောဖြစ်သူပါ ပေးဆပ်ရမှုများလှသည်။ ထို့ကြောင့် "အသက်ကိုဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်" ဆိုသလို သတိနှင့်သွားလာနေထိုင်ရန် လိုအပ်ပေသည်။

"အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်" ဆိုသောစကားပုံကို ငယ်စဉ်ကတည်းက မှတ်မိနေမိပါသည်။ စာရေးသူ၏ မိဘများသည် တောသူတောင်သူများဖြစ်ကြသော်လည်း စဉ်းစားချင့်ချိန်နိုင်စွမ်း မြင့်မားကြပါသည်။ သား၊ သမီးများ အထူးသဖြင့် သမီးမိန်းကလေးများကို အချိန်မတော် သွားလာနေထိုင်ခြင်းမျိုးကို တားမြစ်ထားခဲ့ကြသည်။ အိမ်ခြေ ၅၀ ခန့်ရှိသည့် ရွာကလေး၌ပင် ညနေစောင်း နေဝင်မိုးချုပ်အချိန်မျိုးတွင် ရွာမြောက်ပိုင်းမှတောင်ပိုင်းသို့သွားလာခွင့်မပြုခဲ့ကြချေ။ နေ့စဉ်တောင်ယာလုပ်ငန်းခွင်သို့ စေလွှတ်ရာတွင်လည်း လုံခြုံစိတ်ချမှုရှိအောင် လုပ်ဖော်ကိုင်ဖက် မိန်းကလေးအပေါင်းအဖော်များနှင့်အတူ စီမံစေလွှတ်ပေးခဲ့ကြသည်။ ထို့ကြောင့် ကျေးလက်နေမိန်းမပျိုလေးများသည် လုံခြုံမှုရှိခဲ့ကြသည်။ ထိုစဉ်က မိဘများအား စည်းကမ်းအလွန်တင်းကျပ်သည်ဟု ထင်ကာ လူငယ်သဘာဝ အတွေးတိမ်ခဲ့ဖူးပါသည်။

သို့သော်မျက်မှောက်ခေတ်ကြီးတွင် အဘက်ဘက်မှ တိုးတက်လာမှုများနှင့်အတူ ဆန်းကြယ်သည့် ဒုစရိုက်အမှုများလည်း ထူပြောလာခဲ့သည်။ လူငယ်များသည် မူးယစ်ဆေးဝါးကို လွယ်ကူစွာ ဝယ်ယူရရှိမိုဝဲလာကြသည်။ အကျိုးဆက်အနေဖြင့် အမှား၊ အမှန်ဆင်ခြင်နိုင်စွမ်းအားနည်းလာပြီး ကာမပိုင်ယောကျ်ားကိုပင်သတ်၍ အဓမ္မပြုကျင့်ခြင်း၊ အသက်အရွယ်မပြည့်သေးသည့် မိန်းကလေးများကို အဓမ္မပြုကျင့်ခြင်း၊ လူလူချင်းလူမြင်ကွင်း၌ သွေးအေးအေးဖြင့် ခုတ်ထစ်သတ်ဖြတ်ခြင်း၊ အုပ်စုဖွဲ့အနိုင်ကျင့်ခြင်းစသည့် မကောင်းမှုဒုစရိုက်မျိုးစုံကို မြိန်ရေရှက်ရေကျူးလွန်လာကြသည်။ လွန်စွာတုန်လှုပ်ဖွယ်ကောင်းသည့်လုပ်ရပ်များပင်ဖြစ်သည်။ တိရစ္ဆာန်လောကကဲ့သို့ အားကြီးသူနိုင်စတမ်း ပြုမူလာကြသည်။ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းထိန်းသိမ်းသွားရန် အချိန်တန်နေပြီဖြစ်သည်။

ဒုစရိုက်မှုကို အားပေးစေသော အခြေခံအကြောင်းတရားသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အထူးသဖြင့် အရက်သေစာသောက်စားမူးယစ်ခြင်းတို့ကြောင့် ဖြစ်သည်။ ယနေ့ခေတ်တွင် နေရာတိုင်း၌ အရက်ကို အလွယ်တကူဝယ်ယူသောက်သုံးနိုင်နေပြီဖြစ်သည်။ ရပ်ကွက်၊ ကျေးရွာတိုင်းတွင် ဈေးပေါပေါဖြင့် အလွယ်တကူဝယ်ယူနိုင်သော အရက်ဆိုင်များ မှိုလိုပေါက်နေသည်။ ရောင်းချခွင့်လိုင်စင်ရှိ၊ မရှိကိုမူ တိကျစွာ မသိရှိရချေ။ နိုင်ငံတော်အခွန်ရရှိစေနိုင်သည့် ရောင်းချခွင့်လိုင်စင်ကိုလည်း စိစစ်၍ ချပေးသင့်သည်။ လူငယ်များလမ်းမှားကို ရောက်စေနိုင်သော နေရာများသည် အရက်ပုန်းဆိုင်များ၊ ကေတီဗွီများ၊ အနှိပ်ခန်းများနှင့် နိုက်ကလပ်များပင်ဖြစ်သည်။ ပွင့်လင်းမြင်သာမှုသည် ကောင်းမွန်သော်လည်း စည်းလွတ်၊ ဘောင်လွတ်ရောင်းချ၊ ဝယ်ယူ၊ ပျော်ပါးနေမှုများကိုမူ ဥပဒေနှင့်အညီ ထိန်းသိမ်းထားသင့်ပေသည်။

အရက်သောက်ထားသောလူတစ်ဦးသည် သွေးဆူနေသဖြင့် အမှား၊ အမှန်ကို ဆင်ခြင်သုံးသပ်နိုင်စွမ်းအားနည်းလာပြီး ပြစ်မှုကျူးလွန်ရန်၊ သူများ၏သား၊ မယားကို ပစ်မှားရန်နှင့် အခြားသောရာဇဝတ်မှုများကို ကျူးလွန်ရန် ရာခိုင်နှုန်းများလျက် ရှိသည်။ မြတ်စွာဘုရားဟောကြားထားသော နေ့စဉ်စောင့်ထိန်းရမည့် ငါးပါးသီလတွင်လည်း သုရာမေရယကံကို ထည့်သွင်းဟောကြားထားရှိသည်။ သုရာမေရယကံကို ချိုးဖောက်ထားသူတစ်ဦးသည် စဉ်းစားဆင်ခြင်နိုင်စွမ်း အားနည်းလာသဖြင့် အခြားကံများကို ကျူးလွန်ရန်ဝန်မလေးတော့ချေ။ ထို့ကြောင့် မျက်မှောက်နှင့်သံသရာနှစ်မျိုးစလုံးကို ကောင်းကျိုးမပေးနိုင်သည့် ထိုအရက်ကို ကျွန်ုပ်တို့အားလုံး ရှောင်ရှားသွားရန် လိုအပ်ပါသည်။

မိသားစုတစ်စုတွင် ဖခင်ဖြစ်သူသည် အရက်သမားဖြစ်နေပါက ထိုမိသားစုတိုးတက်ရန် လမ်းစပျောက်နေပြီဖြစ်သည်။ သား၊ သမီးများသည် မိဘများ၏ လုပ်ဆောင်ချက်ကိုကြည့်ပြီး အတုခိုးလေ့ရှိကြသည်။ အရက်သမားတစ်ဦးသည် သား၊ သမီးများကို တော်တည့်မှန်ကန်စွာဦးဆောင်နိုင်စွမ်းရှိမည်မဟုတ်ချေ။ ထိုမိသားစုသည် နေ့စဉ်အရက်ဖိုးအပြင် အမြည်းဖိုးပါကုန်ကျနေသဖြင့် စီးပွားရေးလည်းကျပ်တည်းလာမည်မှာ အမှန်ပင်ဖြစ်သည်။ အရက်၏ နောက်ဆက်တွဲဆိုးကျိုးကြောင့် ထိုသူသည် ကျန်းမာရေးထိခိုက်လာပြီး အရွယ်မတိုင်မီ လောကကြီးမှ စောစီးစွာ ထွက်ခွာသွားရမည်သာဖြစ်သည်။ ထို့ကြောင့် ကျန်ရစ်သူ မိသားစုဝင်များသည်လည်း အရှုံးမီးပိုင်းပမာ ဖြစ်ကြရသည်။ ထိုသို့ ကောင်းကျိုးတစ်စုံတစ်ရာမျှမရှိသော အရက်ကို တတ်နိုင်သမျှလျှော့ချသောက်သုံးပြီးနောက် လုံးဝမသောက်ဘဲ ရှောင်ရှားသွားသင့်ပါသည်။

မြတ်စွာဘုရားဟောကြားခဲ့သည့် ဝရုဏဇာတ်တွင် သိကြားမင်းက လူငယ်အသွင်ဖြင့် အရက်ရောင်းချစဉ် အရက်၏ဂုဏ်ပုဒ်များကို အောက်ပါအတိုင်း ပြောကြားခဲ့သည်ကို မှတ်သားဖူးပါသည် -

(၁) ဤအရက်ကိုသောက်လျှင် ခြေလှမ်းတိုင်း ဒယိမ်းဒယိုင် ယိမ်းထိုး၍ ချောက်ကမ်းပါးသို့ ကျနိုင်၏။
(၂) ရွှံ့ပုပ်ရေအိုင်အတွင်းသို့ လဲကျသွားနိုင်၏။
(၃) လဲရာက ထလာသောအခါ ဦးခေါင်း၊ ခြေလက်များ ယမ်းခါလျက် သွားလာလှုပ်ရှား၏။
(၄) အဝတ်မပါ ဗလာကိုယ်တည်း အရှက်ကင်းမဲ့စွာ သွားလာတတ်၏။
(၅) တွေဝေသောစိတ်ရှိသည်ဖြစ်၍ အတိုင်းထက်အလွန်အိပ်၏။
(၆) စိတ်ကိုအစိုးမရ။ "ငါကားအလွန်မြတ်၏၊ ငါနှင့် တူသူ မရှိ"ဟူ၍ ထင်မှတ်တတ်၏။
(၇) အမျိုးအနွယ်ကိုလည်း ဖျက်ဆီးတတ်၏။
(၈) သူတစ်ပါးသတ်၍ သေခြင်းသို့ရောက်တတ်၏။
(၉) မပြောသင့်သောစကားကို ပြောဆိုမိတတ်၏။
(၁၀) စည်းစိမ်ဥစ္စာ ရတနာရွှေငွေ၊ ဆန်ရေစပါး၊ လယ်ယာ၊ ကျွဲနွား၊ ဆင်မြင်းတို့ကို ပျောက်ပျက်ကုန်ဆုံးစေနိုင်၏။
(၁၁) အမိအဖတို့ကို ဆဲရေးမိတတ်၏။
(၁၂) မပြစ်မှားသင့်သော ယောက္ခမ၊ မိန်းမသူ၊ ချွေးမတို့ကို မိမိမယားထင်မှတ်၍ ကျူးလွန်မိ၊ မှားယွင်းမိတတ်၏။
(၁၃) မိန်းမတို့သည် ဤသေရည်ကို သောက်မိကြားအံ့၊ အမိအဖ၊ ယောက္ခမ၊ လင်တို့ကို ဆဲရေးတတ်ကုန်၏။
(၁၄) ကျွန်အလုပ်သမားတို့ကို ကိလေသာဖြင့် မှားယွင်းကိုင်ငင်မိကုန်၏။
(၁၅) တရားဟောသူတို့ကို သတ်ပုတ်ညှဉ်းဆဲမိတတ်၏။
(၁၆) မှန်သောစကားကို မဆိုတတ်။
(၁၇) သူတစ်ပါးပြောသောစကား၏ အနက်အဓိပ္ပာယ်ကိုမျှ မသိတတ်။
(၁၈) အနာရောဂါထူပြော၏။
(၁၉) သတိချို့ယွင်း မှတ်ဉာဏ်နည်းပါးတတ်၏။
(၂၀) ဤဘဝတွင် အရူးတစ်ပိုင်းဖြစ်၍ သေဆုံးသောအခါ ဘဝဆက်တိုင်း မွေးရာပါ ဝမ်းတွင်းရူးဦးနှောက်မပြည့်သူ ဖြစ်ရတတ်၏။
(၂၁) အဆိပ်ပြင်းသော ဤသေရည် (အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါး)ကို ဝယ်ယူသုံးဆောင်ကြကုန်လော့ဟူ၍ သတိပေးခဲ့သည်ကို ယနေ့လူငယ်များ ဆင်ခြင်နိုင်ရန်အတွက် မျှဝေတင်ပြပေးခြင်းဖြစ်ပါသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် အနောက်တိုင်းဆန်သော လူတချို့သည် အရက်မသောက်တတ်သည်ကိုပင် ခေတ်နောက်ကျသည်ဟု လွဲမှားစွာယူဆနေကြသည်။ မသောက်မစား လူ့နွား၊ သောက်သောက်စားစား လူ့မင်းသားဟုပင် တလွဲအနက်အဓိပ္ပာယ်ဖွင့် ဂုဏ်တင်ပေးနေကြသည်။ ထိုသူများသည် အသိခေါက်ခက် အဝင်နက်ကြသူများဖြစ်သည်။ ထိုသူများအတွက် များစွာစိတ်မကောင်းဖြစ်ရပါသည်။ မည်သို့ပင်ဆိုစေကာမူ မြန်မာ့ယဉ်ကျေးမှုတွင် အရက်သည် မြတ်စွာဘုရားဟောကြားတားမြစ်ထားသည့် မူးယစ်ဆေးဝါးဖြစ်နေသည့်အပြင် လက်တွေ့ဆိုးကျိုးကိုသာ ပေးနေသဖြင့် လူကြီး၊ လူငယ်၊ လူလတ်အားလုံး ရှောင်ရှားသွားသင့်ပါသည်။

ခြုံ၍တင်ပြရလျှင် လူသားတို့သည် မူးယစ်ဆေးဝါးအပါအဝင် ဘီယာ၊ အရက်တို့ကို သောက်သုံးမှိုဝဲပြီးပါက တွေဝေထိုင်းမှိုင်းပြီး တစ်စတစ်စတွေးခေါ်နိုင်စွမ်းချို့ယွင်းလာကြသည်။ အကျိုးဆက်အနေဖြင့် မကောင်းမှုဒုစရိုက်ကျူးလွန်ရန် သွေးဆူလာကြသည်။ ထို့အပြင် ကျန်းမာရေးထိခိုက်လာသောကြောင့် လူမှုစီးပွားဘဝကိုပါ ထိခိုက်လာသည်။ အရက်ကို စွဲမြဲစွာသောက်သုံးတတ်သူတစ်ဦးသည် အဆုံးတစ်နေ့တွင် လူ့လောကကြီးမှ စောစီးစွာထွက်ခွာသွားကြရသည်။ သူချစ်သော မိသားစုနှင့် အသိုက်အဝန်းကို အချိန်မတိုင်မီ ခွဲခွာထားခဲ့ရသည်။ ထို့ကြောင့် လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ဘက်ပေါင်းစုံကို ဆိုးကျိုးသာပေးနေသည့် ထိုအရက်ကို ကျွန်ုပ်တို့အားလုံးရှောင်ကြဉ်နိုင်အောင် ကြိုးပမ်းသွားကြပါစို့ဟု အကြံပြုတိုက်တွန်းရေးသား တင်ပြအပ်ပါသည်။ ။

**လူသားတို့သည် မူးယစ်ဆေးဝါးအပါအဝင် ဘီယာ၊ အရက်တို့ကို သောက်သုံးမှိုဝဲပြီးပါက တွေဝေထိုင်းမှိုင်းပြီး တစ်စတစ်စတွေးခေါ်နိုင်စွမ်းချို့ယွင်းလာကြသည်။ အကျိုးဆက်အနေဖြင့် မကောင်းမှု ဒုစရိုက်ကျူးလွန်ရန် သွေးဆူလာကြသည်။ ထို့အပြင် ကျန်းမာရေးထိခိုက်လာသောကြောင့် လူမှုစီးပွားဘဝကိုပါ ထိခိုက်လာသည်။ အရက်ကို စွဲမြဲစွာသောက်သုံးတတ်သူတစ်ဦးသည် အဆုံးတစ်နေ့တွင် လူ့လောကကြီးမှ စောစီးစွာထွက်ခွာသွားကြရသည်။**

# သတင်းကြေညာချက်

၁။ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရတနာ-ရန်ကုန် ၂၄ လက်မ ပြည်တွင်းသုံး ရေအောက်သဘာဝဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ကာ သဘာဝဓာတ်ငွေ့များကို နေ့စဉ်ဖြန့်ဖြူးလျက်ရှိရာ အဆိုပါ ၂၄ လက်မ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာ ကမ်းခြေအနီးတစ်ဝိုက်ရှိ TP 8 မှ Lanfall အထိ ပိုက်လိုင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပြည်တွင်းတိုင်းတာရေး ရေယာဉ်များဖြစ်သော နိုင်အောင်ကျော်(၁)နှင့် နိုင်အောင်ကျော် (၂)ရေယာဉ်တို့ဖြင့် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၅ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ၂၄ လက်မ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်း တိုင်းတာစစ်ဆေးဆောင်ရွက်မည့် ပိုက်လိုင်းလမ်းကြောင်း တည်နေရာများမှာ (Start Point) TP 8 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၂၆ မိနစ် ၃၆ ဒသမ ၉၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၁ မိနစ် ၃၆ ဒသမ ၂၂ စက္ကန့်၊ TP 9 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ် ၂၈ ဒသမ ၀၇ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၅ မိနစ် ၅၈ ဒသမ ၂၇ စက္ကန့်၊ TP 10 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၁ မိနစ် ၃၁ ဒသမ ၈၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၁ ဒသမ ၈၆ စက္ကန့်၊ TP 11 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၈ မိနစ် ၂၀ ဒသမ ၀၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ် ၅၉ ဒသမ ၃၄ စက္ကန့်၊ TP 12 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၉ မိနစ် ၃၁ ဒသမ ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၃ မိနစ် ၂၂ ဒသမ ၃၇ စက္ကန့်၊ TP 13 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၆ မိနစ် ၄၃ ဒသမ ၃၆ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၂ မိနစ် ၃ ဒသမ ၀၆ စက္ကန့်၊ TP 14 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၇ မိနစ် ၁၄ ဒသမ ၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄၁ မိနစ် ၅၀ ဒသမ ၃၅ စက္ကန့်၊ TP 15 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၂၇ ဒသမ ၁၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၅၆ ဒသမ ၇၇ စက္ကန့်၊ TP 16 မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၁ မိနစ် ၃၃ ဒသမ ၂၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၈ မိနစ် ၅၂ ဒသမ ၁၆ စက္ကန့်နှင့် Lanfall မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၃ မိနစ် ၅၄ ဒသမ ၇၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၃၆ မိနစ် ၅၄ ဒသမ ၁၁ စက္ကန့်ထိ ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄ လက်မ ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ပိုက်လိုင်းအား ဖျာပုံမြို့နယ် ဒေါ်ငြိမ်းကျေးရွာ ကမ်းခြေအနီးတစ်ဝိုက်ရှိ TP 8 မှ Lanfall အထိ ပိုက်လိုင်းစစ်ဆေးခြင်းလုပ်ငန်းများကို ပြည်တွင်းတိုင်းတာရေးရေယာဉ်များဖြစ်သော နိုင်အောင်ကျော်(၁)နှင့် နိုင်အောင်ကျော်(၂) တို့ဖြင့် ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ ပိုက်လိုင်းလမ်းကြောင်း တစ်လျှောက် ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မပြုလုပ်ကြရန် အသိပေးကြေညာအပ်ပါသည်။

**ငါးလုပ်ငန်းဦးစီးဌာန**

# နိဗ္ဗာန်ကိုရည်မှန်းကြာပန်းတစ်မျိုးတည်းသာ လှူဒါန်းပူဇော်သည့် ရှင်မာလဲဘုရားပွဲတော်

မင်းထက်အောင်(မန်းကိုယ်ပွား)



မန္တလေးမြို့ မဟာမုနိဘုရားကြီး ဒုတိယမဟာရံတံတိုင်းမြောက်ဘက်တွင် တည်ထားကိုးကွယ်ထားသည့် ရှင်မာလဲစေတီ၏ (၂၆) ကြိမ်မြောက်ဘုရားပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့တွင် ယနာန္တိဆွမ်းနှင့် ကြာပန်းတစ်မျိုးတည်းဖြင့်သာလှူဒါန်းကြသည့်ပွဲတော်အဖြစ် ထူးခြားစွာကျင်းပလေ့ရှိပါသည်။

ရှင်မာလဲစေတီသည် မဟာမုနိဘုရားကြီးပင့်ဆောင်မလာမီကတည်းက တည်ရှိသောအောင်ပင်လယ်မင်းရှင်စောလက်ထက်က တည်ထားကိုးကွယ်ခဲ့ပြီး စေတီတော်၏ ဗိသုကာဒီဇိုင်းမှာ သာမန်လုံးတော်ပြည့်စေတီတော်ပုံစံမဟုတ်ဘဲ နတ်လမ်းများ၊ မုခ်ဦးများနှင့် အဆင့်ဆင့်တည်ဆောက်ထားသော မြင့်မိုရ်တောင်ကိုရည်မှန်း၍တည်ထားသည့် အမရပူရခေတ်စေတီတော်ဖြစ်သည့်အပြင် မြန်မာ့ရိုးရာကျင်းပလေ့ရှိသည့် ဘုရားပွဲတော်များအနက် ထူးခြားသောပွဲတော်ဖြစ်သည်။ ရှင်မာလဲဘုရားပွဲတော်ကို နှစ်စဉ်မဟာမုနိဘုရားကြီးအား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းသည့်ပွဲတော်၊ အာနန္ဒာဘုရားပွဲတော်နှင့်ဦးပွားဘုရားပွဲတော်တို့နှင့် တစ်ရက်တည်းဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိပါသည်။ ရှင်မာလဲဘုရားပွဲဖြစ်ပေါ်လာပုံမှာ သီရိလင်္ကာကျွန်း မလယတောင်တန်းအရပ်တွင်သီတင်းသုံးနေတော်မူသော အရှင်မာလယဝါသီ မဟာဒေဝထေရ်ကိုအကြောင်းပြု၍ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ထိုမထေရ်မြတ်ကို မြန်မာတို့က ရှင်မာလဲဟု ခေါ်ဆိုကြ၍ ရှင်မာလဲဟူသောဘွဲ့အမည်မှာ အရှင်မြတ်သီတင်းသုံးရာ မလယအရပ်ကို အစွဲပြုကာခေါ်ဆိုခြင်းဖြစ်သည်။ ရှင်မာလဲမထေရ်သည် ကမ္ဘောဇပြည်ရွာတစ်ရွာသို့ ကြွတော်မူရာ သူဆင်းရဲရွာသားတစ်ဦးနှင့်တွေ့ဆုံ၍ ထိုသူဆင်းရဲသားလှူဒါန်းလိုက်သည့် ကြာညိုပန်းရှစ်ပွင့်ကို တာဝတိံသာရှိ သိကြားမင်းတည်ထားသော စူဠာမဏိစေတီကိုကပ်လှူရန်ကြွတော်မူရာ အရိမေတ္တယျအလောင်းနတ်သားနှင့်ဆုံမိသည်။

ထိုအခါ အလောင်းတော်က တန်ဆောင်မုန်း လပြည့်နေ့ရောက်သည့်အခါတိုင်း ဝေဿန္တရာဇာတ်တော်ကို လူအပေါင်းတို့အားဟောကြားပေးပါရန် လျှောက်ထားချက်အရ တန်ဆောင်မုန်းလပြည့်နေ့ ရောက်တိုင်း ဝေဿန္တရာဇာတ်တော်ကို ဟောကြားလေသည်။ ထို့ကြောင့် ရှင်မာလဲပွဲတော်အခါ၌ ဟောကြားပေးသော ဂါထာတစ်ထောင်ဖြင့် တန်ဆာဆင်အပ်သော ဝေဿန္တရာဇာတ်တော်ကိုကြည်ညိုသောအားဖြင့် နိဗ္ဗာန်ပြည်သို့ သွားမည့်ပုံ လှေကားတော်ကြီးကိုပြုလုပ်၍ ထိုလှေကားအထစ်တွင် အသီးတစ်ထောင်၊ အပွင့်တစ်ထောင်၊ ထမင်းဆုပ်တစ်ထောင်၊ ဆီမီးတစ်ထောင်စသည်တို့ကို လှူဒါန်းပူဇော်ကြပါသည်။

ထိုပွဲတော်မှာ ရှင်မာလဲမထေရ်၏ ဩဝါဒဖြင့်လှူဒါန်းကြခြင်းဖြစ်၍မိမိတို့စေတနာဖြင့် နိဗ္ဗာန်ကိုရည်သန်ပြီးလျှင် မဂ္ဂင်ဖောင်ဖြင့် ကူးတော့မည့်အဓိဋ္ဌာန်အလျောက် မဂ္ဂင်ဖောင်ပျံသည့်သရုပ်ကို လှေကားဖြင့် တင်စား၍ လှေကားပေါ်တွင် အလှူဝတ္ထုများတင်ပြီး ပူဇော်သည့်အတွက် ရှင်မာလဲဘုရားပွဲတော်ကို လှေကားပွဲတော်၊ ထောင်ပြည့်ပွဲတော်ဟူ၍လည်းကောင်းခေါ်ဆိုကြပါသည်။ ဤသည်မှာလည်း ရှင်မာလဲပွဲတော်၏ ထူးခြားခြင်းပင်ဖြစ်သည်။ မဟာမုနိဘုရားကြီးအတွင်း၌ ရှင်မာလဲစေတီနှစ်ဆူရှိပါသည်။ မူလရှင်မာလဲစေတီသည်မဟာမုနိဘုရားကြီးမြောက်ဘက် မဟာရံတံတိုင်းအပြင်ဘက် မြောက်ဘက်မုခ်ဦးအနောက်ဘက်တွင် တည်ရှိသည်။ ယခုရှင်မာလဲစေတီသည် မဟာမုနိဘုရားကြီးဒုတိယမဟာရံတံတိုင်း မြောက်ဘက်တွင်တည်ရှိသည်။ရှင်မာလဲပွဲတော်၏ ယနာန္တိဆွမ်းကပ်လှူရန်အတွက် မန္တလေးဒေသပတ်ဝန်းကျင်နှင့်ပုသိမ်ကြီးမြို့နယ်ရှိ ဆွမ်းလောင်းအသင်းများ၊ ပလိပ်မြို့မှကြာပန်းရောင်းချသူများသည် ပွဲတော်ရက်မတိုင်မီ လာရောက်ကြသည်။

ရှေးအခါကနွားလှည်းများဖြင့် တပျော်တပါးလာရောက်ကြပြီး ယခုအခါဆိုင်ကယ်၊ ကားတို့ဖြင့်လာရောက်ကြသည်။ တန်ဆောင်မုန်းလဆန်း၁၄ရက်ညတွင် ကြာပန်းများဖြင့် ပူဇော်ပြီး နံနက်အရုဏ်တက်တွင်ယနာန္တိဆွမ်းဖြင့်ဆွမ်းလောင်းလှူကြသည်။

ရှင်မာလဲပွဲတော် လာရောက်ကြသူအပေါင်းတို့သည် စေတီကိုကြာဖြူ၊ ကြာနီ၊ ကြာညို၊ ပဒုမ္မာကြာစသည့် ကြာပန်းအမျိုးမျိုးဖြင့်ပူဇော်ကြသည်။ အချို့လူငယ်တို့သည် ဘုရားအောက်ခြေတွင် ကြာပန်းပုံကြီးမားစွာဖြစ်ပေါ်နေသဖြင့် ဘုရား၏ အပေါ်ပစ္စယံများပေါ်သို့ လက်ဖြင့်ပစ်ပေါက်ကပ်လှူခြင်း၊ တစ်ဦးနှင့်တစ်ဦး ကြာပန်းများဖြင့်ပစ်ခြင်း၊ ကြာရိုးများဖြင့်ရိုက်ခြင်းများ ပြုလုပ်လာကြသဖြင့် ပွဲတော်လာဘုရားဖူးများအတွက် စိတ် အနှောင့်အယှက်ဖြစ်ပေါ်ခဲ့သဖြင့် ယခုအခါသံဃာတော်များနှင့် နိဗ္ဗာန်ဆော်အဖွဲ့ကကြီးကြပ်ကွပ်ကဲ၍ စည်းကမ်းကျနစွာဖြင့် ကပ်လှူနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်။ ဤပွဲတော်သည် ယုံကြည်ကိုးကွယ်မှုနှင့်ဆိုင်သောပွဲတော်ဖြစ်သည့်အတွက် သာသနာတော်တည်တံ့နေသရွေ့ ဆက်လက်ရှင်သန်နေမည်သာဖြစ်ပါသည်။

## ဆင်းသွယ်လတ်စပါးစိုက်ခင်း ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်း

**အောင်လံ နိုဝင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် မိုးကောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၁၉C) ဦးပိုင်အမှတ်(၂၃)တောင်သူဦးဝင်းနိုင်၏ ဆင်းသွယ်လတ်စပါးစိုက်ခင်းတွင် နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းက ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းခဲ့ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်က စက်မှုလယ်ယာအသွင်ကူးပြောင်းရေး အဆင့်ဆင့်ကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးနေအောင်က ကောက်ရိတ်စက်၏ စွမ်းဆောင်နိုင်မှုအခြေအနေများကိုလည်းကောင်း ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်က ကောက်ရိတ်စက်ဖြင့် ရိတ်သိမ်းရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြသည် ။

အဆိုပါကောက်ရိတ်စက်ဖြင့် ကောက်ရိတ်သိမ်းမှုကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ခင်ထွန်း ၊ စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်နှင့် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်အားပေးကြပြီး စံကွက်ရိတ်သိမ်းရာတွင် တစ်ဧကလျှင် ၉၈ ဒသမ၃၂ တင်း ထွက်ရှိကြောင်း သိရသည် ။

**သိန်းလွင်(ပြန်/ဆက်)**





## သနပ်ပင်မြို့နယ်တွင် မိုးစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်း

**သနပ်ပင် နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၏ဦးဆောင်မှုဖြင့် သနပ်ပင်မြို့နယ်ခရမ်းကျေးရွာရှိ ကွင်းအမှတ် ၈၅၉(ခ) တောင်သူ ဦးတာတီး၏ မိုးကောင်းသောက် မိုးစပါးဆင်းသုခမျိုး ၆ ဒသမ ၆ ပေပတ်လည် သုံးကွက်အား နိုဝင်ဘာ ၂၃ ရက်နံနက်ပိုင်းက စံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် ၁၁၈ ဒသမ ၄၆ တင်းထွက်ရှိကြောင်းသိရသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ကျေးရွာအကွက်တာဝန်ခံ မြေတိုင်းဝန်ထမ်း၊ ခရမ်းကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများလာရောက်ကြည့်ရှုလေ့လာခဲ့သည်။

**လှမိုး(IPRD)**

## ပေါ်ဦးပေါ်ဖျားစပါးနှင့် ဆန်များ ဈေးကောင်းရလျက်ရှိ

**ဖြူး နိုဝင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၅၈ အုပ်စုနှင့် မြို့နယ်ရပ်ကွက်အချို့မှ ၂၀၁၅ ခုနှစ် မိုးစပါးကို လျာထားချက်အတိုင်း ၁၅၁၈၂၉ ဧက စိုက်ပျိုးခဲ့ရာ ဇူလိုင်လ၊ ဩဂုတ်လများက မိုးရွာသွန်းမှုများပြားခဲ့သဖြင့် စစ်တောင်းမြစ်အနီးမှ စပါးစိုက်ဧက အချို့ပျက်စီးခဲ့ရပြီး မြစ်ရေများကျဆင်းချိန်တွင် ပျက်စီးသွားသောလယ်မြေအချို့မှာ ပြန်လည်စိုက်ပျိုးအောင်မြင်ခဲ့ကြောင်း သိရသည်။

သို့သော် စိုက်ဧကအများအပြားမှာ မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းမှုကောင်းခဲ့သဖြင့် စပါးအထွက်နှုန်းများ အထူးကောင်းမွန်ထွက်ရှိကြောင်းသိရပြီး ရိတ်သိမ်းပြီးစပါးများမှာ ဗျော့ထွန်းစပါးနှင့် ဆင်းသုခ စပါးတင်း ၁၀၀ လျှင် ကျပ် ၅၂၅၀၀၀၊ ဗီယက်နမ်စပါးမျိုးတင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ ဖြင့်ရောင်းချနေကြရပြီး ကြိတ်ခွဲပြီး ဗျော့ထွန်းနှင့် ဆင်းသုခဆန်တစ်တင်းခွဲဝင်တစ်အိတ် နှစ်သောင်း၊ ဗီယက်နမ်မျိုးဆန် တစ်တင်းခွဲတစ်အိတ် ၁၉၀၀၀ ကျပ်နှင့် ယခုရက်ပိုင်းတွင် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

## အရန်သားဖွားသင်တန်းဆင်း

**ရေး နိုဝင်ဘာ ၂၅**

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားသင်တန်းဆင်းပွဲကို နိုဝင်ဘာ ၂၄ ရက်နံနက် ၁၀နာရီက မြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်ကအမှာစကားပြောကြားပြီး မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာမေစန်းချိုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်းမှရုံးအဖွဲ့မှူး ဒေါ်ခင်သန်းအေးက ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန်အတွက် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းသူတစ်ဦးက ကျေးလက်ဒေသများ၏ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကိုယ်ဝန်ဆောင်မိခင်များအတွက်အန္တရာယ်ကင်းသောမွေးဖွားခြင်း၊ မွေးဖွားပြီးစောင့်ရှောက်ခြင်း လုပ်ငန်းများတွင် ထောက်ကူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်နှင့်အရန်သားဖွား kit ပုံးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

❐❐

# အခွန်ကျရောက်ခြင်းနှင့် အခွန်ပေးဆောင်ခြင်း

သန်းဇော်

အစိုးရသည် နိုင်ငံတော်၏ အဓိကမဏ္ဍိုင်သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး ကိစ္စရပ်များ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုရရှိရန် အသုံးစရိတ်များကို ကျခံသုံးစွဲရပါသည်။

ဥပဒေပြုရေးအတွက် အသုံးစရိတ်များ (လွှတ်တော်အသီးသီးအတွက် အသုံးစရိတ်များ)၊ နိုင်ငံတော်ကာကွယ်ရေးအတွက် အသုံးစရိတ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် အသုံးစရိတ်များ (တရားဥပဒေပြဋ္ဌာန်းခြင်း၊ တရားရုံးများ ဖွဲ့စည်းတည်ထောင်ခြင်း၊ အုပ်ချုပ်ရေးရုံးများ ဖွင့်လှစ်ခြင်း၊ ရဲတပ်ဖွဲ့များ ဖွဲ့စည်းခြင်း၊ မီးသတ်တပ်ဖွဲ့များဖွဲ့စည်းခြင်း၊ လူဝင်မှုရုံးများဖွင့်လှစ်ခြင်း)၊ လူမှုရေးလုပ်ငန်းများအတွက် အသုံးစရိတ်များ (ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး၊ ဘိုးဘွားရိပ်သာများ၊ မိဘမဲ့ကလေးများဂေဟာများ တည်ဆောက်ခြင်း) မရှိမဖြစ်သော ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးစရိတ်များ (စည်ပင်သာယာရေးလုပ်ငန်းများ၊ ရေ၊ လျှပ်စစ်မီး၊ လမ်း၊ တံတား၊ သန့်ရှင်းရေး၊ ပို့ဆောင်ရေးလုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများ)၊ စီးပွားရေးတိုးတက်မှုအတွက် အသုံးစရိတ်များ(Expenditure) အားလုံးကို အစိုးရမှကျခံသုံးစွဲရသည်။

အစိုးရအနေဖြင့် တိုင်းပြည်အတွက် မရှိမဖြစ်လိုအပ်သောလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် တစ်နိုင်ငံလုံးအတွက် အုပ်ချုပ်ရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ရန် စသည်တို့အတွက် ရငွေရရှိရန် (Revenue) လိုအပ်သည်။ ထို့ကြောင့် အစိုးရသည် အသုံးစရိတ်များအတွက် လိုအပ်သော ငွေကြေးရရှိရန် ဥပဒေများပြဋ္ဌာန်း၍ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများထံမှ အခွန်ကောက်ခံရခြင်းဖြစ်ပါသည်။ နိုင်ငံတော်က အခွန်ကောက်ခံခြင်းသည် ဘဏ္ဍာရန်ပုံငွေရရှိရုံသက်သက်မဟုတ်ပါ။ ငွေကြေးစီးဆင်းမှု၊ ငွေကြေးလှည့်ပတ်မှု မှန်ကန်စေရေး၊ ငွေကြေးဖောင်းပွမှု လျော့နည်းစေရေး၊ ဝင်ငွေကွာဟမှု လျော့နည်းစေရေး၊ နိုင်ငံတော်က အကောင်အထည်ဖော်ဆောင်ရွက်နေသော စီးပွားရေးစနစ်ကို အထောက်အကူပြုရေး ရည်ရွယ်ချက်များလည်း ပါဝင်သည်။

အခွန်များမှာ ဥပဒေနှင့်အညီ အစိုးရသို့မပေးမနေရ ပေးဆောင်ရသော ငွေကြေးဖြစ်သည်။ အခွန်များသည် အစိုးရအတွက် သာမန်ရငွေရရှိရာ အရေးကြီးဆုံးဇာစ်မြစ်ဖြစ်သောကြောင့် နိုင်ငံသားတိုင်းဥပဒေနှင့်အညီ အစိုးရသို့ အခွန်ပေးဆောင်ရန် တာဝန်ရှိပါသည်။

အစိုးရ၏ အခွန်ကောက်ခံမှုကို တိုက်ရိုက်ခွန်များ(Direct Taxes) နှင့် သွယ်ဝိုက်ခွန်များ(Indirect Taxes) ဟူ၍ ခွဲခြားနိုင်သည်။ တိုက်ရိုက်ခွန်များမှာ လူပုဂ္ဂိုလ်(သို့မဟုတ်) လုပ်ငန်းပေါ်တွင် ကောက်ခံသောအခွန်ဖြစ်ပြီး အခြားလူပုဂ္ဂိုလ်(သို့မဟုတ်) လုပ်ငန်းများသို့ လွှဲပြောင်း၍မရသောအခွန်များဖြစ်သည်။ အခွန်ပေးဆောင်သူနှင့် အခွန်ကျခံသူမှာ တစ်ဦးတည်း ဖြစ်သည်။ အဓိကအကျဆုံး တိုက်ရိုက်ခွန်အမျိုးအစားမှာ ဝင်ငွေခွန်(Income Tax) ဖြစ်သည်။

ဝင်ငွေခွန်(Income Tax)ဆိုသည်မှာ လူပုဂ္ဂိုလ်များနှင့် လုပ်ငန်းများ၏ ဝင်ငွေအပေါ်တွင် ကောက်ခံသောအခွန်ဖြစ်ပြီး အမြတ်ခွန်၊ ကော်ပိုရေးရှင်းခွန် (Corporation tax) ငှားခတို့အပေါ်တွင် ကောက်ခံသော အခွန်တို့ပါဝင်သည်။ အချို့တိုင်းပြည်များတွင် လက်ဆောင်ပစ္စည်းများ၊ အမွေပစ္စည်းများအဖြစ်ရရှိသောဝင်ငွေများ၊ အရင်းအနှီးအဖြစ်ထားရှိသောပစ္စည်းများ တန်ဖိုးတက်လာခြင်းမှရရှိသော ဝင်ငွေများအပေါ်တွင်လည်း ဝင်ငွေခွန်ကောက်ခံသည်။

အများအားဖြင့် တွေ့ရလေ့ရှိသော တိုက်ရိုက်ခွန်တစ်မျိုးမှာ ပစ္စည်းဥစ္စာခွန်ဖြစ်သည်။ ပစ္စည်းဥစ္စာခွန် (Property Tax) ဆိုသည်မှာ လူပုဂ္ဂိုလ်(သို့မဟုတ်)လုပ်ငန်းကပိုင်ဆိုင်သော ဥစ္စာပစ္စည်းများပေါ်တွင် ကောက်ခံသောအခွန်ဖြစ်သည်။ ဥပမာ- မြေယာ၊ အိမ်၊ စတော့နှင့်ရှယ်ယာများ၊ ယာဉ်များ စသည်တို့အပေါ်တွင်ကောက်ခံသော အခွန်များဖြစ်ပါသည်။

သွယ်ဝိုက်ခွန်ဆိုသည်မှာ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ်တွင် ကောက်ခံသောအခွန်ဖြစ်ပြီး အခွန်ကို ကုန်စည်ထုတ်လုပ်ရောင်းချသူများက ဝယ်ယူစားသုံးမှုများအပေါ်သို့ လွှဲပြောင်းပေးနိုင်သော အခွန်များဖြစ်သည်။ သွယ်ဝိုက်ခွန်၏သဘောမှာ အခွန်ပေးဆောင်ရသူမှာ လုပ်ငန်းရှင်ဖြစ်ပြီး အခွန်ကျခံရသူမှာ စားသုံးသူဖြစ်ပါသည်။ သွယ်ဝိုက်ခွန်များမှာ ကုန်စည်များထုတ်လုပ်မှု၊ ရောင်းဝယ်မှုနှင့် ပို့ဆောင်မှုတို့အပါအဝင်ကောက်ခံခြင်းဖြစ်ပြီး အဓိကသွယ်ဝိုက်ခွန် အမျိုးအစားများမှာ ရောင်းခွန်နှင့် လက်ပြောင်းခွန် (သို့မဟုတ်) ကုန်စည်ခွန်တို့ဖြစ်သည်။

ရောင်းခွန်(Sales Tax) ဆိုသည်မှာ ကုန်စည်ကို နောက်ဆုံးစားသုံးသူ (Final Consumer)သို့ ရောင်းချမှုပေါ်တွင် ကောက်ခံသောအခွန်ဖြစ်သည်။ လက်ပြောင်းခွန်(သို့မဟုတ်)ကုန်စည်ခွန်(Turnover Tax)ဆိုသည်မှာ ကုန်စည်တစ်မျိုးကို လက်ပြောင်းသည့်အကြိမ်တိုင်းတွင် ၎င်းတန်ဖိုးပေါ်၌ ကောက်ခံသောအခွန်ဖြစ်သည်။ မျက်မှောက်ခေတ်နိုင်ငံများတွင် အသုံးများလာသည့် လက်ပြောင်းခွန်တစ်မျိုးမှာ ထပ်ဆင့်တိုးတန်ဖိုးခွန်(Value Added Tax) ဖြစ်သည်။ ထပ်ဆင့်တိုးတန်ဖိုးခွန်ဆိုသည်မှာ ကုန်စည်တစ်မျိုး၏ ထုတ်လုပ်မှုဖြစ်စဉ်အဆင့်ဆင့်တွင် ထပ်ဆင့်တိုးလာသောတန်ဖိုးများပေါ်တွင် ကောက်ယူသည့် အခွန်ဖြစ်သည်။ တိုင်းပြည်၏ သွင်းကုန်နှင့် ပို့ကုန်များအပေါ်တွင် ကောက်ယူသောအခွန်များသည်လည်း သွယ်ဝိုက်ခွန်အမျိုးအစားတွင် ပါဝင်ပြီး ဤအခွန်များကို အကောက်ခွန်(Custom Duties)ဟူ၍ ခေါ်သည်။

ကုန်စည်ဈေးနှုန်းများ မြှင့်တင်ခြင်းဖြင့် သွယ်ဝိုက်ခွန်များကို ကုန်စည်ဝယ်ယူသုံးစွဲသူများသို့ ရွှေ့ပြောင်းနိုင်သည်။ ဥပမာအားဖြင့် ရုပ်မြင်သံကြားစက်များရောင်းချမှုအပေါ်တွင် ကောက်ခံသောအခွန်ကို တိုးမြှင့်လိုက်ပါကရောင်းချသူများသည် ရုပ်မြင်သံကြားစက်များ၏ ရောင်းဈေးနှုန်းကို မြှင့်တင်ခြင်းအားဖြင့် ရောင်းခွန်တိုး၍ ထမ်းဆောင်ရသည်ကိုကာမိအောင် ဆောင်ရွက်နိုင်သည်။ သို့ဖြစ်၍ ကုန်စည်တစ်ခုအပေါ် အခွန်စည်းကြပ်ခြင်းဖြင့် ကုန်စည်ရောင်းဈေးကို မြင့်တက်သွားစေသည်။ ဈေးနှုန်းမြင့်တက်သည့်အတိုင်းအတာမှာ ကုန်စည်အတွက် ဝယ်လိုအားနှင့် ရောင်းလိုအား အခြေအနေများအပေါ်မူတည်နေသည်။

ထုတ်လုပ်ရောင်းချသူနှင့် ဝယ်ယူစားသုံးသူ နှစ်ဦးလုံးက အခွန်ကိုပေးဆောင်ရမည် ဖြစ်သော်လည်း ကုန်စည်၏ ဝယ်လိုအားနှင့် ရောင်းလိုအားအလျော့အတင်းပေါ်မူတည်၍ ထုတ်လုပ်ရောင်းချသူနှင့် ဝယ်ယူစားသုံးသူတို့အပေါ် အခွန်ပမာဏကျရောက်မှု(အစိုးရသို့ ပေးဆောင်ရမည့် အခွန်ပမာဏ)ကွဲပြားခြားနားပါသည်။

ကုန်စည်တစ်ခုအတွက် ဝယ်လိုအားအလျော့အတင်းဆိုသည်မှာ ထိုကုန်စည်အတွက် ဝယ်လိုအားကို ပြဋ္ဌာန်းသောအချက်(ကုန်စည်၏ ဈေးနှုန်း၊ စားသုံးသူ၏ ဝင်ငွေ၊ စားသုံးသူ၏ ကြိုက်နှစ်သက်မှု၊ အခြားကုန်စည်များ၏ ဈေးနှုန်း) တစ်ခုခုပြောင်းလဲခြင်းကြောင့် ဝယ်လိုအားမည်မျှတုံ့ပြန်ပြောင်းလဲကြောင်းကို တိုင်းတာခြင်းဖြစ်သည်။ ရောင်းလိုအား၏ ဈေးနှုန်းအလျော့အတင်းဆိုသည်မှာ ကုန်စည်တစ်ခုအတွက် ရောင်းလိုအားကို ပြဋ္ဌာန်းသော အခြားအချက်များမပြောင်းလဲသည့်အခြေအနေတွင် ထိုကုန်စည်၏ ဈေးနှုန်းပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသောရောင်းချသည့် အရေအတွက်ပြောင်းလဲမှုအချိုးအစားဖြစ်သည်။

ရောင်းလိုအားအလျော့အတင်းက ဝယ်လိုအားအလျော့အတင်းထက်များပါက အခွန်များကို ဝယ်ယူသူများက ပိုမိုပေးဆောင်ရမည်ဖြစ်ပြီး ဝယ်လိုအားအလျော့အတင်းက ရောင်းလိုအားအလျော့အတင်းထက် များခဲ့လျှင် အခွန်ကို ထုတ်လုပ်သူများက ပိုမိုပေးဆောင်ရမည်ဖြစ်သည်။ ရောင်းလိုအားနှင့် ဝယ်လိုအားအလျော့အတင်း ဆတူဖြစ်ပါက (ယူနစ်အလျော့အတင်းဖြစ်ပါက) အခွန်ကို စားသုံးသူနှင့် ရောင်းချသူများက အညီအမျှကျခံရမည်ဖြစ်ပါသည်။

ဥပမာ-အစိုးရက စီးကရက်အပေါ် အခွန်ကောက်ခံမှု တိုးလိုက်ခြင်းကြောင့် ထုတ်လုပ်သူများက စီးကရက်ဈေးနှုန်းကို တိုးလာသည့်အခွန်ပမာဏအတိုင်း တိုးမြှင့်သတ်မှတ်ရောင်းချသော်လည်း စီးကရက်ဝယ်လိုအား မပြောင်းလဲပဲရှိနေပါက (သို့မဟုတ်) အနည်းငယ်သာပြောင်းလဲပါက တစ်နည်းအားဖြင့် ဝယ်လိုအားအလျော့အတင်းနည်းပါးက တိုးမြှင့်အခွန်အားလုံး(သို့မဟုတ်) အားလုံးနီးပါးကို စားသုံးသူက ပေးဆောင်ရမည်ဖြစ်ပါသည်။

ဝယ်လိုအား အလျော့အတင်းများသော ကုန်စည်များတွင် ဇိမ်ခံကုန်စည်များ (ဇိမ်ခံကားများ၊ Rolex နာရီ၊ ရေမွှေး၊ စိန်၊ ဈေးကြီးသော ချောကလက်များ စသည့်ကုန်စည်များ)၊ အစားထိုးကုန်စည်များ(လက်ဖက်ရည်သောက်မည်လား၊ ကော်ဖီသောက်မည်လား၊ စားအုံးဆီသုံးမည်လား၊ မြေပဲဆီသုံးမည်လား စသည်ဖြင့် အစားထိုးသုံးစွဲနိုင်သည့်ကုန်စည်များ)၊ အလျော့အတင်းများသော ကုန်စည်များနှင့် တွဲဖက်သုံးစွဲရသော ကုန်စည်များ၊ ကြာရှည်သုံးကုန်စည်များ(ရေခဲသေတ္တာ၊ လက်ကိုင်ဖုန်း၊ အဝတ်အစား၊ စက်ဘီး၊ ပန်ကာ စသည့် ကုန်စည်များ)၊ ဝင်ငွေ၏ အစိတ်အပိုင်း အများအပြားသုံးစွဲရသည့် ကုန်စည်များ (စက်ဘီး၊ နာရီ စသည့် ကုန်စည်များ)နှင့် ဈေးနှုန်းအဆင့်မြင့်မားသော ကုန်စည်များပါဝင်သည်။

အလျော့အတင်းနည်းသော ကုန်စည်များတွင် ကြွယ်ဝမှုကို ဖော်ပြသောကုန်စည်များ (လက်ဝတ်ရတနာ၊ ရှားပါးပစ္စည်းများ၊ နာမည်ကြီးပန်းချီဆရာများ၏ ပန်းချီကားများ)၊ အစားအစာ၊ ဆားနှင့် မီးခြစ်ကဲ့သို့သော အသက်ရှင်ရန်အတွက် မရှိမဖြစ်လိုအပ်သောကုန်စည်များ၊ အလျော့အတင်းနည်းသော ကုန်စည်များနှင့် တွဲဖက်သုံးစွဲရသော ကုန်စည်များ (ဥပမာ-လုပ်ငန်းသုံးကားသည် အလျော့အတင်းနည်းသော ကုန်စည်ဖြစ်၍ ၎င်းနှင့်တွဲသုံးရသော ဓာတ်ဆီ၏ဝယ်လိုအား အလျော့အတင်းနည်းမည်ဖြစ်သည်။)၊ အလေ့အကျင့်အရ သုံးစွဲသောကုန်စည်များ (စီးကရက်သောက်သုံးခြင်း၊ အရက်သောက်သုံးခြင်း)၊ ဝင်ငွေ၏ အစိတ်အပိုင်းအနည်းငယ်သာ သုံးစွဲရသည့် ကုန်စည်များ (ဘောပင်၊ ခဲတံ၊ အပ်၊ အပ်ချည် စသည့်ကုန်စည်များ)နှင့် ဈေးနှုန်းအဆင့် နည်းသောကုန်စည်များ ပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်သူပြည်သားများ၏ အခြေခံလိုအပ်သော၊ မရှိမဖြစ်သုံးစွဲရန်လိုအပ်သော အောက်ပါကုန်စည်များအပေါ် အခွန်ကောက်ခံမှုမရှိပါ -

| စဉ် | ကုန်စည်အုပ်စု | ကုန်စည်အမျိုးအမည် |
|---|---|---|
| ၁။ | ပေါင်မုန့်နှင့် ကောက်ပဲသီးနှံများ | ဆန်နှင့် ဆန်ထွက်ပစ္စည်းများ၊ ဂျုံနှင့် ဂျုံထွက်ပစ္စည်းများ၊ ပြောင်းအမျိုးမျိုးနှင့် အခြားနှံစားသီးနှံ စသည်များ |
| ၂။ | ဆီနှင့် ဆီထွက်သီးနှံများ | မြေပဲ၊ နှမ်း၊ မုန်ညင်း၊ နေကြာ၊ ဝါ၊ ဆီအုန်း တို့နှင့် တွဲဖက်ထုတ်ကုန်စသည်များ |
| ၃။ | အသား၊ ငါးနှင့် ဥ | သက်ရှိတိရစ္ဆာန်၊ ငါး၊ ပုစွန်များ၊ ကြက်ဥ၊ ဘဲဥ စသည့် ဥအမျိုးမျိုး |
| ၄။ | ဟင်းသီးဟင်းရွက်များ | ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်အမျိုးမျိုး၊ အာလူး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း စသည်များ |
| ၅။ | သစ်သီး | သစ်သီးစိမ်းအမျိုးမျိုး |
| ၆။ | အစားအစာထုတ်ကုန်များ | ဟင်းခတ်အမွှေးအကြိုင်များ၊ ဆား၊ ငါးပိ၊ ငံပြာရည်၊ မန်ကျည်းသီး၊ ငရုတ်သီး၊ နနွင်းမှုန့် စသည်များ |
| ၇။ | စိုက်ပျိုးရေးသုံးကုန်စည်များ | ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ လယ်ယာနှင့် မွေးမြူရေးသုံး ကိရိယာများ၊ စက်နှင့် စက်အပိုပစ္စည်းများ |
| ၈။ | နေအိမ်အတွက် အသုံးပြုပစ္စည်းများ | ဝါး၊ သက်ငယ်၊ အပေ့၊ ဓနိ၊ တောင်ထန်း စသည်များ |
| ၉။ | လောင်စာ/ဆီ | ထင်း၊ စွမ်းအင်ဝန်ကြီးဌာနမှ နိုင်ငံခြားသံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံခြားသံတမန်များသို့ ရောင်းချပေးသည့် စက်သုံးဆီ |
| ၁၀။ | စာအုပ်များနှင့် စာရေးကိရိယာများ | ကျောက်သင်ပုန်း၊ ကျောက်တံ၊ မြေဖြူ၊ ပေတံ၊ ခဲဖျက်၊ ခဲတံ၊ ချွန်စက်၊ ကျောင်းသုံးစာအုပ် အမျိုးမျိုး |
| ၁၁။ | ကျန်းမာရေးသုံးပစ္စည်းများ | ပရဆေးပင်၊ ဓာတ်မှန်ရိုက်ပစ္စည်းကိရိယာများ၊ ဆေးဂွမ်း၊ ဆေးပတ်တီး၊ ဆေးရုံသုံး အထွေထွေပစ္စည်းများ |

**၂၀၁၅ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇)တွင် အသေးစိတ်လေ့လာနိုင်ပါသည်။**

ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းအတွက် ဘဏ္ဍာနှစ် တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်း ကျပ်သိန်း ၂၀၀ ထက် မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမရှိပါ။

အိမ်ငှားရမ်းခြင်း၊ ယာဉ်ရပ်နားရန်နေရာငှားရမ်းခြင်း၊ အသက်အာမခံလုပ်ငန်း၊ အသေးစားငွေချေးခြင်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပညာရေးဝန်ဆောင်မှု၊ ကုန်စည်သယ်ယူပို့ဆောင်ရေး၊ အလုပ်အကိုင်ရှာဖွေရေး၊ ဘဏ်လုပ်ငန်း၊ အကောက်ခွန်၊ ဆိပ်ကမ်းရှင်းလင်းရေးလုပ်ငန်း၊ ဧည့်ခံကျွေးမွေးရေးအတွက် ပစ္စည်းငှားရမ်းခြင်း၊ ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်း၊ နာရေးဝန်ဆောင်မှု၊ ကလေးသူငယ်ပြုစုပျိုးထောင်ရေး၊ နေအိမ်ရွှေ့ပြောင်းခြင်းဆိုင်ရာ ဝန်ဆောင်မှု၊ လမ်းအသုံးပြုခ ကောက်ခံမှုလုပ်ငန်း၊ ပြည်ပလေကြောင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်း၊ ယဉ်ကျေးမှုအနုပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ အများပြည်သူခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ အများသုံးသန့်စင်ခန်းအသုံးပြုလုပ်ငန်း၊ မြန်မာ့ရိုးရာအကြောပြင်လုပ်ငန်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ စသည့် ဝန်ဆောင်မှုအမျိုးအစားများပေါ်တွင်လည်း အခွန်ကင်းလွတ်ခွင့်ပြုထားပါသည်။

ထို့ပြင် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေအရ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများအတွက် ကုန်သွယ်လုပ်ငန်းခွန်ကျသင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ခြင်းအတွက် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ဝန်ဆောင်မှုရငွေ စုစုပေါင်းကျပ်သိန်း ၂၀၀ ထက်မပိုလျှင် ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံခြင်းမရှိပါ။

ဝန်ဆောင်မှုဆိုင်ရာ အခွန်ကောက်ခံမှု၊ အခွန်ပေးဆောင်မှုနှင့် ပတ်သက်၍စားသောက်ဆိုင်၏ ငွေလက်ငင်းဖြတ်ပိုင်းတွင် တံဆိပ်ခေါင်းကပ်ခြင်းနှင့် လေ့လာကြပါစို့။ စားသောက်ဆိုင်ပိုင်ရှင်များက နိုင်ငံတော်သို့ အခွန်ကြိုတင်ပေးဆောင်ထားရပြီး ယင်းကြိုတင်ခွန်နှင့်ညီမျှသော တံဆိပ်ခေါင်းကို Label Stamp အဖြစ်အသုံးပြုရန် ပြည်တွင်းအခွန်များဦးစီးဌာနက ထုတ်ပေးထားပါသည်။ စားသုံးသူများ လာရောက်စားသုံးချိန်တွင် ငွေလက်ငင်းဖြတ်ပိုင်းတွင် တံဆိပ်ခေါင်းကပ်ပေးခြင်းဖြင့် အခွန်များကို စားသုံးသူထံမှပြန်၍ကောက်ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့် စားသုံးသူများက မိမိပေးဆောင်ရသောအခွန်များနိုင်ငံတော်သို့ အမှန်တကယ်ရောက်ရှိစေနိုင်ရန် တံဆိပ်ခေါင်းပါသော ငွေလက်ငင်းဖြတ်ပိုင်းကို စားသောက်ပြီးတိုင်း ရယူရန်လိုအပ်ပါသည်။ သို့မဟုတ်ပါက မိမိပေးဆောင်လိုက်သောအခွန်သည် နိုင်ငံတော်သို့ မရောက်သည့်အပြင် စားသောက်ကုန်ကျစရိတ်များသည်လည်း စားသောက်ဆိုင်၏ ဝင်ငွေတွက်ချက်မှုတွင် စာရင်းမဝင်ပါသဖြင့် ဝင်ငွေခွန်ကောက်ခံရရှိမှုကိုလည်း လျော့နည်းစေပါသည်။

ထို့ကြောင့် အခွန်များကို ထုတ်လုပ်ရောင်းချသူ(သို့မဟုတ်)ဝယ်ယူစားသုံးသူက မည်မျှစီပေးဆောင်ရမည်ဆိုသည်မှာ ဈေးနှုန်းပြောင်းလဲမှုနှင့် ဝင်ငွေအခြေအနေအရ ၎င်းတို့၏တုံ့ပြန်မှုအခြေအနေပေါ်တွင် မူတည်လျက်ရှိပါကြောင်း တင်ပြလိုက်ပါသည်။

